www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# မိုးစဂိုဝင်

# ဖူးစာကွန်ရက်

www.burmeseclassic.com

www.burmeseclassic.com

(၁)

တကယ်တော့ ဒီကိစ္စဟာ မာတာမိခင်ဆီက မြစ်ဖျားခံလာတာပါ။ တဖြည်းဖြည်းနဲ့ပဲ ကျွန်တော့်အတွက် ပြဿနာအသွင်ဆောင်လာတော့တယ်။ နင့်ကို အိမ်မှာ ဒီအတိုင်းမထားနိုင်ဘူးလို့ ပြောလာတာလည်း မေမေပဲ။ ကျွန်တော့်ဘာသာ ကျွန်တော် ဒီအတိုင်း အိမ်မှာနေလာခဲ့တာ အသက် အစိတ်တောင် ရှိလုနီးပြီ။ သားအလိမ္မာတုံးကြီးတစ်ယောက် မဟုတ်ပေမယ့် သားဆိုးတော့လည်း မဟုတ်ပါဘူး။ ခုလည်း လူရှိသေ, ရှင်ရှိသေ ဘွဲ့ကလေး တစ်ခုရပြီးလို့ သူငယ်ချင်းနှစ်ယောက်နဲ့ ရှယ်ယာပေါင်းပြီး ကားရေဆေး ဆီထိုး ဆားဗစ်စင်တာလေးတစ်ခု ဖွင့်ထားပါတယ်။ ဝင်ငွေလေးလည်း လုံးဝမဆိုးပါဘူး။

ဒီလောက်သာယာနေတဲ့ ဘဝလေးကိုမှ မေမေက အဆိုတော်မှု တင်သွင်းလာတယ်။ သိတဲ့အတိုင်းပဲ။ မိန်းမယူတော့ ငါ မြေးချီချင်ပြီတဲ့။

www.burmeseclassic.com



သူ့မှာလည်း သားသမီးဆိုလို့ ကျွန်တော်တစ်ယောက်တည်းရှိတာမို့ နေ့စဉ်နဲ့အမျှ ဒီကိစ္စကိုပဲ တဖွဖွပြောနေတော့တာ။ ကြာလာတော့ ကျွန်တော့်မှာ စိတ်ညစ်လာရတော့တယ်။ မိန်းမယူဖို့ဆိုတာလည်း ချစ်သူရည်းစားကလေးက ရှိဦးမှ။ ခက်တာက ကျွန်တော့်မှာလည်း ရည်းစားဆိုလို့ မူးရင်ဟောင်ရှူစရာ ရှိတာမဟုတ်ဘူး။ အဲဒါကြောင့် အထက်ကဆိုခဲ့သလိုပဲ ကျွန်တော့်အတွက်ကတော့ ပြဿနာအကြီးစားမှ ဟဲဗီးအကြီးစားပါပဲ။

ဒီနေ့လည်း အလုပ်သွားမယ်ဆိုပြီး အောက်ထပ်ကိုဆင်းလာခဲ့တယ်။ ထုံးစံအတိုင်း မေမေက ထမင်းစားခန်းထဲက လှမ်းအော်တယ်။

"သား ကိုသူ . . . မနက်စာ တစ်ခါတည်း စားသွားလိုက်ဦး"

"ဟုတ်"

ခေါင်းကို ကေမပျက်အောင် ခပ်ဖွဖွကုတ်ပြီး ကျွန်တော် ဝင်သွားလိုက်တယ်။ ထမင်းစားပွဲရောက်တော့ မေမေကပဲ ကော်ဖီနဲ့မုန့် ပြင်ပေးတယ်။ ဖေဖေကတော့ မျက်လုံးတစ်ချက်ဝင့်ကြည့်ပြီး ဖတ်လက်စဂျာနယ်ကို ဆက်ဖတ်နေတယ်။ သားအဖအချင်းချင်း ဂွတ်မောနင်းတောင် မလုပ်ဘူး။

ကော်ဖီလေးသောက်ရင်း ဒီနေ့တော့ အေးအေးဆေးဆေးပါလား ဆိုတဲ့ ကျွန်တော့်အတွေးလေးက မဆုံးလိုက်ပါဘူး။ မေမေက သူ့ရဲ့မူပိုင်အပြုံးလေးနဲ့ . . .

"အင်း . . . မေမေ့သားလည်း ဘာလိုလိုနဲ့ အသက်အစိတ်တောင် ပြည့်တော့မယ်နော်"

စီဒီအဟောင်းကို စက်ထဲထည့်လိုက်ပြန်ပြီဆိုတာ ကျွန်တော် သဘောပေါက်လိုက်ပါတယ်။ သူမွေးထားတဲ့သားတော်မောင်ရဲ့အသက်ကိုပဲ မသိသလိုလိုနဲ့။ ဒီအပြုံးနဲ့ ဒီအပြောလောက်ကတော့ ဖေဖေ့ကိုပဲရမယ်။ ကျွန်တော်ကတော့ နဝေတိမ်တောင်ဟန်လေး ဖမ်းလုပ်လိုက်ရင်း . . .





"ဟင် . . . မေမေက ဒီနှစ် သားမွေးနေ့ကို ဆီဒိုးနားမှာ အကြီးအကျယ် လုပ်ပေးမလို့လား"

မေမေ ကော်ဖီသီးမတတ် ဖြစ်သွားလေရဲ့။ ကျွန်တော့်ကိုလည်း မျက်နှာခြောက်ခေါက်ချိုးလောက်နဲ့ ကြည့်တယ်။ လေသံကိုလည်း အဲဒီမျက်နှာအချိုးအတိုင်း သုံးနှုန်းလာတယ်။

"ဘာမွေးနေ့ပွဲလဲ၊ ရူးသလို ပေါသလို ပြန်ပြောမနေနဲ့ ကိုသူ၊ မေမေ ရှင်းရှင်းပဲပြောမယ် . . . အရင်စကားပဲ၊ အသက်လည်း မငယ်တော့ဘူး၊ မိန်းမယူတော့"

"လာပြန်ပြီ မေမေရာ၊ သားက ယောကျ်ားလေးပါ၊ ဘယ်အချိန်ယူယူပါ၊ သမီးမွေးထားမှ သမီးကညာ အခါမလင့်စေနဲ့လို့ပဲ စကားရှိတာ"

ကျွန်တော် စိတ်ရှုပ်ဟန်နဲ့ ပြန်ပြောလိုက်တယ်။ မေမေက အလျှော့ပေးချင်ဟန်မရှိဘဲ –

"အို . . . ဘာပဲဖြစ်ဖြစ် သားသူငယ်ချင်း ဝေဖြိုးတောင် ဒီနှစ်ထဲ ယူတော့မယ်ဆို"

"အာ . . . သူတို့က မယူလို့မှ မဖြစ်တော့ဘဲ"

"ဟေ . . . ဘာ . . . ဘာဖြစ်လို့လဲ"

ရင်ဘတ်လေးဖိ မျက်လုံးပြူးရင်း မေမေက မေးလာတယ်။ ဖေဖေကလည်း ဂျာနယ်ဖတ်နေရင်းက ဆတ်ခနဲ ထပ်ကြည့်တယ်၊ သူတို့ထင်သလို မဟုတ်ကြောင်း ကျွန်တော့်မှာ ရှင်းပြရပြန်တယ်။ လူကြီးသူမတွေများ တစ်ခါဘာလေ သိပ်အထင်ရဲတာကိုး။

"သြော် . . . မယူလို့မဖြစ်ဆိုတာက သူတို့တွဲလာတာလည်း ခြောက်နှစ်ကျော်ပြီလေ၊ နှစ်ဖက်မိဘတွေလည်း သိနေကြပြီကိုး၊ သားမှာက သူ့လို ရည်းစားမှ မရှိဘဲ"

www.burmeseclassic.com



"ဒါဆိုလည်း ရှာပေါ့"

"ရှာမယ်လေ၊ မေမေလည်း သူတို့မိဘတွေလိုပဲ ခြောက်နှစ်စောင့်ပေး"

"သူရိန်"

မေမေ အော်တော့တယ်။ မျက်နှာလည်း ရှစ်ခေါက်ချိုးအတိအကျဖြစ်သွားတယ်။ ကျွန်တော်ကတော့ မျက်နှာငယ်လေးလုပ်ပြီး ...

"အဟီး ... ဒါဆိုလည်း ငါးနှစ်နဲ့ လျှော့ပေးမယ်ဗျာ၊ ကဲ ... သွားပြီ မေမေရာ၊ နောက်ကျနေပြီ"

အမြန်ပြောရင်း ထလစ်လာခဲ့လိုက်တယ်။ ဒါတောင် မေမေ့အသံစူးစူးက ကပ်ပါလာသေးတယ်။ ငါ့အနေနဲ့ ခြောက်နှစ်မဟုတ်ဘူး။ ခြောက်မိနစ်လောက်ပဲ စောင့်ချင်တာတဲ့။

ခြံထဲဆင်းပြီး ကားပေါ်ရောက်တော့မှပဲ ကျွန်တော့်မှာ သက်ပြင်းကြီးကို လွတ်လွတ်လပ်လပ်ချရတော့တယ်။ ဒါပေမဲ့ ဒီတစ်ရက်စာပါပဲ။ တစ်ဆက်တည်း သတိရလို့ မနက်ဖြန်အတွက် လေပူကြီးကို ကြိုမှုတ်ထုတ်လိုက်မိသေးရဲ့။



(၂)

"နောက်ကျနေပုံထောက်ရင် ထုံးစံအတိုင်းပဲလား သူရိန်"

ဆိုင်ထဲဝင်ဝင်ချင်း ဝေဖြိုးက ပြောင်စပ်စပ်နဲ့ ဆီးမေးလိုက်တာပါ။ ယောကျ်ားဖြစ်နေလို့ ကျွန်တော် မျက်စောင်းတော့ မထိုးလိုက်မိဘူး။ 'ဘု' ရှိုးတော့ ရှိုးလိုက်တယ်။

"အေး ... အဲဒါပဲကွာ၊ ဟိုကောင် အောင်ကိုရော မလာသေးဘူးလား"

"ငါရောက်နေပါပြီကွ၊ ဟိုကောင်တွေ အလုပ်လုပ်တာ၊ သွားကြည့်နေတာ"

နောက်ဘက်က အသံနဲ့အတူ လျှောက်လာတဲ့ အောင်ကို့ကို တွေ့လိုက်ရတယ်။ ဒီဆိုင်က သုံးယောက်ရှယ်ယာဆိုပေမယ့် ဆိုင်ဖွင့်တာကိုတစ်ယောက်တစ်ရက်စီ တာဝန်ခွဲယူထားတာ။ ဒီနေ့က ဝေဖြိုးရဲ့အလှည့်၊

www.burmeseclassic.com

အလုပ်သမားတွေကိုတော့ သုံးယောက်စလုံး အဆင်ပြေသလို ကြီးကြပ်ရတာပေါ့။ ဆိုင်ဖွင့်တာလည်း တစ်နှစ်ကျော်ပြီဆိုတော့ အတော်လေး အသားကျနေပါပြီ။

ဆိုင်ဝင်းထဲမှာ ကာစတန်မာတွေထိုင်ဖို့ဆိုပြီး ကင်တင်းသဘောမျိုး ကော်ဖီဆိုင်လေးပါ တွဲဖွင့်ထားတယ်။ ကျွန်တော်တို့ သုံးယောက်လည်း တစ်ခါတလေ လူပါးရင် အဲဒီမှာပဲ ထိုင်ဖြစ်ကြတာ။ ကျောင်းတုန်းက ကင်တင်းထိုင်တတ်တဲ့အကျင့်က ခုထိစွဲနေတုန်းလေ။

ခုလည်း သုံးယောက်သား ထိုင်မိတော့ ဝေဖြိုးက အရင်စလာတယ်။

''သူရိန် ... ငါ အတည်ပြောတာနော်၊ မင်းလည်း ရှာသင့်ပြီကွ၊ ဒီကောင် အောင်ကိုတောင် အဆင်ပြေတော့မှာ''

''အေးပါ ... သိပါတယ်၊ အောင်ကို ... မင်းလည်း နားငြီးဦးမှာပဲ၊ ဆရာလုပ်တာလည်း ခံရဦးမှာပဲ''

ကျွန်တော့်စကားကြောင့် အောင်ကို့မျက်နှာကြီး မဲ့ပုပ်ပုပ် ဖြစ်သွားလေရဲ့။ ဟုတ်တယ်လေ။ ခု ဒီကောင်နဲ့ ငြိမလို့ဖြစ်နေတာ စုသဲဖြူဆိုတဲ့ကောင်မလေးပါ။ ကျောင်းတုန်းကပဲ သူငယ်ချင်း။ ခုတော့ စာရေးဆရာမတောင် ဖြစ်နေပြီ။ အဲဒါကို တက်ကျယ်ပြီး ဒင်းက ဗီဒီယိုဇာတ်ညွှန်းတောင် ရေးနေပြီတဲ့။ အဲဒါကြောင့် အောင်ကို့ကို စလိုက်တာပါ။

အောင်ကိုက ချက်ချင်းပဲ တုံ့ပြန်လာတယ်။

''ဘယ်လောက်ပဲ နားငြီးငြီး၊ ဘယ်လောက်ပဲ ဆရာလုပ်လုပ်ကွာ ယူပြီးရင် သူလုပ်လို့မရတဲ့အချိန်တွေ အများကြီး''

''ဘယ်အချိန်လဲကွ''

''အိပ်ချိန်လေ''





''ဟာ ... မိုက်ရိုင်းလိုက်တာ အောင်ကိုရာ၊ သူများသားသမီးကို ကြိုက်တောင်မကြိုက်သေးဘူး''

အဲဒီတော့မှ အောင်ကိုက ပျာပျာသလဲဟန်နဲ့ -

''ဟေ့ကောင် ဟေ့ကောင် ... အိပ်ချိန်ဆိုတာ သူ တကယ် အိပ်ပျော်နေတဲ့အချိန်ကို ပြောတာကွ''

''အေးလေ ... ငါကရော ဘယ်အချိန်ကိုပြောလို့လဲ''

ကျွန်တော့်စကားအဆုံးမှာ သုံးယောက်သား ရယ်မိကြတယ်။ ဒါတောင် အောင်ကိုက ကျွန်တော့်ကို သူ့ကျ အဖြစ်မရှိဘဲနဲ့ဆိုပြီး မှစ်စိ ပြောလာသေးရဲ့။

ဒီစကားလောက်တော့ မနာပါဘူး။ ခပ်အေးအေးပဲ ပြန်ပြောလိုက်တယ်။

''တော်ပါပြီကွာ၊ မိန်းမဆိုတာ မိန်းမောနေတဲ့အရာကို 'မ' ထားရတာကွ၊ မင်းတို့ပဲ 'မ' ကြ''

''ဟဲ့ ... ဘာတွေများ 'မ' နေကြတုံး''

အသံနဲ့အတူ စုသဲဖြူကို တွေ့လိုက်ရတယ်။ ဒင်းတော့ အသက်ရှည်ဦးမှာပဲ။ သူများကိုပြောပြီး သူကပဲ ခုံတစ်ခုံ 'မ' ယူပြီး ဝင်ထိုင်တယ်။

ကျွန်တော်က ရယ်ကျဲကျဲနဲ့ကြည့်ရင်း ...

''ဒီမှာလေ အောင်ကိုက ဝေဖြိုးကို အားကျပြီး နင့်ကို 'မ' တော့မလို့တဲ့''

''ဟဲ့ ကောင်စုတ် ... ဘာတွေပြောနေတာလဲ''

မျက်နှာနီစွေးစွေးနဲ့ စုသဲဖြူက လှမ်းရိုက်ရင်း ပြောလိုက်တယ်။ အောင်ကိုကတော့ ချော်လဲရောထိုင်သဘောနဲ့ ဟီးခနဲ နွားပြာကြီးလို အောက်သွားဖြဲပြလိုက်တယ်။ စုသဲဖြူကတော့ ဘာမှပြန်မဖြဲပြဘဲ အောင်ကို့ကို



www.burmeseclassic.com

www.burmeseclassic.com

မျက်စောင်းလှမ်းထိုးလိုက်ရဲ့။

"စုသဲ . . . ဘယ်က လှည့်လာတာလဲ"

အောင်ကိုရဲ့ ညောင်နာနာအသံပါ။ ဟိုကလည်း 'နင့်ဆီကိုပဲ လာတာ' . . . လို့ ပြောမယ့်မိန်းမ မဟုတ်မှန်းလည်း သိနေတာကိုး။

ထင်တဲ့အတိုင်းပဲ စုသဲဖြူက . . .

"ဇာတ်ညွှန်းတစ်ပုဒ်အတွက် လိုကေးရှင်းကြည့်ဖို့ ထွက်လာတာ၊ ရိုက်တော့မှာမို့လို့လေ"

"အဟီး . . . ငါ အဖော်လိုက်ပေးရမလား"

အောင်ကိုက မျက်နှာငယ်လေးနဲ့ တစ်ဆင့်တက်ကြည့်တယ်။ စုသဲဖြူရဲ့အပြောကြောင့် ငယ်နေတဲ့မျက်နှာဟာ လက်သည်းခွံလောက် ဖြစ်သွားရတယ်။

"နေပါဟာ . . . ရှုပ်ရှုပ်ယှက်ယှက်၊ နင့်မှာလည်း အလုပ်အားတာမှ မဟုတ်တာ၊ ငါ့မှာ သူငယ်ချင်းတစ်ယောက်အဖော်ပါတယ်"

"ယောက်ျားလား၊ မိန်းမလားဟင်"

အောင်ကို အမှတ်မရှိ ထပ်မေးပြန်ပြီ။ စုသဲဖြူကလည်း မရိုးနိုင်အောင် မျက်စောင်းထိုးရင်း . . .

"အောင်ကိုနော် . . . မိန်းကလေးပေါ့ဟဲ့၊ ကားပေါ်မှာ ထိုင်နေတယ်"

သုံးယောက်စလုံး စုသဲဖြူကားဆီကို လှမ်းကြည့်မိကြတယ်။ ဟုတ်ပါတယ်။ ကောင်မလေးတစ်ယောက်ပါ။ ဘေးတိုက်ထိုင်နေပေမယ့် တစ်ဖက်အခြမ်းကို ငေးနေလို့ ဆံပင်လေးတွေပဲ မြင်ရတယ်။ နှို့မို့ဆိုရင် မျက်နှာတစ်ခြမ်းလောက် မြင်ရမလားပဲ။

"ဟဲ့ . . . လုပ်စမ်းပါဦး၊ နင်တို့က ဘာတွေလေပေါ်နေကြတာလဲ"





စုသဲဖြူစကားအဆုံးမှာ ဝေဖြိုးက ကျွန်တော့်ကို မေးငေါ့ပြရင်း–

"ဒီကောင်လေ သူရိန်ပေါ့ . . . ဒီအရွယ်အထိ အမြီးမပေါက်သေးလို့ဟေ့၊ သူ့အိမ်က မိန်းမယူခိုင်းနေပြီလေ၊ အဲဒါကို ဒီကောင် စိတ်ညစ်နေတာ"

"သူရိန် . . . ဟုတ်လား"

ကျွန်တော့်ဘက်လှည့်ပြီး မေးလာလို့ . . .

"ဟုတ်တော့ ဟုတ်ပါတယ်၊ ငါ့မှာလည်း ယူစရာမိန်းမမှ မရှိဘဲ၊ နည်းနည်းတော့ ညစ်တာပေါ့"

'ဒါဆိုလည်း ငါ့ကိုယူလေဆိုပြီး' . . . စုသဲဖြူက ပြောမလာပါဘူး။ ပြောလာရင်လည်း ကျွန်တော်က ပြတ်ပြတ်သားသား ငြင်းရမှာပဲ။ ကျွန်တော့်တစ်ဘဝလုံးစာကို ဇာတ်ညွှန်းရေးပစ်မယ့် အဲဒီဟာမျိုးတော့ ကျွန်တော်ကြောက်တယ်။

ခုတော့ စုသဲဖြူက အဲဒီလို အရှက်မရှိ ပြောမလာဘူးပဲ။

"အေး . . . နင်လည်း ဒီအရွယ်အထိ ရည်းစားမရှိဘူးဆိုတော့ နင့်မှာ မိန်းမရဖို့ ဖူးစာမပါလာဘူးထင်တယ် နော့"

ဖူးစာဆိုတဲ့စကားကြောင့် ကျွန်တော့်ရင်ထဲမှာ နွေးနွေးကလေး လှုပ်ခတ်သွားရတယ်။ ဟုတ်တယ်၊ ဒီဖူးစာဆိုတဲ့စကားဟာ ကျွန်တော်နဲ့ ဒီဘဝ မပတ်သက်ရတော့ဘူးလား။

အဲဒီလိုလည်း အဖြစ်မခံချင်ပြန်ဘူး။ မရှက်တမ်း ဝန်ခံရရင်လည်း လူပျိုကြီးမလုပ်ချင်တာ အမှန်ပဲ။

ကျွန်တော် တွေတွေငေးငေးလေးဖြစ်သွားတာကိုကြည့်ပြီး စုသဲဖြူက . . .

"အလကား စ,တာပါဟယ်၊ နင့်ရုပ်ရည်အနေအထားနဲ့ မိန်းတော်



www.burmeseclassic.com

www.burmeseclassic.com

ယောက်တော့ ကောင်းကောင်းရနိုင်ပါတယ်၊ ဘာလဲ ... ငါ ရှာပေးရမလား''

''ဟဲ ဟဲ ... အဲဒါတော့ ငါလည်း သိပါတယ်ဟ၊ ငါက ဖူးစာ ဆိုတဲ့စကားကို စဉ်းစားလိုက်မိလို့ပါ''

''ဖူးစာ''

စုသဲဖြူ မတိုးမကျယ် ရေရွတ်လိုက်တာပါ။ ပြီး ... မျက်ခုံးလေး နှစ်ဖက်စုပြီး စဉ်းစားနေသေးတယ်။ ပြီးမှ ဆတ်ခနဲ ...

''ခုမှ သတိရတယ်၊ သန်လျင်မှာ ဗေဒင်ဟောခန်းလေးတစ်ခု ရှိတယ်ဟ၊ ချစ်နေကြတဲ့သူတွေ ဖူးစာဆုံမလား၊ ရည်ရွယ်ထားတဲ့လူနဲ့ရော ချစ်သူဖြစ်မလား၊ ပြီး ... ခု သူရိန်ဖြစ်နေသလိုမျိုး ဒီဘဝမှာရော ကိုယ့်ဖူးစာဘက် ရှိဦးမလား၊ အဲဒါမျိုးတွေ သိပ်မှန်တာတဲ့၊ ငါ လိပ်စာပေးလိုက်မယ်လေ''

ဒီစကားက ကျွန်တော်တို့သုံးယောက်စလုံးကို အကျုံးဝင်သွားစေပါတယ်။

စိတ်လည်း ဝင်စားသွားကြတယ်။ ဝေဖြိုးက မိန်းမယူတော့မယ့်ကောင်ဆိုတော့ ချက်ချင်းပဲ ...

''အေး ... သွားမယ်ဟာ၊ လိပ်စာပေးခဲ့''

''အဟီး ... ငါလည်းလိုက်မယ်''

အောင်ကို့အပြောကြောင့် စုသဲဖြူက မျက်ထောင့်မနီတနီလေးနဲ့ ကြည့်တယ်။ သူ့အကြံက သူ ပြန်ခံရမယ့်အကြံ ဖြစ်လာနိုင်တာကိုး။

ဝေဖြိုးက ကျွန်တော့်ဘက် ကြည့်လာပြီး ...

''သူရိန် ... ငါတို့ သွားရအောင်လေ၊ မင်းလည်း လိုက်ခဲ့ပါလား''

ကျွန်တော်က ဝေဖြိုးအမေးကို မဖြေသေးဘဲ စုသဲဖြူကို ကြည့်လိုက်ရင်း –





''ဗေဒင်ဆရာနာမည်က ဘာတဲ့လဲ''

''နာမည်တော့ မသိဘူးဟ၊ သူက ဟောခန်းကိုပဲ အထူးပြုပြီး နာမည်တပ်ထားတာ''

''အဲဒီနာမည်က''

''ဖူးစာကွန်ရက် ... တဲ့''


www.burmeseclassic.com

www.burmeseclassic.com

## (၃)

ဒီလိုနဲ့ စုသဲဖြူ လမ်းညွှန် မ,စလိုက်တဲ့ 'ဖူးစာကွန်ရက်' ဆို
ဗေဒင်ဟောခန်းကို ကျွန်တော်တို့ သွားရတော့တယ်။ အထက်က ဆိုခဲ့
အတိုင်း ဗေဒင်ဟောခန်းက သန်လျင်မှာပါ။ ကျွန်တော်တို့သုံးယောက်လည်း
မနက်စောစောချိန်းပြီး ကားနဲ့ထွက်လာခဲ့ကြတယ်။

လမ်းမှာ ကျွန်တော်က ...

"ဟော့ကောင်တွေ ... ခုလည်း လာသာလာခဲ့ရတယ်နော်၊
ကြာ စုသဲဖြူ ကျပ်လိုက်တာဆို သေပြီ"

စကားအဆုံးမှာ ကားမောင်းနေတဲ့ အောင်ကိုက ဆတ်ခနဲ
တင်းလှည့်ကြည့်ပြီး –

"မင်းကလည်းကွာ ... ဒီကိစ္စမျိုးတော့ မကျပ်လောက်ပါဘူး

"ပြောလို့မရဘူးလေ၊ မင်းရဲ့စုသဲဖြူက စာရေးဆရာမကွ၊ ခု





ဒါတို့အတွက်မဟုတ်တဲ့ မင်းကြောင့် ဇာတ်လမ်းဆင်လိုက်တာမျိုးဖြစ်မှာစိုး
လို့ပြောတာ"

"ဘာ ... ဘယ်လို ဘယ်လို"

ဝေဖြိုးစကားအဆုံးမှာ အောင်ကိုက နောက်ကြည့်မှန်ထဲ ဗလုံး
ထွေး ပြန်မေးလာတယ်။ ဝေဖြိုးက ...

"မင်းပဲ စဉ်းစားကြည့်လေ၊ သူပြောတဲ့ဗေဒင်ဆရာက ချစ်သူတွေ
ဖူးစာဆုံနိုင်မလား, ပြီးတော့ ရည်ရွယ်ထားတဲ့သူနဲ့ရော ချစ်သူဖြစ်မလား,
မျိုးတွေ ဟောတာဆို၊ ခုပဲရောက်ရင် မင်းက မေးတော့မယ်၊ မင်းရည်
ရွယ်ထားတဲ့ စုသဲဖြူနဲ့ ချစ်သူဖြစ်မလားပေါ့၊ ဟိုက ဗေဒင်ဆရာက ဟောမယ်၊
မင်းနဲ့စုသဲဖြူ လုံးဝချစ်သူတွေ မဖြစ်နိုင်ဘူး။ ဖြစ်ရင်လည်း ကွဲမယ်၊ သေ
မယ်ပေါ့ကွာ၊ ဆိုလိုချင်တာကတော့ စုသဲဖြူက မင်းကို မကြိုက်ချင်လို့
ဒီဗေဒင်ဆရာနဲ့ အရင်ညှိတာ၊ ပြီးမှ မင်းကို သွားမေးခိုင်းတာမျိုးပေါ့"

"ဟော့ကောင်"

အလန့်တကြားအော်ရင်းနဲ့ အောင်ကိုက ကားကိုတောင် ဘရိတ်
အောင့်ဖမ်းပြီး ရပ်လိုက်တယ်။ ဝေဖြိုးကိုလည်း ရှူးရှူးရှားရှားကြည့်ပြီး ...

"ဝေဖြိုး ... မင်း အဲဒီလိုတော့ မပြောနဲ့ကွာ၊ စုသဲက ငါ့ကို
အဖြေမပေးသေးတာဘဲရှိတယ်၊ မင်းပြောသလိုတော့ လုံးဝမလုပ်လောက်
ဘူး"

"ကဲ ... တော်ကြပါတော့ကွာ၊ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ ခုပဲ
ရောက်နေပြီပဲ၊ ပြီးတော့ စုသဲဖြူ ဇာတ်လမ်းလုပ်တယ်ပဲထားဦး၊ မင်းတို့ကရော
ဒီဗေဒင်ဆိုတာကြီးကို အကြွင်းမဲ့ ယုံလို့လား"

မနေသာလို့ ဝင်ပြောရင်း ကျွန်တော် မေးလိုက်တယ်။ အဲဒီတော့မှ
အောင်ကိုက ကားကို ပြန်မောင်းထွက်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"[illegible] ယုံတယ်လို့တော့ မဟုတ်ဘူးလေကွာ၊ ဗေဒင်ပညာ [illegible] ဘုရားပွင့်ခင်ကတည်းက ရှိခဲ့တာပဲ၊ ပြီးတော့ ဗေဒင်ဆိုတာကို [illegible] ယုံလားဆိုရင်တော့ မင်းပြောသလို အကြွင်းမဲ့တော့ မဟုတ်ဘူး"

ဒါပဲလေ၊ ခု ငါတို့ သွားမေးမယ့်ကိစ္စကိုလည်း ဒီလိုပဲ ပေါ့ပေါ့ ပါးပါး သဘောထားလိုက်တာပေါ့၊ မဟုတ်ဘူးလား"

"အေးပါကွာ . . . ငါကလည်း စုသဲဖြူက စာရေးဆရာမဆိုတော့ အောင်ကို့ကို စ,လိုက်တာပါ"

ဝေဖြိုးစကားအဆုံးမှာ အောင်ကိုက မင်းကွာလို့ မကျေမချမ်း ရေရွတ်ရင်း မျက်ထောင့်နီနီနဲ့ တစ်ချက်လှမ်းကြည့်လိုက်သေးတယ်။

ဒီလိုနဲ့ တောပြောတောင်ပြောတွေ ပြောလာရင်း ကျွန်တော်တို့ ကားလေးဟာ သန်လျင်တံတားကိုတောင် ဖြတ်နေပါပြီ။ စိမ်းဖန့်နေတဲ့ မြစ်ရေပြင်ကိုငေးရင်း မြို့ပြနဲ့ဆန့်ကျင်တဲ့ လေကောင်းလေသန့်တွေကို ရှူ ရှိုက်မိကြတယ်။ သိတဲ့အတိုင်းပဲ။ သန်လျင်မြို့ထဲကို ဝင်တော့လည်း သဘာဝ ရနံ့ကို ပါးပါးသန့်သန့် ရှိုက်မိပြန်ရဲ့။

စုသဲဖြူညွှန်လိုက်တဲ့ လိပ်စာက သန်လျင်မြို့ထဲမှာတော့ မဟုတ် ဘူး။ ကျိုက်ခေါက်ဘုရား ကိုကျော်ပြီးမှ မြေနီလမ်းကလေးအတိုင်း မောင်းဝင် ရတာပါ။ ငါးမိနစ်နီးပါးလောက် မောင်းသွားလိုက်တဲ့အချိန်မှာတော့ အိမ် တစ်အိမ်ရှေ့မှာ 'ဖူးစာကွန်ရက်' ဆိုတဲ့ဆိုင်းဘုတ်ကို တွေ့လိုက်ရတယ်။

အောင်ကိုက ကားကိုရပ်လိုက်ရင်း . . .

"ဟော့ကောင်တွေ ရောက်ပြီကွ . . . ဒီနေရာပဲ"

ကားပေါ်က မဆင်းခင် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သေး တယ်။ လမ်းကတော့ အိမ်ခြေကျဲပါးတဲ့ လမ်းကလေးပါ။ ထူးထူးခြားခြားဆို





လို့ ကျွန်တော်တို့လာတဲ့ ဗေဒင်ဟောခန်းခြံဝင်းထဲမှာ ဆလွန်းကားအဖြူလေး တစ်စီး ရပ်ထားတယ်။ အင်းလေ . . . ဒီခေတ်မှာက ဗေဒင်ဆရာဆိုလည်း အောင်မြင်ရင် ကားစီးနိုင်ကြတာပဲ။

သုံးယောက်သား ဝင်သွားလိုက်တော့ အိမ်အဝမှာပဲ ကောင်မလေး တစ်ယောက်ကို တွေ့လိုက်ရတယ်။ သူကပဲ ကျွန်တော်တို့ကိုကြည့်ပြီး . . .

"အစ်ကိုတို့က ဘာကိစ္စလဲ"

"ဘာကိစ္စရှိရမှာလဲ၊ ဒီကိုလာမှတော့ ဗေဒင်လာမေးတာပေါ့"

ခပ်သွက်သွက်ဖြေလိုက်တဲ့ အောင်ကို့စကားအဆုံးမှာတော့ ကောင် မလေးက ခိ,ဆိုပြီး ရယ်တယ်။ ယောက်ျားကြီးတွေ ဗေဒင်လာမေးတာဆို တော့ ရယ်ချင်သွားတာလား မသိဘူး။ အဲဒီအချိန်မှာပဲ ကောင်မလေးက သတိဝင်လာဟန်နဲ့ . . .

"ဪ . . . ဟုတ်ကဲ့ ဟုတ်ကဲ့ . . . အထဲကို ကြွပါရှင်"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီးမှ ကျွန်တော်တို့ တွေ နောက်က လိုက်ဝင်သွားလိုက်တယ်။ အထဲရောက်တော့မှ အံ့ဩရ တော့တာပဲ။ ကျွန်တော်တို့က ဗေဒင်ဟောခန်းဆိုလို့ ကန်တော့ပွဲတွေနဲ့ အမွှေးတိုင်အနံ့တွေလည်း ပလူပျံနေမယ်လို့ ထင်ထားတာ။ ခု ဒီဗေဒင် ဟောခန်းက သာမန်ဧည့်ခန်းတစ်ခုထက် နည်းနည်းပဲ ပိုပါတယ်။

အခန်းအလယ်မှာ စားပွဲရှည်တစ်လုံးချထားပြီး စားပွဲရဲ့တစ်ဖက်မှာ ဗေဒင်ဆရာထိုင်ဖို့လို့ ယူဆရတဲ့ ခုံတစ်လုံးနဲ့ တစ်ဖက်မှာတော့ ထိုင်ခုံလေး လုံး တန်းစီထားတယ်။ စားပွဲပေါ်မှာတော့ ဝါကြင်ကြင်စာအုပ်ကြီးတစ်အုပ် လည်း ချထားတယ်။ ဒါပါပဲ။

နည်းနည်းထူးခြားတာဆိုလို့ အခန်းနံရံတွေမှာ ရောမဒဏ္ဍာရီထဲက နတ်ရုပ်ပိုစတာတွေ ကပ်ထားတာပဲ။ အခန်းထောင့်မှာ ဗီရိုတစ်လုံးအပြင်



www.burmeseclassic.com

www.burmeseclassic.com

ကျန်တာ ဘာမှမရှိဘူး။ ရှင်းလင်းလွန်းပါတယ်။

ဝေဖြိုးက ကျွန်တော့်လိုပဲ အကဲခတ်ရင်း ဘယ်လိုလဲဆိုတဲ့သဘော နဲ့ မျက်ခုံးပင့်ပြတယ်။ ကျွန်တော်လည်း ပခုံးပဲ ပြန်တွန့်ပြလိုက်မိရဲ့။ အောင်ကို ကတော့ ဘာလဲဟာဆိုပြီး အသံတောင်ထွက်လာပါတယ်။ အမှန်တော့ ဘာမှ မလဲပါဘူး။ ဗေဒင်ဟောခန်းလို့ နာမည်တပ်ထားမှတော့ ဗေဒင်ဟောခန်းပဲ ပေါ့။ အဲဒီလိုနဲ့ အခန်းဝမှာ သုံးယောက်သား ရပ်ငေးပြီးကြည့်နေတုန်းမှာ ပဲ ...

"အရင်ဆုံး မေးမယ့်သူတစ်ယောက်ပဲ အခန်းထဲဝင်ပါ၊ ကျန်တဲ့ သူတွေကတော့ ဒီဘက်ဧည့်ခန်းထဲမှာ ထိုင်စောင့်ပါရှင်"

ခုနက ကောင်မလေးကပဲ လှမ်းပြောလိုက်တာပါ။ အဲဒီအချိန်မှာပဲ အောင်ကိုက ...

"ငါ အရင်မေးမယ်ကွာ၊ မင်းတို့ ခဏစောင့်ပေး"

ပြောပြောဆိုဆို အခန်းထဲကို လှစ်ခနဲဝင်သွားပါတယ်။ ဝေဖြိုးက မကျေနပ်သလို 'ဘု' ကြည့်လိုက်တယ်။ ကျွန်တော်က ဒီကိစ္စကို သူတို့လို ငမ်းငမ်းတက်မဟုတ်လို့ ပြောမနေတော့ပါဘူး။ ဝေဖြိုးကို ပခုံး အသာတို့ပြီး ဧည့်ခန်းထဲက ခုံမှာပဲ သက်သောင့်သက်သာ သွားထိုင်နေ လိုက်တယ်။

သိပ်မကြာကြီးတော့ မဟုတ်ပါဘူး။ ငါးမိနစ်လောက်အကြာမှာပဲ အောင်ကို ပြန်ထွက်လာပါတယ်။ မျက်နှာကြီးကလည်း ပြုံးဖြီးဖြီးနဲ့။

ကျွန်တော် မျက်မှောင်ကြုတ်လိုက်မိပြီး ...

"ဟေ့ကောင် ... ဘယ်လိုဖြစ်လို့ ပြန်ထွက်လာတာလဲ၊ ဗေဒင် ဆရာ မလာသေးဘူးလား"

"ဟာ ... အထဲမှာရှိပါတယ်၊ ငါ မေးပြီးလို့ ပြန်ထွက်လာတာပေါ့ ကွ"





ကျွန်တော့်လိုပဲ ဝေဖြိုးက အူတူတူပုံစံနဲ့ ...

"အေးလေ ... ခုနက အခန်းထဲမှာမရှိပါဘူး။ ဘာလဲ ... ဗီရိုထဲက ထွက်လာတာလား"

အောင်ကိုက ခေါင်းကို တဖျင်းဖျင်းကုတ်ရင်း ...

"ဟာကွာ ... ဗေဒင်ဆရာမက ဗီရိုထဲကတော့ ထွက်လာမလား။ အဲဒီအခန်းထဲမှာ တံခါးပေါက်တစ်ပေါက်ရှိသေးတယ်ကွ၊ အဲဒီကနေ ဝင်လာ တာပေါ့၊ ကဲ ... ခု ဘယ်သူသွားမှာလဲ၊ သွားမေးလေ"

ချက်ချင်းဆိုသလို ဝေဖြိုးက ဆတ်ခနဲထ,ရပ်လိုက်တယ်၊ ကျွန်တော့် ကိုလည်း ...

"သူရိန် ... ငါ အရင်သွားလိုက်မယ်နော်"

လေကုန်မှာစိုးလို့ ပြောမနေတော့ပါဘူး၊ မေးပဲ ဆတ်ပြလိုက်တယ်။

ဝေဖြိုး ဝင်သွားတဲ့အချိန်မှာတော့ အောင်ကိုက သူနဲ့ရသဲဖြူ သေချာ ပေါက် ချစ်သူဖြစ်မယ်လို့ ဗေဒင်ဆရာမက ဟောလိုက်ကြောင်း တဖွဲ့တနွဲ့ ပြောတော့တယ်။

ကျွန်တော်လည်း စိတ်ပါချင်ယောင်ဆောင်ပြီး တအင်းအင်းနဲ့ ပုတ် သင်ညိုလို ခေါင်းပဲ ညိတ်နေလိုက်တယ်။ တကယ်တော့ အဲဒီအဖြေက အသိသာကြီးပါ။ ဗေဒင်တောင် မေးစရာမလိုဘူး။ သူတို့နှစ်ယောက်သာ အချင်းချင်း မကြိုက်ကြရင် ဘယ်သူမှ သူတို့ကို ကြိုက်မှာမဟုတ်ဘူး။ အပျိုကြီး၊ လူပျိုကြီးဘဝနဲ့ ငှက်ပျောတုံးဖက်ရမှာ သေချာတယ်။

"ဟေ့ကောင် သူရိန် ... ငါပြောနေတာ ကြားရဲ့လား၊ ဘာတွေ စဉ်းစားနေတာလဲ"

"ငှက်ပျောတုံး ... ပါ"

"ဘာကွ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မေးလာလို့ ကျွန်တော်လည်း ပါးစပ်က ကြောင်ပြီး ထွက်သွားတာပါ။ ပြီးမှ ပြုံးပြုံးပြံပြံ ကြည့်လာတဲ့ ဒင်းကို ဟီးခနဲရယ်ပြလိုက်ရင်း . . .

“ဘာရယ်မဟုတ်ပါဘူးကွာ၊ မင်းတို့နှစ်ယောက် အဆင်ပြေမယ်လို့ ဟောလိုက်တာကိုပါ”

အောင်ကို မျက်နှာကြီး ပြုံးတုံ့တုံ့လုပ်ပြီး . . .

“အေးလေ . . . အဲဒါနဲ့ ငှက်ပျောတုံးနဲ့က ဘာဆိုင်လို့လဲ”

“ဩော် . . . မင်းတို့နှစ်ယောက်မှ မကြိုက်ကြရင် နှစ်ယောက်စလုံး ငှက်ပျောတုံး ဖက်ရမယ့်ဘဝကို ရောက်တော့မှာပဲလို့ စဉ်းစားနေတာပါ”

ခွေးကောင်လို့ အစချီပြီး အောင်ကို့ပါးစပ်က ဖရုဿဝါစာတွေ အတွဲလိုက် ထွက်လာပါတော့တယ်။ အဲဒီအချိန်မှာပဲ ဝေဖြိုး ဟောခန်းထဲက ထွက်လာလို့ . . .

“ကဲ . . . အောင်ကို နောက်မှဆက်ဆဲတော့၊ ဟိုမှာ ဝေဖြိုး လာပြီ၊ ငါ သွားမေးလိုက်ဦးမယ်”

ခပ်တည်တည်ပြောရင်း ကျွန်တော်လည်း ဟောခန်းထဲ ဝင်လာခဲ့လိုက်တယ်။ အထဲရောက်တော့ ဗီရိုထဲက ထွက်လာတာမဟုတ်တဲ့ ဗေဒင်ဆရာမက ကုလားထိုင်ကြီးတစ်ခွဲသားနဲ့ ခုံမှာထိုင်နေပါတယ်။ ကြည့်ရတာ ကျွန်တော်တို့ထက် ဆယ်နှစ်လောက် အသက်ကြီးမယ့်ပုံပဲ။

ကျွန်တော်လည်း သူနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်တော့ . . .

“ပြောပါ . . . ရှင်က ဘာကိစ္စကို မေးချင်တာလဲ”

“အဟီး”

ပြောရမှာ ပါးစပ်မရဲလို့ ရှက်ရယ်လေး အရင်ရယ်ပြလိုက်တာပါ။ အဲဒါကို ဆရာမကြီးက ဘယ်လိုထင်သွားတယ် မသိပါဘူး။ ဘာရယ်တာလဲ





ဆိုပြီး ဘောက်ဆတ်ဆတ် ပြန်မေးလာတယ်။ အဲဒီတော့မှ ကျွန်တော်လည်း မျက်နှာပိုးသပ်လိုက်ရင်း . . .

“ဟိုလေ . . . ဘာမှမရယ်ပါဘူး၊ ကျွန်တော်မေးချင်တာက ကျွန်တော့်ဘဝမှာ ဖူးစာဖက် ရှိနိုင်သေးရဲ့လားဆိုတာရယ်၊ ပြီးတော့ . . . ရှိခဲ့ရင်လည်း အဲဒီဖူးစာဖက်ဟာ ဘယ်လိုပုံစံမျိုးလဲဆိုတာရယ်ပါ”

စကားလည်းဆုံးရော ဆရာမက ရှုံ့ခနဲ နှာမှုတ်ပြီး သူ့ရင်ဘတ်ကို ကော့လိုက်ပါတယ်။ ကျွန်တော့်ကိုလည်း စူးစူးစိုက်စိုက်ကြည့်နေသေးရဲ့။ ဒီအချိန်မှာများ သူ့ပါးစပ်က . . . ‘နင့်ဖူးစာရှင် လုံးဝရှိတယ်၊ အဲဒါ ငါပဲ’ ဆိုရင်တော့ သေပြီလို့ ကျွန်တော် ခပ်ကြောက်ကြောက် တွေးနေမိတယ်။

ဒါပေမဲ့ ကံကောင်းထောက်မစွာ ဆရာမက အဲဒီလို ပြောမလာဘဲ

“နာမည်ရယ်, မွေးသက္ကရာဇ်ရယ်, မွေးနေ့ရယ် ပြော”

“ဟုတ်ကဲ့”

ကျွန်တော်လည်း သူမေးတာတွေကို အရင်ပြောလိုက်ပါတယ်။ အဲဒီမှာ ကျွန်တော် တစ်ခုစဉ်းစားမိတယ်။ ဗေဒင်ဆရာတွေများ သူများအကြောင်းတွေ ဘယ်လောက်ပဲဟောဟော လာမေးတဲ့သူကို အရင်ပြန်မေးရတာပဲလို့ တွေးမိတာပါ။

ကျွန်တော့်စကားလည်း ဆုံးရော ဆရာမက သူ့ရှေ့မှာရှိတဲ့ ဗေဒင်ဟောင်းစာအုပ်ကြီးကို လှန်ပါတော့တယ်။ အထဲက စာတွေကိုတော့ ကျွန်တော်လည်း မဖတ်တတ်ပါဘူး။ ရေးမစာတွေလို့တော့ ထင်တာပဲ။ ကျွန်တော်က သူ့ကို မဟာဘုတ်တိုင်ထုမယ်လို့ ထင်ထားတာ။ ခုတော့ သူက ဘာတိုင်မှ ထုမနေဘဲ . . .

“ဖူးစာရှင် ရှိလာနိုင်ပါတယ်၊ မတွေ့ခင်တော့ စိတ်ရှုပ်စရာတွေ အများကြီး ကြုံလာနိုင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ရက်ရက်ရောရောကြီး ပြောချလိုက်လို့ ကျွန်တော်တောင် အံ့ဩ ပင့်သွားတယ်။ ပြီးတော့ ဆရာမကပဲ . . .

"ဒီမှာက ရောမဘက်က ဆင်းသက်လာတဲ့ ဗေဒင်တစ်မျိုးနဲ့ ကြည့်ပေးတာပါ၊ ပြီးတော့ . . . အစီအရင်အနေနဲ့ မင်းရဲ့အသုံးအဆောင် ပစ္စည်းတစ်ခု ဒီမှာထားခဲ့ရမယ်၊ မင်း နှမြောမနေမယ့်ပစ္စည်းတစ်ခုခုပေါ့"

"အခုလား . . . ဆရာမ"

"ဟုတ်တယ် . . . ခုပဲ"

ခပ်ပြတ်ပြတ်ပဲ ပြောလာပါတယ်။ ကျွန်တော့်မှာ စဉ်းစားရတော့ တယ်။ ကျွန်တော် ပေါ့ပေါ့ပါးပါးနဲ့ ပေးထားခဲ့နိုင်တာ ဘာပါလဲပေါ့။

စဉ်းစားရင်းနဲ့ သတိရလာလို့ ဆရာမကို ကြည့်လိုက်ပြီး . . .

"ချွတ်ပေးခဲ့လို့ရလား ဆရာမ"

"ဟင် . . . ဘာ . . . ဘာကိုလဲ"

ဘာကိုထင်သွားလဲ မသိပါဘူး မျက်ကလူးဆန်ပျာနဲ့ ဆရာမက ပြန်မေးလာတယ်။ ကျွန်တော်က ဘယ်ဘက်လက်ကို ပြလိုက်ပြီး . . .

"ဒီဟာလေးပါ ဆရာမ၊ ရာဘာနဲ့လုပ်ထားတဲ့ ဖန်စီလက်ပတ် ကလေးပါ"

ကျွန်တော်ပြလိုက်တာကိုတော့ ပရိသတ်ကြီးလည်း မြင်ဖူးမှာပါ။ နိုင်ငံခြားက ဘောလုံးသမားတွေ၊ ရက်ပါတွေ ပတ်လေ့ပတ်ထရှိတဲ့ လက်ပတ် ကလေးပါ။ အရောင်စုံ,လာပြီး ကျွန်တော်တို့ဆီမှာလည်း လူငယ်တွေ အတော်ပတ်ကြပါတယ်။ တန်ဖိုးလည်း သိပ်မကြီးပါဘူး။

ဖူးစာရှင်ရဖို့အတွက်တော့ ပေးပျော်ပါတယ်။ ကျွန်တော့်လက်ပတ် ကလေးက အဖြူနဲ့အနက် နှစ်ရောင်ရောစပ်ထားပြီး Levi's ဆိုတဲ့ စာတန်း လေး ပါပါတယ်။





ခုလည်း ကျွန်တော့်လက်ပတ်ကလေးကို မျက်ဝါးထင်ထင် မြင် လိုက်ရမှ ဆရာမ သက်ပြင်းလုံးလုံးကျသွားပုံပေါ်ပါတယ်။

"ရတယ်လေ . . . မင်းပစ္စည်းဆိုရင် ပြီးတာပဲ"

ကိုယ့်ပစ္စည်းစစ်စစ်မို့ ကျွန်တော်လည်း ရဲရဲကြီး ချွတ်ပေးလိုက်ပါ တယ်။ ဆရာမက ကျွန်တော့်ပစ္စည်းကို ဂရုတစိုက်ကြည့်ပါတယ်။ ပြည်တွင်း ဖြစ်လား၊ နိုင်ငံခြားဖြစ်လားဆိုပြီး ကြည့်တာတော့ မဖြစ်နိုင်ပါဘူး။ သူကြည့် တာ အကြောင်းတော့ ရှိမှာပါ။

ခဏနေရင်းပဲ ဆရာမက လက်ပတ်ကလေးကို စားပွဲပေါ်အသာချ ပြီး မတ်တတ်ထရပ်လိုက်တယ်။ ပြီး . . . အခန်းထောင့်က ဗီရိုဆီသွားပြန် တယ်။ ဘာလုပ်နေတာလဲလို့ ကျွန်တော် စပ်စုနေချိန်မှာပဲ ဆရာမ ဗီရိုထဲက ဖန်ပုလင်းကြီးတစ်ခုကို ထုတ်ယူလာပါတယ်။

အဲဒီပုလင်းကြီးကို သူနဲ့ကျွန်တော့်ကြားက စားပွဲပေါ်မှာ ချလိုက် ရင်း . . .

"ကဲ . . . ဒီအထဲမှာ လူတွေရဲ့ အသုံးအဆောင်ပစ္စည်းလေးတွေ အများကြီးပဲ၊ မင်းကြိုက်တာကို ထုတ်ယူလိုက်"

ကျွန်တော် မျက်ခုံးပင့်မိသွားတာ တကယ်ပါ။ သူပြောသလိုပဲ ဖန်ပုလင်းထဲမှာ ပစ္စည်းလေးတွေ မျိုးစုံပါ။ ဘာသဘောနဲ့ ယူခိုင်းတာလဲ ဆိုတာ ကျွန်တော် မသိသေးဘူး။

ဘာပဲဖြစ်ဖြစ် ယူခိုင်းတာဆိုတော့ အားနာပါးနာနဲ့ပဲ ယူလိုက်ပါ တယ်။

ကျွန်တော် ပထမဆုံး နှိုက်ယူလိုက်တာက ဂစ်တာပုံ ချိတ်ဆွဲထား တဲ့ ကီးချိန်းလေး။ ဒုတိယ သစ်သားမီးခြစ်သေးသေးလေးတစ်ခု။ တတိယ စက္ကူအပြာနုရောင်နဲ့ ချိုးခေါက်ထားတဲ့ ငှက်ရုပ်သေးသေးလေးနဲ့ စတုဂ္ဂ



www.burmeseclassic.com

www.burmeseclassic.com

ကျတော့ လက်သည်းညှပ်ပုံစံလေးလုပ်ထားတဲ့ ဖန်စီပစ္စည်းလေးပါ။

ကျွန်တော်ယူလိုက်တဲ့ပစ္စည်းတွေကို ဆရာမက အံ့သြဟန်နဲ့ ကြည့်ပြီး . . .

''ဟင် . . . မင်းယူတာကလည်း လေးခုတောင်မှလား''

''မသိဘူးလေ၊ ဆရာမက ကြိုက်တာယူဆိုလို့ ကျွန်တော်လည်း ကြိုက်တာတွေ ယူလိုက်တာပဲ''

ဆရာမက ခေါင်းတဆတ်ဆတ်ညိတ်ရင်း . . .

''ကောင်းပြီလေ . . . မင်းယူသွားပါ၊ အဲဒီပစ္စည်းပိုင်ရှင်လေးယောက်ထဲက တစ်ယောက်ယောက်တော့ မင်းရဲ့ဖူးစာရှင်ဖြစ်နိုင်ပါတယ်၊ ကဲ . . . မင်းရဲ့လက်ပတ်ကလေးကိုလည်း ဒီဖန်ပုလင်းထဲ ထည့်ထားလိုက်ပြီနော်''

ကျွန်တော် နဝေတိမ်တောင်ဖြစ်သွားရတယ်။ ဒါနဲ့ပဲ ပြန်မေးရပြန်တယ်။

''ဆရာမ ခုနကဆိုလိုတာကို ကျွန်တော် သိပ်နားမလည်ဘူး''

ဆရာမက တစ်ချက်စိုက်ကြည့်လာပြီး . . .

''ဒီလိုပါ၊ ဂရိဗေဒင်မှာ ထုံးတမ်းစဉ်လာတစ်ခုရှိတယ်၊ ဥပမာ . . . မင်းယူထားတဲ့ပစ္စည်းတွေထဲက တစ်ယောက်ယောက်ဟာ မင်းရဲ့ဖူးစာရှင်ဖြစ်မယ်ဆိုပါတော့၊ အဲဒီတစ်ယောက်ဟာ မင်းကို စွဲစွဲလမ်းလမ်းချစ်လာလိမ့်မယ်''

''ဒါ . . . ဒါဆို ကျွန်တော့်လက်ပတ်လေးကို တစ်ယောက်ယောက်က ယူသွားခဲ့တယ်ဆိုရင်''

''ဟုတ်တယ်၊ အဲဒီတစ်ယောက်ကို မင်း အသည်းအသန်ချစ်သွားမှာပဲ''

''ဒါဆိုရင် သူတို့အယူအဆက . . .''

ကျွန်တော့်စကားမဆုံးခင်မှာပဲ ဆရာမက ဖြတ်ပြောလိုက်တယ်။

''အမှန်ပဲ . . . မင်းယူထားတဲ့ပစ္စည်းပိုင်ရှင်နဲ့ မင်းပစ္စည်းကို ယူထား



ခုနက ပုံနဲ့ပစ္စည်းလေးတွေကို ဘောင်းဘီအိတ်ထဲထည့်ပြီး ကျွန်တော် ထွက်လာခဲ့တယ်။ စိတ်ထဲမှာလည်း ဒီဗေဒင်ကြီးက ရယ်စရာတော့ ကောင်းသားလို့ တွေးမိတာ အမှန်ပဲ။ ဆရာမကတော့ ယုံချင်ရင်ယုံ၊ မယုံချင်ရင်နေတဲ့လေ။

အပြင်ရောက်တော့ အောင်ကိုက ဆီးမေးလာတယ်။

''သူရိန် မင်းကို ဘာပြောလိုက်လဲ၊ မင်းရဲ့ဖူးစာရှင်ကို တွေ့မယ်တဲ့လား''

''အေး . . . အဲဒီသဘောမျိုးတော့ ပြောလိုက်တာပဲကွာ''

ပေရှည်နေမှာစိုးလို့ ဟိုပစ္စည်းတွေအကြောင်းတော့ ထည့်မပြောမနေတော့ပါဘူး။ ဒါနဲ့ပဲ သုံးယောက်သား ဗေဒင်ဟောခန်းကနေ ပြန်လာခဲ့ကြတယ်၊ လမ်းမပေါ်မရောက်ခင်မှာဘဲ အောင်ကိုက မျက်နှာချင်းဆိုင်ကတာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြောသလို သားအဖအချင်းချင်း အခင်အမင်မပျက်အောင် ကြည့်ကျက် ပေးရတော့မှာပေါ့ဗျာ။

ဒါနဲ့ပဲ ဝေဖြိုးတို့ကို အကျိုးအကြောင်းပြောပြီး ကားနဲ့ ကျွန်တေ ထွက်လာခဲ့တယ်။ ပရိသတ်ကြီးတော့ 'အင်း . . . ဇာတ်လမ်းကတော့ ရ . . . လို့ ထင်နေပြီလား မသိဘူး။



(၄)

လမ်းမှာ ကားမောင်းလာရင်းနဲ့ စဉ်းစားလာရသေးတယ်။ ဖေဖေ ညှိမအတွက် ဘာဝယ်ပေးရမလဲဆိုပြီးတော့လေ။ အဲဒီမော်မော်ဆိုတဲ့ တပည့်မက ကျွန်တော်တို့နဲ့ ရွယ်တူလောက်ရှိမယ့် ကရင်မ ဖြူဖြူလုံး လေးပါ။

စဉ်းစားရင်းနဲ့ ဒဂုံစင်တာတောင် ရောက်လာပါတယ်။ ဘာဝယ်ပေး လဲ စဉ်းစားမရသေးလို့ အပေါ်ရောက်မှပဲ လျှောက်ကြည့်ပြီး ဝယ်တော့ လို့ ဆုံးဖြတ်လိုက်တယ်။

မြို့ပြရဲ့ရှော့ပင်းမောတစ်ခုဖြစ်တဲ့ ဒဂုံစင်တာရောက်မှပဲ ဒီခေတ်က င်မလေးတွေ လန်းလှချည်လားလို့ တွေးမိလိုက်တယ်။ စကဒ်အတို ည်လေးတွေနဲ့က တစ်ဖုံ၊ ဘောင်းဘီအကျပ်အပွလေးတွေနဲ့က တစ်မျိုး။ နိုင်အောင် လန်းနေကြတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဂျစ်ကားတစ်စီးကိုကြည့်ပြီး ...

''ဟာ ... အဲဒါ ကိုအောင်ဗကားကွာ''

''ဟင် ... ဘယ်က ကိုအောင်ဗလဲ''

ဝေဖြိုးရဲ့အမေးကို အောင်ကိုကပဲ ...

''မင်းကလည်းကွာ ... ဒါရိုက်တာ ကိုအောင်ဗပါဝါလေ၊ ကွမ်းအရမ်းစားတာ''

''ဟာကွာ ... ငါမှမသိတာကိုး၊ အဲဒါဘာဖြစ်လို့လဲ''

ဝေဖြိုးစကားကို အောင်ကိုက ပြန်ဖြေမနေတော့ပါဘူး။ ကားကိုတောင် လမ်းဘေးချပြီးရပ်လိုက်တယ်။ ခုနက သူပြောတဲ့ ဒါရိုက်တာကိုလည်း လှမ်းနှုတ်ဆက်နေသေးတယ်။ ဟိုဒါရိုက်တာကလည်း ဒီလမ်းထဲမှာ ရှုတင်မို့လို့ လိုက်ခဲ့ပါလားဆိုပြီး ဖိတ်ခေါ်နေသေးရဲ့။

အောင်ကိုက အလုပ်ရှိသေးတယ် ဘာညာနဲ့ နှုတ်ဆက်ပြီး ဆက်မောင်းလာခဲ့တယ်။

''နေစမ်းပါဦး အောင်ကိုရ၊ မင်းက ရုပ်ရှင်ဒါရိုက်တာတွေနဲ့တောင် သိလို့ပါလား၊ ဘာလဲ ... ရုပ်ရှင်ရိုက်မလို့လားကွ''

ရယ်ကျဲကျဲနဲ့ ပြောလိုက်တဲ့ ကျွန်တော့်စကားအဆုံးမှာပဲ ဝေဖြိုးက ဖြတ်ပြီး ...

''မလုပ်ပါနဲ့ အောင်ကိုရာ၊ ဗေလုဝတစ်ယောက် လက်ရှိမင်းသားနေရာက ဖယ်ပေးနေရပါဦးမယ်''

ခွေးကောင်တွေဆိုပြီး ခပ်တိုးတိုးဆဲရေးပြီးမှ အောင်ကိုက ...

''ဟေ့ကောင်တွေ ပေါက်ကရပြောမနေနဲ့၊ ငါ သူနဲ့သိတယ်ဆိုတာ စုသဲ မိတ်ဆက်ပေးထားလို့ကွ၊ အဲဒါ ဒါရိုက်တာက စုသဲရဲ့ဝတ္ထုဇာတ်ညွှန်းတွေကို ဗီဒီယိုရိုက်တာ အတော်များပြီလေ''





'သြော် ... ဒီလိုလား' ... ဆိုပြီး စကားလိုက်ထောက်မနေတော့ပါဘူး။ အဲလိုလေး ပြောလိုက်ရုံနဲ့ စုသဲဖြူအကြောင်း အောင်ကို ကရားရေ လွှတ်ပြောတော့မှာကို သိလို့ ကျွန်တော်တို့နှစ်ကောင်စလုံး ငြိမ်နေလိုက်ကြတယ်။

ဒီလိုနဲ့ ဆိုင်ပြန်ရောက်ပြီး သိပ်မကြာလိုက်ဘူး။ ဖုန်းမြည်လာလို့ ဖုန်းကိုင်ကြည့်လိုက်တယ်။ ဖေဖေ အိမ်ကနေ ဆက်နေတာပါ။

ဖေဖေက ...

''သူရိန် ... မင်းတို့လူငယ်တွေမှာကွာ သူငယ်ချင်းမတွေကို လက်ဆောင်ပေးရင် ဘယ်လိုပစ္စည်းမျိုးတွေ ပေးတတ်လဲကွ''

ကျွန်တော့်မှာ ကြောင်တောင်တောင်ဖြစ်သွားရပြီး ...

''ဟင် ... ဖေဖေက ဘာလုပ်မလို့လဲ''

''ဒီလိုကွာ ... ငါ့လက်အောက်မှာ အလုပ်လုပ်နေတဲ့ တပည့်မ မော်မော်လေ သူက ဒီနေ့ အလုပ်ကိစ္စနဲ့ နိုင်ငံခြားကို ခဏသွားမှာကွ၊ အဲဒါ ငါလည်း သူ့အတွက် အသုံးအဆောင်ပစ္စည်းတစ်ခု ဝယ်ပေးလိုက်ချင်တယ်၊ ခက်တာက ဘာဝယ်ပေးရမှန်းမသိလို့၊ အဲဒါကွာ ဘယ်လိုပစ္စည်းမျိုးဆိုရင်ကောင်းမလဲဆိုတာ စဉ်းစားပြီး တစ်ခါတည်း ဝယ်လာခဲ့လိုက်၊ ပြီးရင် ... ဖေဖေ့ဆီ ချက်ချင်းလာပေး၊ ဟုတ်ပြီလား''

''ဟင် ... ဖေဖေကလည်း ခု ချက်ချင်းကြီးလား''

''အေးပေါ့ကွ ... မော်မော်က နေ့လယ် လေယာဉ်ကွင်းဆင်းတော့မှာလေ၊ လုပ်စမ်းပါကွာ ... သားအဖအချင်းချင်း မျက်နှာပျက်အောင် မလုပ်ပါနဲ့၊ ဒါပဲနော်''

စကားအဆုံးမှာတောင် ဖေဖေက နောက်တောက်တောက် လုပ်နေသေးတယ်။ မိဘစကားဆိုတော့လည်း ဖယ်ရှားမနေတော့ပါဘူး။ သူ


www.burmeseclassic.com

www.burmeseclassic.com



ပြောသလို သားအဖအချင်းချင်း အခင်အမင်မပျက်အောင် ကြည့်ကျက်လု

ပေးရတော့မှာပေါ့ဗျာ။

ဒါနဲ့ပဲ ဝေဖြိုးတို့ကို အကျိုးအကြောင်းပြောပြီး ကားနဲ့ ကျွန်တေ

ထွက်လာခဲ့တယ်။ ပရိသတ်ကြီးတော့ 'အင်း ... ဇာတ်လမ်းကတော့ စ

... လို့ ထင်နေပြီလား မသိဘူး။



(၄)

လမ်းမှာ ကားမောင်းလာရင်းနဲ့ စဉ်းစားလာရသေးတယ်။ ဖေဖေ့

ညှမအတွက် ဘာဝယ်ပေးရမလဲဆိုပြီးတော့လေ။ အဲဒီမော်မော်ဆိုတဲ့

ငှေ့တပည့်မက ကျွန်တော်တို့နဲ့ ရွယ်တူလောက်ရှိမယ့် ကရင်မ ဖြူဖြူလုံး

လေးပါ။

စဉ်းစားရင်းနဲ့ ဒဂုံစင်တာတောင် ရောက်လာပါတယ်။ ဘာဝယ်ပေး

လဲ စဉ်းစားမရသေးလို့ အပေါ်ရောက်မှပဲ လျှောက်ကြည့်ပြီး ဝယ်တော့

ယ်လို့ ဆုံးဖြတ်လိုက်တယ်။

မြို့ပြရဲ့ရှော့ပင်းမောတစ်ခုဖြစ်တဲ့ ဒဂုံစင်တာရောက်မှပဲ ဒီခေတ်က

ာင်မလေးတွေ လန်းလှချည်လားလို့ တွေးမိလိုက်တယ်။ စကဒ်အတို

ည်လေးတွေနဲ့က တစ်ဖုံ၊ ဘောင်းဘီအကျပ်အပွလေးတွေနဲ့က တစ်မျိုး။

နိုင်အောင် လန်းနေကြတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့်လည်း ကျွန်တော်တို့ဆိုင်ကို ကားဆားဗစ်လာလုပ်နေကျဖြစ်တဲ့ ဦးအောင်စိုးတို့ ဦးဝင်းတင်တို့လို အဘိုးကြီးတွေ ပြောကြတာ။ ဒီခေတ်မှာနေရတာ မျက်စိအကြည်ဓာတ်ရတယ်တဲ့။ အင်းပေါ့လေ ... သူတို့မှာလည်း ဒါလေးတွေကြည့်ပြီး အာရုံတွေကို နှိုးနေရတာပေါ့ ... လို့ ပြောင်ချော်ချော်တွေးမိလိုက်သေးတယ်။

အပေါ်ထပ်ရောက်တော့ ကျွန်တော့်မှာလည်း ကိုယ့်ကိစ္စနဲ့ကိုယ်ဆိုတော့ သိပ်ငမ်းနေဖို့ အချိန်မရပါဘူး။ နီးစပ်ရာစတိုးဆိုင်တစ်ခုထဲ ဝင်သွားလိုက်တယ်။

ကောင်တာတစ်ခုရှေ့မှာ ရပ်လိုက်တော့ ဝန်ထမ်းကောင်မလေးက မေးပါတယ်။

"အစ်ကို ... ဘာရှာလဲမသိဘူး"

ဝေ့ကြည့်လိုက်ပြီးမှ ကျွန်တော်လည်း စဉ်းစားမရတာနဲ့ ...

"ဟိုလေ ... မိန်းကလေးအသုံးအဆောင်ပစ္စည်းလေးများ"

စကားတောင် မဆုံးလိုက်သေးဘူး၊ အဲဒီကောင်မလေးက သူ့ဘေးကောင်တာက ကောင်မလေးကို လှမ်းပြောပါတယ်။

"ဟဲ့ နီလာ ... ဒီအစ်ကိုကြီးကို ရောင်းပေးလိုက်ဦး"

ကျွန်တော်လည်း အဲဒီကောင်တာဘက် ဆက်သွားလိုက်တယ်။ ရှေ့ရောက်တော့ နောက်ကောင်မလေးက ကျွန်တော့်ကို မရဲတရဲကြည့်ပြီး

"အစ်ကို ... ဟို ... ဟို ... လစဉ်သုံးပဲလားဟင်"

"မဟုတ်ဘူး၊ အမြဲတမ်း သုံးချင်တာ"

"ရှင်"

ကောင်မလေး ချက်ချင်း မျက်လုံးလေးပြူးကျဲသွားရင်း ...

"ဒီကောင်တာမှာတော့ လစဉ်သုံးပဲ ရှိတာရှင့်၊ ဒါမျိုးပစ္စည်းက





အမြဲတမ်းသုံး ပေါ်နေပြီလို့ သမီးတို့ မကြားဖူးသေးပါဘူး"

မျက်နှာနီနီလေးနဲ့ ပြန်ဖြေလာတော့မှ ကျွန်တော့်အကြည့်လည်း အောက်က ကောင်တာထဲကို ရောက်သွားတယ်၊ စိတ်ထဲမှာ ဟာလို့ ရေရွတ်ရင်း မျက်နှာတစ်ခုလုံး ထူအမ်းသွားရတယ်။

"ဟာ ... မဟုတ်ဘူး၊ အဲဒါကို ပြောတာမဟုတ်ဘူး"

ပလုံးပထွေးနဲ့ ပြောရင်း ချာခနဲ လှည့်ထွက်လာခဲ့ရတယ်။ မျက်နှာပူပြီး ရှက်လိုက်တာလည်း မပြောပါနဲ့တော့။ ကျွန်တော်က အမျိုးသမီးတွေ လစဉ်သုံးတဲ့ပစ္စည်းကောင်တာကိုမှသွားပြီး အမြဲတမ်းသုံးလို့ မေးမိတာကိုး။ လှည့်ထွက်လာတဲ့အချိန်မှာပဲ နောက်က ရယ်သံတွေကြောင့် မြီးညှောင့်ရိုးတွန့်သွားရသေးတယ်။ သေသေချာချာ မကြည့်မိတာ ခံပေါ့ဟလို့ ကိုယ့်ကိုယ်ကိုယ်ပဲ ကျိန်ဆဲမိတော့တယ်။

အဲဒီဆိုင်က သုတ်ခြေတင်ထွက်လာခဲ့ပြီး နောက်တစ်ဆိုင်ရောက်တော့ သတိကြီးစွာထားရတော့တယ်။ ဒီတစ်ခါတော့ ဘယ်သူ့ကိုမှ မမေးတော့ပါဘူး။ လျှောက်ကြည့်ရင်းနဲ့ ကရင်မလေးမော်မော်နဲ့ လိုက်မယ့်ပစ္စည်းတစ်ခုကို သွားတွေ့ပါတယ်။

တခြားတော့မဟုတ်ဘူး။ ဈေးနှုန်းလည်း သင့်သလို ဘရမ်းလည်း ကောင်းတဲ့ အမျိုးသမီးအလှတပ် မျက်မှန်တစ်လက်ပါ။ ကျွန်တော်လည်း ဒီကရင်မနဲ့တော့ လိုက်မှာပဲဆိုပြီး ဝယ်လာခဲ့တယ်။

အမှန်တော့ မျက်မှန်ဆိုတာ မလိုက်စရာအကြောင်းတော့ မရှိပါဘူး။ ကိုယ်တပ်ထားရင် ကိုယ့်မျက်နှာပေါ်ကနေ သွားလေရာ လိုက်နေမှာပဲ မဟုတ်ဘူးလား။ ချွတ်ထားရင်သာ မလိုက်မှာလေ။ မြန်မာစကားများ တယ်ရှုပ်တာပဲ။

ငွေပေးချေပြီးတော့ ဆိုင်ကထည့်ပေးတဲ့ စက္ကူအိတ်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ရင်း ဆိုင်ထဲ လျှောက်ကြည့်နေမိသေးတယ်။ အရေးထဲ ဖုန်းက ထမြည်လာပြန်တယ်။ နံပါတ်ကြည့်လိုက်တော့ စုသဲဖြူဖြစ်နေတယ်။

အဲဒီစာရေးဆရာမ၊ ဇာတ်ညွှန်းဆရာမနဲ့ ဒါရိုက်တာပါ လုပ်ချင်နေသေးတဲ့ မိန်းမကပဲ ...

"သူရိန် ... နင် အပြင်မှာဆို"

"အေး ... ဟုတ်တယ်"

ကျွန်တော် တုံးတိတိပြန်ပြောလိုက်တယ်။ ခင်းလို စာရေးဆရာမနဲ့ ရှည်ရှည်လျားလျားလည်း မဆက်ဆံချင်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ဘက်က တိုတာတောင် သူ့ဘက်ကတော့ ရှည်လာသေးတယ်။

"အေး ... ငါ အောင်ကိုဆီ ဆက်ကြည့်တော့ နင် အပြင်မှာဆိုလို့ အပြန်ကျရင် ငါ့အိမ်ဘက် လှည့်ဝင်ခဲ့စမ်းပါ၊ ငါ နင့်ကို မေးစရာနဲ့ ပေးစရာ ရှိလို့"

ဘာတွေမေးပြီး ဘာတွေပေးမှာလဲလို့ ထပ်မေးမနေတော့ပါဘူး။ လေကြောက ရှည်နေဦးမယ်။ လမ်းလည်း သင့်နေတာမို့ ဝင်ခဲ့မယ်ဆိုပြီး ပြန်ပြောလိုက်တယ်။

ဖုန်းပြောတာ ပြီးသွားလို့ ဖုန်းချပြီး လှည့်အထွက်မှာပဲ ...

'ဘုန်း'

"အင့်"

"အာ့"

တစ်စုံတစ်ယောက်နဲ့ ဝင်တိုက်မိလိုက်တာပါ။ ကျွန်တော့်လက်ထဲက ဖုန်းနဲ့ စက္ကူအိတ်ကလေးပါ လွတ်ကျသွားရတယ်။ ပစ္စည်းတွေကို မကောက်နိုင်သေးဘဲ တိုက်မိတဲ့သူကို အရင်ကြည့်မိတယ်။ ရင်ထဲမှာ 'အို'ဆိုပြီး အာမေဋိတ်ကလေး ပြုမိလိုက်ရဲ့။





ပရိသတ်ကြီး မျှော်လင့်ထားသလိုပဲ ကြည်စင်လှပတဲ့ ကောင်မလေးတစ်ယောက်ပါ။ ကျွန်တော် သတိလွတ်ပြီး ငေးကြောင်ကြည့်နေမိသေးတယ်။ ဒါပေမဲ့ ကောင်မလေးက ပရိသတ်ကြီး မျှော်လင့်ထားသလိုမျိုး ဗီဒီယိုတွေထဲကလို ကက်ကက်လန်အောင် ရန်မတွေ့ပါဘူး။

ကျွန်တော့်ကိုပဲ အားနာဟန်လေးနဲ့ ...

"အို ... ဆောရီးနော်၊ ကျွန်မလည်း ငေးပြီး လျှောက်လာတာနဲ့"

"ဟာ ... ရပါတယ်၊ ကျွန်တော်လည်း တစ်ဖက်ကို ဆတ်ခနဲ လှည့်မိလိုက်လို့ပါ"

ကောင်မလေးက မပွင့်တပွင့်ပြုံးရင်း ခေါင်းညိတ်တယ်။ အဲဒီအပြုံးထက်မှာ ဆွဲဆောင်မှုတွေက ခရမ်းရောင်တောက်နေပါတယ်။ မနက်ခင်း လေပြည်ထဲမှာ နှင်းဝတ် နှင်းရည်တွေ ထိုးဆွပါဝင်နေသလိုမျိုးပေါ့။

ခဏနေရင်ပဲ ကောင်မလေးက သတိဝင်လာပြီး ကျွန်တော့်လိုပဲ လွတ်ကျသွားတဲ့ပစ္စည်းတွေကို ခန္ဓာကိုယ်လေးညွတ်ပြီး ကောက်ပါတယ်။

ဒီနေရာမှာ ဘာဖြစ်လို့ ကုန်းကောက်တယ်လို့ မသုံးနှုန်းတာလဲလို့ မမေးကြပါနဲ့။ ကျွန်တော့်ကို စာရေးဆရာ မိုးစက်ပိုင်က ဒီအတိုင်းပဲ ရေးပါဆိုပြီး သင်ထားလို့ပါ။

ကျွန်တော်လည်း ကိုယ့်ပစ္စည်း ကိုယ်ကောက်လိုက်ပါတယ်။ သူ့လိုပဲ ဖုန်းနဲ့စက္ကူအိတ်ကလေးပေါ့။ ပြီးတော့ လမ်းခွဲရတော့မယ်ဆိုတဲ့ အသိက ခေါင်းထဲဝင်လာပြန်တယ်။ ဒါနဲ့ပဲ ...

"ဆောရီးနော်၊ ကျွန်တော့်နာမည် သူရိန်ပါ၊ တစ်ခုခု လိုက်စားပါလား"

ဆိုင်လား မဆိုင်လားတော့ မသိဘူး။ ကျွန်တော် အဲဒီလိုကြီးကို ပြောချလိုက်တာ။ ကောင်မလေးမျက်နှာပေါ်မှာ ပန်းနုရောင်တွေ ရစ်ခြည်သိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းသွားတယ်။ ကျွန်တော့်ကိုလည်း မျက်စောင်းထိုးပြီး ဘာမှပြန်မပြောဘဲ လှည့်ထွက်သွားတော့တယ်။

ဟူးခနဲနေအောင် လေပူကြီးကိုပဲ ကျွန်တော် မှုတ်ထုတ်လိုက်မိတယ်။ နောက်က ထပ်လိုက်သွားရင်တော့ ကောင်မလေး စိတ်ဆိုးတော့မယ်ဆိုတာ ဆယ့်ရှစ်ရပ်ရှိတဲ့ ယောကျ်ားတို့တပ်အပ်တဲ့ အဋ္ဌာရသတစ်မျိုးမျိုးနဲ့ ကျွန်တော် သိနေတယ်။ ဒါနဲ့ပဲ ကံမကုန်ရင် ပြန်ဆုံရမှာပေါ့လို့ တွေးရင်း ကျွန်တော်လည်း လှည့်ထွက်ခဲ့ပါတယ်။

ဒဂုံစင်တာက အပြန်ကျတော့ စုသဲဖြူအိမ်ကို လှည့်ဝင်ရသေးတယ်။ အောင်ကို မဟုတ်လို့ ခင်းက အလှတွေပြင်ပြီး စောင့်မနေပါဘူး။ ပြင်ထားရင်လည်း ဆောရီးပါ စုသဲဖြူ။

ခုတော့ ရောက်ရောက်ချင်း ခင်းကပဲ ပြုံးစစနဲ့ ...

"ဘယ်လိုလဲ သူရိန်၊ ငါ လမ်းညွှန်လိုက်တဲ့ ဗေဒင်က ဘာဟောလိုက်လဲ"

"ပြောတာပဲ၊ မကြာခင် ဖူးစာရှင် တွေ့မယ်လို့"

အမှန်တော့ ခုနက ကောင်မလေးမျက်နှာကို ပြန်မြင်ယောင်ပြီး ဒီစကားကို အတည်ပြုချင်လှပြီ။ ဒါပေမဲ့ နာမည်လည်း မသိ။ ကိုယ်နဲ့လည်း မဆိုင်သေးတော့ ဆွဲကိုင်လို့ မရသေးပါဘူး။

စုသဲဖြူက ...

"ဒါနဲ့ ... ဟောခန်းက ဖန်ပုလင်းထဲက နင် ဘာယူလာခဲ့လဲ"

ဘာမှပြန်မပြောဘဲ ကျွန်တော် ဘောင်းဘီဇစ်ကို ဆတ်ခနဲ ဆွဲဖွင့်လိုက်ပါတယ်။ စုသဲဖြူ ဟင်ခနဲ ဖြစ်မသွားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဘောင်းဘီက ဘေးအိတ်မှာ ဇစ်ပါတဲ့ ခပ်ပွပွအမျိုးအစားမို့ပါ။ ပြီးတော့ ဘောင်းဘီအိတ်ထဲက ကျွန်တော် ယူလာခဲ့တဲ့ပစ္စည်းလေးခုကို ထုတ်





ပြလိုက်တယ်။

စုသဲဖြူက ပစ္စည်းတွေကိုကြည့်ပြီး ရင်ဘတ်ကို ဖိလိုက်တယ်။

"ဟယ် ... လေးခုတောင် ယူလာတယ်၊ ဟုတ်လား"

"အေးလေ ... ဘာဖြစ်လို့လဲ၊ ကြိုက်တာယူဆိုလို့ ကြိုက်တာတွေကို ယူလာတာပဲ"

"ဒုက္ခပါပဲဟယ်၊ ဗေဒင်ရဲ့အယူအဆအရဆိုရင် အဲဒီလေးယောက်စလုံးက နင့်ကို ကြိုက်တော့မှာပေါ့"

ကျွန်တော်က ဟက်ခနဲ ရယ်လိုက်ရင်း ခပ်ပေါ့ပေါ့ပုံစံနဲ့ ...

"ဒါဆိုလည်း ကောင်းတာပေါ့ဟ၊ ငါ ခေါင်းခေါက်ပြီး ရွေးလို့ရတာပေါ့"

စုသဲဖြူက စိတ်ပျက်လက်ပျက်ဖြစ်သွားပုံနဲ့ ခေါင်းခါတယ်။ ပြီး ... ကျွန်တော့်ကိုလည်း –

"ဒါနဲ့ ... နင်ရော ဘာပြန်ထားခဲ့လဲ"

"အဟဲ ... ငါ ပတ်ပတ်နေတဲ့ ဖန်စီရာဘာလက်ပတ်ကလေးလေ"

"ဟို အဖြူနဲ့အနက်စပ်ထားတဲ့ဟာလား"

အရေးထဲ ခင်းက သေချာအောင် လာမေးနေလို့ ခေါင်းညိတ်ပြရသေးတယ်။ ပြောရင်းဆိုရင်းနဲ့ပဲ စုသဲဖြူက သတိရလာသလို ထ,ရပ်လိုက်ပြီး ...

"သြော် ... ခဏလေး၊ နင့်ကို ငါ ဟိုအခွေတွေပေးလိုက်ဦးမယ်"

"ဟာ"

ကျွန်တော် မျက်လုံးပြူးသွားရတယ်။ ခေါင်းကိုလည်း ဘယ်ညာ ခပ်ပြင်းပြင်း ခါလိုက်ရင်း ...

"မပေးနဲ့ ... မပေးနဲ့၊ ငါ ... အဲဒီလို အခွေတွေ မကြည့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ စုသဲဖြူ ကြောင်နေသေးတယ်။ ပြီးမှ သဘောပေါက်သွားဟန်နဲ့ မျက်နှာကြီးရဲလာပြီး ...

"မသာ သူရိန် ... နင့်ကို ငါပြောတာ ငါ့ဝတ္ထုဇာတ်လမ်းတွေ ...က်ထားတဲ့ အခွေတွေကို ပြောတာ"

ဟီးခနဲ ရယ်လိုက်ရင်း ကျွန်တော်က ...

"အေးလေ ... ငါလည်း အဲဒါပဲ ပြောတာပဲ၊ ငါက မြန်မာကား ...ကြည့်ဘူးဟ၊ အမေရိကန်စစ်ကားတွေပဲ ကြည့်တာ၊ အေးလေ ... ပေးချင် ...တော့ ပေးလိုက်ပေါ့။ ငါ့အမေတော့ တစ်ခါတစ်ခါ ရင်ထဲမှာ ဆို့သွားအောင် ...စားချင်ရင် မြန်မာဟာသကားတွေ ကြည့်ပါတယ်"

"ကောင်စုတ် ... လုပ်လာပြန်ပြီ"

ပြောပြောဆိုဆိုပဲ စုသဲဖြူက မြန်မာဗီဒီယို လေးငါးကားသွားယူ ...ပေးပါတယ်။ ကျွန်တော့်ကိုလည်း ...

"နင် ... ခု ဆိုင်ကို တန်းပြန်တော့မှာလား"

"ဟော့အေး၊ ဒီမှာလေ ... ငါ့အဖေ ဝယ်ခိုင်းထားတာကို အိမ်ပြန် ...ို့ရဦးမယ်၊ ဘာမှာမလို့လဲ"

"သြော် ... ညနေကျရင် အောင်ကို့ကို ငါ့ဆီ ဖုန်းဆက်ပါဦးလို့"

"အင်း ... ဒီမနက်ကပဲ အောင်ကို့ကို ဟောလိုက်တဲ့ ဗေဒင်က တော့ မှန်နေပြီထင်တယ်"

စုသဲဖြူက ရှက်တက်တက်တောင်မဖြစ်ဘဲ ကျွန်တော့်ကို ...

"သူများတွေ မှန်တာကို ပြောမနေနဲ့ နင့်ကို ဟောလိုက်တဲ့ ဗေဒင် မှန်ရင်သာ နင် ဒုက္ခရောက်ဖို့ အသင့်ပြင်ထား"

"အောင်မာ ... အဲဒီလိုဒုက္ခမျိုးကတော့ လာစမ်းပါဟာ ... ဟဲ ဟဲ"





တဟဲဟဲရယ်ရင်း ကျွန်တော် အဲဒီလိုပဲ ပြောခဲ့ပါတယ်။ စိတ်ထဲမှာလည်း ပေါ့ပေါ့ပါးပါးနဲ့ အိမ်ပြန်လာခဲ့ပါတယ်။

အိမ်မှာ ဖားသားဖေဖေက သူခိုင်းထားတဲ့ ကိစ္စအတွက် စောင့်နေမယ်ဆိုတာ အတိအကျသိလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

(၅)

အိမ်ပြန်ရောက်တော့ ဖေဖေက ဧည့်ခန်းထဲမှာ မိန့်မိန့်ကြီးထိုင်စောင့်နေပါတယ်။ အိမ်ထဲဝင်လာတဲ့ ကျွန်တော့်ကို မျက်မှန်ပေါ်ကနေ ကျော်ကြည့်ရင်း . . .

''အဆင်ပြေရဲ့လား သူရိန်၊ ဘာဝယ်လာခဲ့လဲ''

''ခုခေတ်ကောင်မလေးတပ်တဲ့ မျက်မှန်လေးပါ၊ ဘရမ်းလည်းကောင်းပါတယ်''

''အေး . . . ပြီးတာပဲကွာ၊ ဒါနဲ့ ခဏနေဦး၊ မင်းပြန်ရင် အဲဒီမျက်မှန်ကို မော်မော့်ဆီ တစ်ခါတည်း ဝင်ပေးလိုက်၊ ငါ စာရေးပေးလိုက်မယ်''

ကျွန်တော်က ခေါင်းညိတ်ပြရင်း ခုံမှာပဲ အသာဝင်ထိုင်နေလိုက်တယ်။ အဲဒီအချိန်မှာပဲ မီးဖိုခန်းထဲကနေ ဘယ်ကဘယ်လိုရောက်လာမှန်းမသိတဲ့ မေမေက . . .





''အလိုတော် . . . ပစ္စည်းလေးတစ်ခုပေးတာကိုပဲ စာတစ်တန် ဆေးတစ်တန်နဲ့''

ဖေဖေက မေမေ့မျက်စောင်းကို လုံးဝရင်မဆိုင်ဘဲ မျက်နှာလွှဲလျက်သား ပြန်ဖြေပါတယ်။

''မင်းကလည်းကွာ . . . ကိုယ်တိုင်သွားပေးတာ မဟုတ်တော့ ခုလိုရေးပေးလိုက်မှ ကောင်းမှာပေါ့''

မျက်စောင်းကို အတွဲလိုက်ဆက်ထိုးရင်း အိမ်ခန်းထဲ ပြန်ဝင်သွားလေရဲ့။ ဖေဖေက ကျွန်တော့်ကို ပခုံးတစ်ချက်တွန့်ပြပြီး စာတစ်စောင် ချရေးနေတယ်။ ဖေဖေက အဲဒီမော်မော်ဆိုတဲ့ တပည့်မကို အလုပ်နဲ့ပတ်သက်ပြီး သိပ်အားကိုးရတယ်လို့ ပြောဖူးပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ မျက်မှန်ဖိုးကို တောင်းရပါလိမ့်မယ်။

စာရေးပြီးတော့ ဖေဖေက စာရွက်ကို ခေါက်ရင်း စာအိတ်ထဲတောင် မထည့်ဘဲ လှမ်းပေးလာတယ်။ ဒါပေမဲ့ အဲဒီစာရွက်က ကျွန်တော့်လက်ထဲ ရောက်မလာခင်မှာပဲ ဘယ်ကဘယ်လို အနားပြန်ရောက်လာမှန်းမသိတဲ့ မေမေက ဆတ်ခနဲ ဆွဲယူလိုက်ပြီး . . .

''ပြစမ်းပါဦး . . . ရှင့်တပည့်မကို ဘာတွေများ ညွှန်းပြီး ရေးထားလဲဆိုတာ''

''မင်းကလည်းကွာ''

အဲဒီလောက်ပဲ ညည်းဖို့ ဖေဖေ တတ်နိုင်ပါတယ်။ မေမေကတော့ စာကိုဖွင့်ပြီး မျက်နှာထိ မျက်နှာထားနဲ့တောင် အသံထွက်ဖတ်နေပါပြီ။

''ဘာတဲ့ . . . မော်မော်ရေ ဟိုတက်နိုင်ငံက ရာသီဥတုနဲ့ သင့်တော်မယ့်ပစ္စည်းလေး ဝယ်ပေးလိုက်တယ်၊ အပြင်သွားတိုင်း ဝတ်ပေါ့၊ မော်မော်က အသားဖြူတော့ လူတွေကြားထဲ ထင်းနေမှာပါ၊ အံမယ် . . . အရေး



www.burmeseclassic.com

www.burmeseclassic.com



အသားက ကောင်းလှချည်လား''

စာဖတ်တာရပ်ရင်း မေမေက ရွှဲသလိုပြောနေသေးတယ်။ ဖေဖေက တော့ စိတ်ရှုပ်နေတဲ့ပုံစံကြီးနဲ့။

မေမေက ဆက်ဖတ်ပြန်တယ်။

''ဆိုဒ်ကတော့ မှန်းပြီး ဝယ်ပေးလိုက်တယ် မော်မော်ရေ့ ဖရီးဆိုဒ် လို့တော့ ထင်တာပဲ၊ ဆရာ့လက်ဆောင်ကို မော်မော် ကျေနပ်လိမ့်မယ်လို့ တော့ ထင်ပါတယ်၊ ဇော်မင်းတဲ့''

စာကိုပစ်ချလိုက်ရင်း မေမေက ...

''အင်း ... စာကတော့ ပစ်စလက်ခတ်ကို ညွှန်းထားတာပဲနော်၊ ပြပါဦး ရှင်ပေးမယ့်လက်ဆောင်ကို''

မေမေက ဖိုးဖိုးဆတ်ဆတ်နဲ့ စားပွဲပေါ်က စက္ကူအိတ်ကို ဆတ်ခနဲ ယူလိုက်တယ်။ အိတ်ရဲ့ထိပ်မှာ ကပ်ထားတဲ့ တိပ်ကိုခွာနေစဉ်မှာပဲ ဖေဖေက မျက်မှန်လေးပါကွာလို့ မတိုးမကျယ် လှမ်းပြောတယ်။

ဒါပေမဲ့ ဖေဖေ့စကားအဆုံး မေမေက စက္ကူအိတ်ထဲက သူ နှိုက် ယူလိုက်တဲ့ပစ္စည်းကို ကြည့်ပြီး ...

''ကိုဇော်မင်း ... ဒါ ... ဒါ ... ရှင်ပြောတဲ့ မျက်မှန်လား''

''ဟာ''

လှမ်းကြည့်လိုက်တဲ့ ဖေဖေ့မျက်လုံးဟာ ငယ်ထိပ်တက်ကပ်သွား တယ်လို့တောင် ထင်လိုက်ရရဲ့။ တဆတ်ဆတ်တုန်နေတဲ့ မေမေ့လက်ထဲမှာ တော့ နိုင်ငံခြားဖြစ် အနက်ရောင်ဘရာစီယာလေးဟာ ဖေဖေ့ကို ပြုံးပြနေ ပါတယ်။

ဖေဖေက အလန့်တကြားပုံစံနဲ့ ...

''မ မခင်မြင့် ... အဲ ... အဲဒါ ... ငါ့ဘရာစီယာ မဟုတ်ဘူးနော်''





မေမေက ဘရာစီယာကို ခုံးပေါ်ပစ်ချရင်း ဒေါ်ဒေါ်ခုန်တော့တယ်။

''ဘာမဟုတ်တာလဲ၊ ဒါလား ... ဟိုနိုင်ငံက ရာသီဥတုနဲ့ သင့် တော်မယ်ဆိုတာ၊ ဘာဖြစ်တယ် ... အပြင်သွားတိုင်း ဝတ်ရင် အသားဖြူ တော့ လူတွေကြားထဲ ထင်းနေမှာပေါ့ ... ဟုတ်လား''

''မဟုတ် ... မဟုတ်ဘူးလေ၊ ငါပြောတာက မျက် ... မျက်မှန်''

''ဘာမျက်မှန်လဲ၊ ဒီမှာ လက်ပူးလက်ကျပ်တွေ့နေပြီဥစ္စာ၊ ဆိုဒ် မသိလို့ ဖရီးဆိုဒ်တောင် ဝယ်ပေးလိုက်ရတယ်ဆိုသေး၊ ကိုဇော်မင်း ... ရှင် ဒီလက်ဆောင်မျိုးပေးတဲ့ အဆင့်တောင် ရောက်နေပြီလား ပြောစမ်းပါ''

ဖေဖေ ဘာပြန်ပြောရမှန်းမသိတော့ဘူး။ အဲဒီအချိန်ကျမှ ကြောင် ပြီးကြည့်နေမိတဲ့ ကျွန်တော် သတိဝင်လာတော့တယ်။

ချက်ချင်းဆိုသလိုပဲ မေမေ့လက်ထဲက ဖေဖေရေးထားတဲ့စာကို ယူဖတ်ကြည့်မိလိုက်တယ်။

မော်မော်ရေ ...

ဟိုဘက်နိုင်ငံ ရာသီဥတုနဲ့ သင့်တော်မယ့် ပစ္စည်းလေး ဝယ်ပေးလိုက်တယ်။ အပြင်သွားတိုင်း ဝတ်ပေါ့။ မော်မော်က အသားဖြူတော့ လူတွေကြားထဲ ထင်းနေမှာပါ။ ဆိုဒ်ကတော့ မှန်းပြီး ဝယ်ပေးလိုက် တယ်။ ဖရီးဆိုဒ်လို့တော့ ထင်တာပဲ။ ဆရာ့လက်ဆောင် ကို မော်မော် ကျေနပ်မယ်လို့တော့ ထင်ပါတယ်။

ဇော်မင်း

ဟုတ်လည်း ဟုတ်တာပဲ။ ဒီစာနဲ့ ဘရာစီယာကိုသာ တွဲပေးလိုက်လို့



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မော်မော်ဆိုတဲ့ သူ့တပည့်မ ရှက်လို့ တက်သေသွားနိုင်တယ်။ ခုလည်း မေမေ ထုတ်ကြည့်မိလို့သာပေါ့။ မဟုတ်ရင်တော့ ဖေဖေ့ခမျာ ကိုယ်ကျိုးနည်းပြီ။

ဘာပဲဖြစ်ဖြစ် လက်ရှိအခြေအနေမှာ တရားခံက ကျွန်တော် ဖြစ်နေတာမို့ . . .

"နေပါဦး မေမေရယ် . . . ဒီပစ္စည်းက ကျွန်တော် ဝယ်လာပေးတာပါ"

မေမေက ကျွန်တော့်ဘက် ဆတ်ခနဲ လှည့်လာရင်း ဒေါသမျက်နှာနဲ့ . . .

"ဘာပြောတယ် ဂျိုသူ . . . မင်းကရော အဖေနိုင်းတိုင်း ဝယ်လာပေးစရာလား"

"မဟုတ်သေးပါဘူး မေမေရာ၊ ကျွန်တော် ဝယ်လာတုန်းက တကယ့်ကို မျက်မှန်ပါ၊ ဘယ်လို ဘဝပြောင်းသွားတာလည်း မသိဘူး"

"ဘာမသိရမှာလဲ၊ ဟော့ကောင် သူရိန် . . . မင်းကိစ္စ မင်းရှင်းတော့"

ထွက်ပေါက်ရသွားတဲ့ ဖေဖေ့ဒေါသတွေ ကျွန်တော့်ဘက် လှည့်လာတော့တယ်။ အဲဒီအချိန်မှာ ဖုန်းမြည်လာလို့ ကျွန်တော်က မာတာပီတာကို လက်ကာပြရင်း ကိုင်လိုက်တော့ . . .

"ဟဲ့ သော်တာ . . . နင် ဘယ်မှာလဲ ဆိုင်မှာလား"

ကောင်မလေးတစ်ယောက်ရဲ့အသံပါ။ ကျွန်တော် ကြောင်အမ်းသွားရပြီ။

"ဖုန်းမှာနေတယ်ဗျ"

ဖုန်းပြန်ချလိုက်ရင်း မိဘနှစ်ပါးဘက် လှည့်ရပြန်တယ်။ မေမေ ဖေဖေက တင်းမာနေတုန်းပဲ။ ကျွန်တော်က မျက်နှာငယ်လေးနဲ့ . . .





"ဒီလိုမေမေရာ . . . ဖေဖေက သူ့တပည့်ကို လက်ဆောင်ပေးဖို့ဆိုပြီး သင့်တော်မယ့်ပစ္စည်းတစ်ခု ဝယ်လာခိုင်းတာ၊ ကျွန်တော်လည်း အဆင်ပြေမယ်ထင်လို့ မျက်မှန်တစ်လက် ဝယ်လာခဲ့တာပါဗျ"

"ဟော့ကောင် . . . မင်းဝယ်လာတာကို ငါ ထုတ်တောင်မကြည့်ရသေးဘူးနော်၊ မျက်မှန်ဆိုလို့ ဒီစာကို ရေးလိုက်တာ"

ဖေဖေက သူ့အပြစ် လုံးဝမဟုတ်ကြောင်း ကာထားလိုက်တယ်။ မေမေက ကျွန်တော့်ဘက် ပြန်လှည့်လာပြီး . . .

"ကဲ . . . ဒါဆို မင်းဝယ်လာတဲ့ မျက်မှန်ကရော"

"ဒါပဲလေ"

"ဘာကွ သူရိန် . . . မင်း မင်း . . . ငါ့ကို စော်ကားလိုက်တာလား"

ဖေဖေ့ဒေါသသံက ဟိန်းထွက်လာပြန်တယ်။ ကျွန်တော့်မှာ ကပျာကယာပဲ လက်ကာပြထားရင်း . . .

"မဟုတ်သေးဘူးလေ ဖေဖေရဲ့၊ ကျွန်တော် မျက်မှန်ဝယ်လာတာ သေချာအိတ်ပဲလို့ ပြောတာပါ၊ ဒါပေမဲ့ . . . အထဲမှာ ဘယ်လိုလုပ်ပြီး မျက်မှန်အနေ ဘရာစီယာ . . . ဖြစ်ဖြစ်"

ဖုန်းမြည်လာပြန်လို့ စကားက ပြတ်သွားရတာပါ။ ကြည့်လိုက်တော့ ခုနကဆက်တဲ့ နံပါတ်နဲ့ အသံကလည်း ခုနက ကောင်မလေးအသံပါပဲ။

"သော်တာ . . . ခုနက ဘယ်သူ့ကို ဖုန်းပေးပြီး ဖုန်းမှားနေတယ်လို့ ပြောခိုင်းတာလဲ"

"ဟာ . . . မဟုတ်ပါဘူး၊ တကယ်ဖုန်းမှားတာပါ၊ ဒီဖုန်းနံပါတ်က ၀၉ . . . . . . . . ဗျ"

"မဖြစ်နိုင်တာ၊ ဒီမှာပေါ်တာပဲ၊ ၀၉ . . . . . . . . ပါ"

"ဟာဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မဗျာပါနဲ့ သော်တာကို ဖုန်းပေးလိုက်စမ်းပါ၊ ရှင်က ဘယ်သူလဲ"

"သူရိန်ပါ"

အယောင်ယောင်အမှားမှားနဲ့ ဖြေလိုက်ပြီးမှ ဖုန်းကို ချပစ်လိုက် တယ်။ ချက်ချင်း ပြန်ခေါ်လာလို့ မကိုင်ဘဲ ထပ်ချလိုက်တယ်။ တစ်ဆက် တည်းပဲ လက်ထဲမှာ ကိုင်ထားတဲ့ ကိုယ့်ဖုန်းကိုယ် မသင်္ကာဖြစ်လာရတာ လည်း အမှန်ပါ။

ချက်ချင်းပဲ ဖုန်းထဲက ဖိုင်တချို့ကို ဖွင့်ကြည့်လိုက်မှ ဟာ ဖြစ်ရတော့တယ်။ ဒါ ကျွန်တော့်ဖုန်း မဟုတ်ဘူး။ ကျွန်တော့်ဟန်းဆက် တစ်ထေရာတည်း မော်ဒယ်တူနေတဲ့ ဖုန်းတစ်လုံးပဲ။ ဒါဆို ဘယ်လိုဖြစ် မှားနေတာလဲ၊ ဝယ်လာတဲ့မျက်မှန်က ဘရာစီယာဖြစ်နေသလို ဖုန်းကလည် မှားနေပါပြီ။

ဦးနှောက်ကို မော်တာတပ်ပြီး အလျှင်အမြန်စဉ်းစားမိမှ ဩ ရေရွတ်လိုက်မိတော့တယ်။ ဒဂုံစင်တာမှာ ...။ အင်း ဒဂုံစင်တာမှာ တိုက်မိတဲ့ ကောင်မလေးနဲ့ မှားတာပဲ ဖြစ်ရမယ်။ မှားတော့လည်း တ တည်း မဟုတ်ဘူး။ ဖုန်းရော အိတ်ရောပဲ။

ဘာလုပ်ရမလဲဆိုတာ ကျွန်တော် သဘောပေါက်လိုက်ပါပြီ။ လ ထဲမှာရှိတဲ့ ဖုန်းနဲ့ပဲ ကျွန်တော့်ဖုန်းကို ခေါ်လိုက်ပါတယ်။ နေ့လယ် ထ စားချိန်ကြောင့်လား မသိဘူး။ လူကြီးမင်းနဲ့ မတိုးဘဲ ဖုန်းက တန်းဝင်သွ ပါတယ်။

"ဟဲလို"

ချိုကြည်တဲ့အသံလေး ထွက်ပေါ်လာပါတယ်။ သေချာနေပါပြီ တဲ့ အတွေးလေးနဲ့ ...

"ဒီမှာဗျ ... ခင်ဗျား မနက်ဆယ့်တစ်နာရီဝန်းကျင်လောက်





ဂုံစင်တာမှာ လူတစ်ယောက်နဲ့ ဝင်တိုက်မိတယ်မလား"

"ရှင်"

"စဉ်းစားကြည့်ပါဦး၊ ခင်ဗျားနဲ့ ရွယ်တူလောက်ပဲ၊ ခပ်ချောချောနဲ့ လေ"

ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြီး ကျွန်တော် ပြောလိုက်တာပါ။ တစ်ဖက် က အသံတိတ်သွားပြီးမှ ...

"နေစမ်းပါဦး ... ရှင်က ဘယ်သူလဲ"

"ဟဲ ဟဲ ... အဲဒါ ကျွန်တော်ပဲလေ"

"ဘယ်လို ... ဘယ်လို ... ဝင်တိုက်မိတာကတော့ ဟုတ်ပါတယ်၊ ဘာဖြစ်လို့ ဖုန်းဆက်တာလဲ"

"မဆက်လို့ ဖြစ်မလားဗျ၊ ခင်ဗျားနဲ့ ကျွန်တော် ဝင်တိုက်မိတော့ န်းချင်းမှားသွားတာ၊ ခု ... ခင်ဗျားလက်ထဲက ကျွန်တော့်ဖုန်းပဲ"

"ဟောတော်"

ရေရွတ်ပြီးပြီးချင်းပဲ သူ့ဘက်က ဖုန်းချလိုက်ပါတယ်။ ထင်ထား အတိုင်း သူ့ဘက်ကပဲ ပြန်ခေါ်လာတယ်။

ကျွန်တော်က ...

"ကဲ ... ယုံပြီ မဟုတ်လား"

"ဒုက္ခပါပဲ၊ ဘယ်လိုမှားသွားလဲ မသိဘူး၊ ဒါနဲ့ ... ကျွန်မဆီကို လာသေးလား"

"လာတယ် ... လာတယ်၊ ခင်ဗျားနာမည်က သော်တာမဟုတ် လား"

"မဟုတ်ပါဘူး ... သော်တာလမင်းပါ"

"ဟဲ ဟဲ ... ကျွန်တော်ကလည်း သူရိန်နေမင်းပါဗျ"



www.burmeseclassic.com

www.burmeseclassic.com



''အောင်မာ ... ဘာဆိုင်လို့လဲ''

ဆိုင်တာပေါ့။ နေနဲ့လ၊ ရွှေနဲ့မြပေါ့ဆိုပြီး နောက်လိုက်မလို့ စဉ်းစား

ဘ းလိုက်သေးတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလိုပဲ သူကလေးနဲ့ တွေ့ချင်လာလို့ ...

''ဆိုင်ဆိုင် မဆိုင်ဆိုင်လေ၊ ခု ဖုန်းချင်း ပြန်လဲရမှာပေါ့၊ ကျွန်တော့်ဆီကိုရော ဖုန်းလာသေးလား''

''မလာဘူး၊ မလာလို့ မသိတာပေါ့''

''ကဲ ထားပါ ... ကျွန်တော်တို့ ဘယ်မှာချိန်းမလဲ''

''ရှင်''

''ဩော် ... ဖုန်းချင်းပြန်လဲဖို့ ဘယ်မှာပြန်တွေ့မလဲလို့ ပြောတာ''

''အင်း သိပြီ ... ရှင် ဒဂုံစင်တာပဲ ပြန်လာခဲ့ပါလား။ ( ) ကော်ဖီဆိုင်က စောင့်နေမယ်လေ''

''ဟင် ... ခင်ဗျားက အဲဒီက ခုထိ မပြန်သေးဘူးလား။ အတော် ဈေးဝယ်နိုင်တာပဲနော်''

''အာ ... ဘာတွေပြောနေတာလဲ၊ ကျွန်မက ဒီမှာ ဆိုင်ဖွင့်ထားတာရှင့်၊ ကဲပါ ... ရှင် ခု လာလဲမလား၊ မလာဘူးလား''

သူ့ဘက်က စိတ်မရှည်သံလေးတောင် ထွက်လာသေးတယ်။ ကျွန်တော်ကတော့ စိတ်ရှည်ရှည်နဲ့ပဲ ...

''လာမှာ ... လာမှာ၊ လဲရမှာ ဖုန်းတစ်ခုတည်းတောင် မဟုတ်ဘူး''

''ဟင် ... ဘာကျန်သေးလို့လဲ''

''လာမှပြောမယ်ဗျာ၊ ခင်ဗျား အဲဒီဆိုင်ကပဲ စောင့်နေ၊ ဒါပဲနော်''

ပြောပြီး ဖုန်းချလိုက်တယ်။ ဖေဖေနဲ့မေမေကိုလည်း တစ်လှည့်





ကြည့်ပြီး ...

''ကဲ ... မေမေတို့ကြားတဲ့အတိုင်းပဲ၊ ဈေးဝယ်ရင်း ကောင်မလေးတစ်ယောက်နဲ့ ဝင်တိုက်မိခဲ့တာ၊ အဲဒီမှာ ဖုန်းနဲ့အိတ်ကလည်း ဆိုင်တစ်ဆိုင်တည်းက ဝယ်လာတာမို့ ဆင်တူဆိုတော့ ခုလို မှားသွားတာပဲ''

ဖေဖေက လေပူကြီးကို တစ်မိသားစုလုံးကြားအောင် မှုတ်ထုတ်လိုက်ရင်း ...

''တော်သေးတာပေါ့ သူရိန်ရာ ... မင်းအမေသာ ခုလို မကြည့်မိတဲ့ ဒီစာနဲ့အတူသာ သွားပေးလိုက်ရင်တော့ အင်း ... မတွေးရဲစရာပဲ''

ဖေဖေပြောတာကို နားထောင်ရင်း ကျွန်တော် ရယ်မိတော့တယ်။ မေမေက ...

''သဘောပေါက်တယ်နော် ကိုဇော်မင်း၊ ရှင့်သိက္ခာကို ကျွန်မ ဆယ်လိုက်တယ်မှတ်ပါ''

''အေးပါကွာ ... အေးပါ အေးပါ''

အဲဒီအချိန်မှာပဲ မေမေက ကျွန်တော့်ဘက် လှည့်ပြီး တစ်စခန်း ထ,လာပါတယ်။

''သား ကိုသူ ... ကောင်မလေးက လှလား''

''ဗျာ ... ဘာဖြစ်လို့လဲ''

''ဩော် ... ဗီဒီယိုတွေထဲမှာဆိုရင် ဒါ ... ဇာတ်လမ်းပဲလို့ တွေးမိလို့ပါ''

ကျွန်တော်က မျက်ခုံးပင့်လိုက်ပြီး ...

''အင်း ... လှပါတယ်၊ ပြီးတော့ ... မေမေပြောသလိုလည်း တွေးမိပါတယ်၊ ဒါပေမဲ့ ...''

''ဒါပေမဲ့ ... ဘာဖြစ်လို့လဲ ကိုသူ''



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဘာမှပြောမနေတော့ဘဲ စားပွဲပေါ်မှာ ခွေခွေလေး လှဲလျောင်းအိပ်စက်နေတဲ့ ဘရာစီယာအနက်ရောင်ကလေးကိုပဲ မျက်နှာပူပူ လက်ပူပူနဲ့ လှုပ်နိုးကောက်ယူလိုက်ပါတော့တယ်။



တစ်ခါတစ်ခါကျတော့လည်း
ကိုယ်ပုံကြည့်ဂါကို ဖူးစာလို
အမည်ပေါက်သတ်မှတ်လိုက်ချင်တယ်။
ပန်းနဲ့လိပ်ပြာ ...ဝတ်မှုန်ကူးသလိုမျိုး
ကောင်းကင်နဲ့တိမ် ကိန်းဆောက်နေသလိုမျိုး
ဒါမှမဟုတ်
ပင်လယ်နဲ့ကမ်းခြေ အနားသတ်ထိစပ်နေသလိုမျိုးပေါ့ ...။



www.burmeseclassic.com

www.burmeseclassic.com

(၆)

ကျွန်တော်ရောက်သွားတဲ့အချိန်မှာတော့ သော်တာလမင်းဆိုတဲ့ သူမဟာ ချိန်းထားတဲ့ ကော်ဖီဆိုင်မှာ ရောက်နေပါပြီ။

"ဟိုင်း"

လက်မြှောက်ပြပြီး အဲဒီလိုနှုတ်ဆက်လိုက်တာကို သူက ခပ်တည်တည်ဟန်လေးနဲ့ ...

"ဟိုင်းလို့ နှုတ်ဆက်ရအောင် ကျွန်မက ဟစ်တလာ မဟုတ်ဘူးရှင့်"

"ဟုတ်ပါတယ်၊ ခင်ဗျားမှာလည်း နှုတ်ခမ်းမွေး မရှိပါဘူး"

သူ မျက်စောင်းထိုးပြန်တယ်။ ကျွန်တော်က ပြုံးစစနဲ့ ဝင်ထိုင်လိုက်တော့ သူ့ရှေ့က ဖုန်းကို ကျွန်တော့်ဘက် တိုးပေးပြီး ...

"ရော့ ... ရှင့်ဖုန်း၊ ဘယ်မှာလဲ ... ကျွန်မ ဖုန်းရော"





"ဟာ ... ပေးမှာပေါ့ဗျာ၊ ဒီမှာ ဌာန်ကရိုဏ်းကျအောင် ထိုင်ပါရစေဦး၊ ခင်ဗျားက တော်တော် မတရားတာပဲ"

"ဘာရှင့်"

"ဟုတ်တယ်လေ၊ မတော်တဆနဲ့ မှားကြတာပဲ၊ ခု ... ကျွန်တော်ကတောင် တကူးတက ပြန်လာပေးတာ၊ ကော်ဖီလေး ဘာလေး သောက်ပါဦးလို့ ဟန်ဆောင်ပန်ဆောင်လေးတောင် မပြောဘူး"

သူက အားနာသွားတဲ့ပုံစံလေးနဲ့ ...

"အဲဒီသဘော မဟုတ်ပါဘူး၊ ကော်ဖီသောက်လေ၊ ဗိုက်ဆာရင် မုန့်ပါမှာစား၊ ပြန်ရင် ရေသန့်ဘူးပါ ထည့်ပေးလိုက်မယ်"

"အာ"

ကျွန်တော် အောင့်သက်သက်ဖြစ်သွားတဲ့ပုံစံကြောင့် သူက ခေါင်းကလေး ငုံ့စောင်းရင်း ရယ်ပါတယ်။ အသည်းယားလို့ နင်းကန်စားသောက်ပစ်လိုက်မယ် စိတ်ကူးပြီးမှ ကော်ဖီတစ်ခွက်ပဲ ကျွန်တော် မှာသောက်ဖြစ်တယ်။

သူ့ဖုန်းကိုလည်း ထုတ်ပေးလိုက်ရင်း ...

"ရော့ ... ဒီမှာ ခင်ဗျားဖုန်း၊ စစ်ကြည့်လိုက်ဦး"

"အို ... ရပါတယ်၊ မစစ်တော့ပါဘူး"

အဲဒီတော့မှ ကျွန်တော်လည်း မျက်နှာပူပူနဲ့ပဲ ပြန်ယူလာတဲ့ စက္ကူအိတ်ကို ထပ်တိုးပေးလိုက်တယ်။ ပါးစပ်ကလည်း ...

"ဒါလည်း ခင်ဗျားဟာပဲ၊ စစ်ချင်ရင် စစ်ကြည့်"

"ရှင် ... စက္ကူအိတ်ချင်းပါ မှားသွားတယ် ... ဟုတ်လား"

"ဟုတ်တယ်၊ အိမ်မှာတောင် ကျိုင်တက်တော့မလို့"

"ဟင် ... ဒါ ... ဒါဆို ဒီအိတ်ထဲက"



www.burmeseclassic.com

www.burmeseclassic.com

အထစ်အထစ်နဲ့ပြောရင်း သူ့မျက်နှာလေးဟာ ရဲပဒေါင်းခတ်သွားတော့တယ်။ ကျွန်တော့်ကိုတောင် မကြည့်ဘဲ . . .

"ဘာ . . . ဘာဖြစ်လို့ ဖွင့်ကြည့်လိုက်တာလဲ၊ ကျွတ်စ်"

အရေးထဲ ကျွန်တော်က မရိုးမသားစိတ်နဲ့ ကြည့်သလိုဖြစ်ရဦးမယ်၊ အဲဒီလိုတော့ လားလားမှ အထင်မခံနိုင်တာမို့ . . .

"ဖွင့်ချင်လို့ ဖွင့်တာမဟုတ်ပါဘူးဗျာ၊ ကျွန်တော့်အဖေက သူတပည့်မ နိုင်ငံခြားသွားမယ်ဆိုလို့ ကျွန်တော့်ကို ပစ္စည်းဝယ်ခိုင်းတာ၊ အဲဒါ . . . ကျွန်တော်က မျက်မှန်ဝယ်လိုက်တယ်၊ ခင်ဗျားနဲ့တိုက်မိပြီး အိတ်ရော၊ ဖုန်းပါ မှားသွားတာလေ၊ အိမ်ရောက်တော့ အမေက ဖွင့်ကြည့်ပြီး အဲဒါကို တွေ့သွားတော့ ပြဿနာတက်ရောပေါ့ဗျာ၊ မျက်မှန်အစား အဲဒါကြီးဆိုတော့ စဉ်းစားကြည့်ပေါ့၊ မကြည့်မိဘဲ သွားပေးလိုက်ရင်တော့ အကုန်ငွမ်းပြီ"

"ဩ"

သူ့ဆီက အသံလေးထွက်လာပါတယ်။ ပြီး . . . အရှက်မျက်နှာကို ရယ်ချင်စိတ်နဲ့ ဖုံးအုပ်လိုက်ပြီး ခေါင်းကလေးမော့လာတယ်။

"အင်းလေ . . . တော်သေးတာပေ့ါ၊ မျက်မှန်ထည့်ထားတဲ့ ရှင့်အိတ်ကိုတော့ ကျွန်မ ဖွင့်မကြည့်မိသေးပါဘူး၊ ဖုန်းမှားတာလည်း ရှင်ဆက်မှသိတာ"

"ကျွန်တော်လည်း ခင်ဗျားသူငယ်ချင်းဆီက ဖုန်းဝင်လာလို့ မသင်္ကာဖြစ်သွားတာ၊ ခုတော့ . . . အိမ်မှာလည်း အေးအေးဆေးဆေးဖြစ်သွားပါပြီ"

ဖုန်းကို ဖွင့်ကြည့်ရင်း သူ့ပါးစပ်က 'ဩော် . . . နေခြည့်ဆီကပဲ'လို့ ခပ်တိုးတိုးဆိုတယ်။ တစ်ဆက်တည်း ဖုန်းပြန်ခေါ်လိုက်ရင်း . . .

"အေး နေခြည် . . . ငါပါဟ၊ မနက် ဖုန်းခေါ်တယ်ဆိုလို့"





တစ်ဖက်က ဘာပြန်ပြောလိုက်လဲ မသိဘူး။ သူ့ပါးစပ်က အာ . . . မဟုတ်ပါဘူးဆိုတဲ့အသံနဲ့ မျက်နှာပေါ်မှာလည်း ရှက်သွေးတွေ ကပိုကရို လှဲ့ဖြာသွားလေရဲ့။ အင်း . . . ဒါဟာ တစ်ဖက်က သူ့သူငယ်ချင်းက ဖုန်းကိုင်တာ နင့်ရဲ့ဘာညာလားလို့ မေးလိုက်တာပဲဖြစ်မယ်။ ကျွန်တော်က ဘယ်ကိစ္စမဆို အကောင်းဘက်ကပဲ အမြဲတွေးလေ့ရှိတာပါ။

ခုလည်း သူတို့အချင်းချင်း သုံးမိနစ်လောက် စကားပြောနေသေးတယ်။ စကားပြတ်တော့မှ ဖုန်းချပြီး ငေါင်စင်းစင်းထိုင်နေတဲ့ ကျွန်တော်တို့

"ဟို . . . ကိုသူရိန် . . . ခု ဘယ်သူ"

"သူရိန်ပဲ ခေါ်ပါ"

အဲဒီတော့မှ သူက . . .

"ဟိုဟာပါ၊ ရှင့်မျက်မှန် လိုက်ယူမယ်ဆိုရင် ကျွန်မတို့ဆိုင်ကို လိုက်ခဲ့လေ၊ တစ်ခါတည်း ပြန်ယူသွားပေ့ါ"

"အင်း . . . လိုက်ခဲ့မယ်၊ ရော့ ရော့ . . . ခင်ဗျားမျက်မှန်အိတ်၊ အဲလေ . . ."

ထရပ်လိုက်တဲ့ သူ့ကို ကျွန်တော်ယူလာတဲ့အိတ် လှမ်းပေးလိုက်တာပါ။ မျက်စောင်းကို ဒိုင်းခနဲနေအောင်ထိုးရင်း သူမဟာ သူမရဲ့မျက်မှန်အိတ်ကို လွတ်လွတ်ကျွတ်ကျွတ် လှမ်းယူလိုက်ပါတော့တယ်။

ကျွန်တော်လည်း တောက်ဆတ်တောက်ဆတ်နဲ့ ထွက်သွားတဲ့ သူ့နောက်က ကြည့်ကျက်လိုက်သွားရတော့တာပေ့ါ။



www.burmeseclassic.com

www.burmeseclassic.com

(၇)

ဒီကိစ္စဟာ ဒီမှာတင် မပြီးသေးပါဘူး။ ဘယ်ပြီးမလဲ။ ကျွန်တော်ဆိုတဲ့ကောင်က သော်တာကို တော်တော်ကြာကောက်ချင်နေပြီလေ။ စိတ်ဝင်စားနေမိပြီလို့ ဆိုလိုတာပါ။

နောက်နေ့ ဆိုင်ကိုရောက်တော့ အောင့်အီးပြီးမနေနိုင်လို့ ဟိုနှစ်ကောင်ကို ပြောပြဖြစ်တယ်။

နှစ်ကောင်စလုံးက ကျွန်တော့်ကို အထူးအဆန်းသတ္တဝါလိုကြည့်ရင်း နားထောင်နေပြီးမှ ဝေဖြိုးက အရင် ...

''ဒီကိစ္စတွေဟာ အမှန်ပဲလား သူရိန်''

ကျွန်တော် တင်းသွားတယ်၊ ချက်ချင်းပဲ 'ဘု' ပြန်ကောမိလိုက်ရဲ့။

''စာသံပေသံနဲ့ မပြောစမ်းနဲ့ကွာ၊ မင်းတို့ကို ငါက ညာနေပါ့မလားကွ''





အဲဒီတော့မှ အောင်ကိုက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

''အင်း ... ဟုတ်တော့ဟုတ်နေပြီ ထင်တယ်''

''ဟင် ... ဘာကို ဟုတ်နေတာလဲ''

ဝေဖြိုးက ဖြတ်မေးလိုက်တာပါ။ အောင်ကိုက မင်းတော့ နလပိန်းတုံးပဲဆိုတဲ့ဟန်နဲ့ မညှာမတာကြည့်ရင်း ...

''စဉ်းစားကြည့်လေကွာ၊ မနေ့ကပဲ ဟိုဗေဒင်ဆရာမဆီ သွားမေးတယ်၊ တစ်နေ့တည်းမှာပဲ ဒီကောင် စိတ်ဝင်စားတဲ့ကောင်မလေးနဲ့ ဆုံလာရတယ်ဆိုတော့၊ ဒါဟာ သာမန်တိုက်ဆိုင်မှုသက်သက်လား၊ ဒါမှမဟုတ်''

အဲဒီ ဒါမှမဟုတ်ကြီးဟာ ကျွန်တော့်ကို ခေါင်းစားစေပါတယ်။ ဒီကောင်ဆိုလိုချင်တဲ့သဘောက ဗေဒင်မှန်တယ်လို့ ပြောချင်တာပဲ။ အဲဒါကိုပဲ ကျွန်တော် ခေါင်းစားသွားတာ။ ဒီကိစ္စဟာ ကျွန်တော်ယူလာခဲ့တဲ့ ဖစ္စည်းတစ်ခုခုနဲ့များ ပတ်သက်နေသလားပေါ့။

ဟုတ်တယ်ဖြစ်စေ၊ မဟုတ်ဘူးဖြစ်စေ အဲဒီကိစ္စကို ကျွန်တော် ခဏမေ့ထားချင်တယ်။ လောလောဆယ်အတွေးထဲမှာ ပြေးလွှားနေတာက သော်တာလမင်းဆိုတဲ့ကောင်မလေးပဲ။

ခုလည်း ကမ္ဘာ့အတွေးအခေါ်ရှင်တွေလို စဉ်းစားခန်းဝင်နေကြတဲ့ ငပိန်းနှစ်ကောင်ကိုကြည့်ပြီး ...

''ကဲပါကွာ ... အဲဒါကိုထားလိုက်စမ်းပါ၊ ခု ... ငါ့စိတ်ထဲမှာ သော်တာနဲ့ ဘယ်လိုပတ်သက်လို့ရမလဲလို့ စဉ်းစားနေတာ''

''ဟင် ... မင်းပဲ သူ့ဆိုင်ကို သိတယ်ဆို''

''သိပါတယ်၊ လိပ်စာကဒ်လည်း ယူလာခဲ့တယ်''

''ဘာတွေရောင်းတာလဲ''

''တယ်လီဖုန်းဟန်းဆက်တွေ''



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ဝေဖြိုးက စားပွဲကို ဖြန်းခနဲပုတ်လိုက်ရင်း ...

''ဒါများကွာ ... တွေ့ချင်ရင် ဟန်းဆက်သွားဝယ်ပေါ့၊ ပွဲပြီးနေပြီပဲ ဥစ္စာ''

ဒီကောင့်ကိုတော့ တော်တော်မြင်ပြင်းကတ်လာပါပြီ။ အောင်ကို ကြည့်သလို နလပိန်းတုံးတင်မဟုတ်ဘူး။ ကမ္ဘာ့တုံးကြီးတစ်ယောက်ကို ကြည့်သလို ကြည့်လိုက်ရင်း ...

''ဝေဖြိုး ... မင်းအတွေးက တော်တော်ချို့တယ်ကွာ''

''ဟ ... ဘာဖြစ်လို့လဲ''

''ငါ့ဟန်းဆက် အကောင်းကြီးဆိုတာ သူသိတယ်ကွ၊ ပြီးတော့ ... ငါက နေ့တိုင်း တွေ့ချင်တာလေ၊ သွားတိုင်းသာ ဝယ်ရရင်တော့ တစ်ရက်တစ်လုံး ဖြစ်နေမှာပေါ့''

''ဟေ့ကောင် ... ငါ့အတွေးက ချို့တာမဟုတ်ဘူး၊ မင်းအတွေးကမှ တိမ်တာ၊ တစ်ရက်တစ်လုံးတော့ ဝယ်မလားကွ၊ ခုတစ်ပတ် ငါ့ကို လက်ဆောင်ပေးဖို့ဆိုပြီး ဝယ်ပေးလိုက်၊ နောက်ရက်မှာ ဟန်းဆက်ကြောင်တယ်ဆိုပြီး သွားပြပေါ့၊ နောက်တစ်ပတ်ရောက်ရင် အောင်ကို့ကို တစ်လုံးဝယ်ပေး၊ နောက်ရှိပါသေးတယ်ကွာ၊ စုသဲဖြူတို့ ငါ့ ကောင်မလေး မွန်မွန်တို့ကိုလည်း တစ်လုံးစီ ...''

''ဟေ့ကောင် တော်တော့ ... တော်တော့၊ မင်းရဲ့အမြော်အမြင်ကြီးမားတဲ့ ကမ်းလှမ်းချက်ကို ငါ ငြင်းဆိုတယ်၊ မင်းရဲ့အကြံက နောက်ပိုင်းမှာ မင်းရဲ့ဆွေတော်ရှစ်သောင်း မျိုးတော်ရှစ်သောင်းပါ ပါလာမယ့်ပုံပဲ''

''ကဲ ... တော်ကြတော့၊ ဟိုမှာ ငြင်းဆိုလို့မရတဲ့ ကမ်းလှမ်းချက်တွေ လာပြီ၊ အလုပ်ဘက်ကိုလည်း လှည့်ဦး''

ဟုတ်ပါတယ်။ အောင်ကို့အပြောကြောင့် လှမ်းကြည့်လိုက်တော့ ဆလွန်းကားတစ်စီးနဲ့ ဇင်တစ်စီးတို့က ယှဉ်ပြီး ဝင်ရောက်လာတာပါ။ ဒီနေ့တော့ ဈေးဦးပေါက် 'လှ' ပြီလို့ ကျွန်တော် တွက်လိုက်တယ်။

သုံးယောက်သား ကြည့်နေစဉ်မှာပဲ ဆလွန်းကားထဲက အမျိုးသမီးတစ်ယောက် ဆင်းလာပါတယ်။ ပါတိတ်ဝမ်းဆက်ကိုဝတ်ထားပြီး အရပ်ပုတဲ့ ခန္ဓာကိုယ်ကို သိမ်းထုပ်ထားတယ်။ ဆံထုံးအကြီးကြီးကိုလည်း ဆွဲထားပြီး ရွှေကိုင်းမျက်မှန်ကို တပ်ထားတယ်။ ပိုက်ဆံအိတ်ကြီးကလည်း ဟီးလို့။

အဲဒီအမျိုးသမီးကောင်တာဆီကို လှုပ်လီလှုပ်လဲ့လျှောက်လာစဉ်မှာပဲ ဇင်ကားဘက်က ဆင်းလာတဲ့ ဖက်တီးမတစ်ယောက်ဟာ ခေတ်ပေါ်အဝတ်အစားတွေကို ပတ်ပြီး စည်ပိုင်းကြီးလို လိမ့်ဝင်လာလေရဲ့။

ကောင်တာရှေ့ကိုလည်း နှစ်ယောက်စလုံး ပူတွဲချန်ပီယံအနေအထားနဲ့ရောက်တယ်။ အရပ်ပုတဲ့ မျက်မှန်နဲ့အမျိုးသမီးက အရင် ကျွန်တော့်ကို ရှန်းရှန်းစားစားကြည့်ပြီး ...

''ချောလိုက်တာ''

''ခင်ဗျာ''

ကျွန်တော် ကြောင်သွားရတယ်။ ချက်ချင်းပဲ မသိဟန်ဆောင်ပြီး ပြန်မေးလိုက်တယ်။

''ကျွန်တော်တို့ ဘာလုပ်ပေးရမလဲဗျ''

မျက်မှန်တပ် အမျိုးသမီး စကားပြောဖို့ အားယူနေစဉ်မှာပဲ ဖက်တီးမက သူ့မျက်နှာကို ကျွန်တော့်ရှေ့တိုးလိုက်ပြီး ...

''ဒီမှာ ... တို့ကားကို ရေဆေးပေးပါ''

''ဟုတ်ကဲ့''

''အို ... ဘယ်ဖြစ်မလဲ၊ တို့က အရင်ရောက်တာလေ မောင်လေး။ မကားကို အရင်ဆေးပေးနော်''

www.burmeseclassic.com



''ဟုတ်ကဲ့''

''အာ . . . မရဘူးလေ၊ သမီးက အရင်ပြောတာကိုပဲ၊ ဒီမှာ . . . တို့က ရေဆေးပြီးရင် ဆီလည်း ထိုးမှာနော်၊ အရင်ပဲ ထိုးပေး၊ အဲ . . . လုပ်ပေး''

''ဟဲ့ . . . ငါလည်း ဆီထိုးမှာပဲ၊ ဟဲ့ . . . မရဘူး၊ ငါ အရင်ပဲ မောင်လေး . . . မမကို အရင်လုပ်ပါနော်''

ကြည့်ရတာ တော်တော်မျက်စိနောက်လာပါပြီ။ နှစ်ယောက်စလုံး နေရာလုပြီး စကားများလိုက်၊ ကျွန်တော့်ကိုလည်း ဉာဉတုတုတွေရော၊ ရွှန်းရွှန်းစားစားတွေပါ ရောမွှေပြီး ကြည့်လိုက်နဲ့ အနေရခက်လာတော့တယ်။

အဲဒီအချိန်မှာပဲ ဝေဖြိုးက . . .

''ဒီမှာခင်ဗျ . . . ကျွန်တော် ပြောပါရစေ''

မျက်မှန်တပ်အမျိုးသမီးက အရင် ဝေဖြိုးကို ရှုတင်းတင်းကြည့်လိုက်ပြီး . . .

''ဘာမှဝင်မပြောနဲ့၊ ခုကိစ္စကို ဒီက မောင်လေးပဲ ဆုံးဖြတ်ပါစေ''

''ဟုတ်တယ်၊ ယူ ဆုံးဖြတ်တာကိုပဲ တို့လည်း လက်ခံမယ်၊ ဒါပဲ''

အရေးထဲမှာ ဖက်တီးမကလည်း တစ်မျိုး၊ ဝေဖြိုးလည်း စိတ်မရှည်တော့ဘူးနဲ့တူပါတယ်။

''ဟာဗျာ . . . ဒုက္ခပါပဲ၊ သူရိန် မင်းကိစ္စကို မင်းပဲ ရှင်းတော့''

''ဟယ် . . . သူရိန်တဲ့လား''

အဲဒါက ဖက်တီးမ သူ့ရင်ဘတ်ကိုဖိပြီး ထွက်လာတဲ့အသံပါ။ မျက်မှန်တပ်ကလည်း အားကျမခံပါဘူး။

''မောင်လေးရယ် . . . နာမည်လေးက လှလိုက်တာ၊ မမဖြင့် ရင်ထဲမှာ ဖိုးသိုးဖတ်သတ်နဲ့ တစ်မျိုးကြီး ဖြစ်သွားတယ်''





သူတို့ဟာသူတို့ တစ်မျိုးမကလို့ ဆယ့်နှစ်မျိုးဖြစ်လည်း ကျွန်တော်သည်းမခံနိုင်တော့ပါဘူး။

ဟိုနှစ်ကောင်ကို လှည့်ကြည့်တော့လည်း ခပ်လှမ်းလှမ်းကနေ ပြုံးစိစိနဲ့ ပခုံးတောင် တွန့်ပြနေကြတယ်။

ကျွန်တော်က မျက်နှာကြောကို မာလိုက်ပြီး . . .

''ဒီမှာ . . . ဒီကိစ္စကို ခင်ဗျားတို့ဘာသာ ဆုံးဖြတ်ပါ၊ ကျွန်တော်တို့ကတော့ သတ်မှတ်ထားတဲ့ဈေးနှုန်းရရင် လုပ်ပေးမှာပဲ''

''ဒါ . . . ဒါဆို ဘယ်လိုဆုံးဖြတ်ရမှာလဲ . . . ဟင်''

မျက်မှန်တပ်က မျက်နှာငယ်လေးနဲ့ မေးလာသေးတယ်၊ ကျွန်တော်လည်း စိတ်မရှည်တော့ဘဲ . . .

''မသိဘူးဗျာ၊ ခင်ဗျားတို့နှစ်ယောက် ကျားဘိုပဲ ဆွဲဆွဲ၊ အစိုအခြောက်ပဲ လှန်လှန်၊ တုတ်တိုတုတ်ရှည်ပဲ နှိုက်နှိုက် . . . ကြိုက်သလိုလုပ်''

''ကဲ . . . တော်ကြပါတော့ဗျာ၊ ဘာတွေဖြစ်နေမှန်းကို မသိဘူး၊ တော်ပြီဗျာ . . . ဒီနေ့အဖို့ ခင်ဗျားတို့မှ မဟုတ်ဘူး၊ ဘယ်သူ့ကားကိုမှ လုပ်ပေးတော့ဘူး၊ ဆားဗစ်စင် ပိတ်လိုက်ပြီ''

ရုတ်တရက် ကျွန်တော် ထအော်လိုက်လို့ သုံးယောက်စလုံး နောက်ဆုတ်သွားကြတယ်။

မျက်မှန်တပ်အမျိုးသမီးက မျက်နှာအိုအိုလေးနဲ့ ရှေ့တိုးလာပြီး . . .

''မောင်လေး . . . မမကြောင့်ဆိုရင်တော့ မပိတ်ပါနဲ့ကွယ်၊ နောက်နေ့ ဒင်းတို့နဲ့ မဆုံတဲ့အချိန်မှ လာခဲ့မယ်နော်၊ လိပ်စာကဒ်ကလေးပဲ ယူသွားတော့မယ် သိလား၊ မမက အပျိုကြီးပါကွယ်၊ နာမည်က . . . လှလှမြင့်တဲ့''

''ဘာမှမဆိုင်ဘူး၊ အရေးထဲ ကြော်ငြာက ဝင်နေသေးတယ်၊ ကိုယ့်နာမည်က မီးလေးတဲ့၊ တို့လည်း ကတ်ကလေး တစ်ကတ်လောက်''



www.burmeseclassic.com

www.burmeseclassic.com



''ယူကြဗျာ၊ အကုန်သာယူကြတော့''

ကျွန်တော့်ရဲ့စိတ်မရှည်သံကြောင့် အခြောက်မဆီက ...

''မာမီကတော့ ကတ်မယူတော့ပါဘူး၊ လူကိုပဲ၊ အဲလေ ... ဖုန်းနံပါတ်လေးပဲပေး၊ ဟိုလေ ... သားဖုန်းက ကဒ်ဖုန်းလားဟင်''

''ဟာဗျာ ... ကျိအက်အမ်ပါဗျ''

''ဟယ် ... တို့လည်း ကျိပဲ''

ဒေစီစကားအဆုံးမှာ မီးလေးက ဆတ်ခနဲ ...

''သိသားပဲ၊ ကျိမှ ကျိပုန်းဆိုတာ''

''ဟဲ့ ... နင်က ဘာပြောတာလဲ''

''ဟင်း ... ဟင်း ... ဘာမှမပြောပါဘူး၊ ကိုသူ မီးလေး သွား...နော်''

''မောင်လေး ... မမလည်း နောက်နေ့မှလာမယ် သိလား''

ကြောင်တောင်တောင်နဲ့ ရပ်နေသေးတဲ့ ဒေစီကို ကျွန်တော်...ခပ်တည်တည်နဲ့ ...

''ခင်ဗျားလည်း သွားတော့လေ၊ ဘာလုပ်နေတာလဲ''

ဒေစီက ရင်ဘတ်ကိုဖိပြီး ...

''ဟယ် ... မာမီ့ကို အဲဒီလိုကြီးမနှင်ပါနဲ့၊ သွားဆိုလည်း သွား...မယ် ... ဟွန်း''

သုံးယောက်စလုံး ကားပေါ်ကို ကိုယ်စီတက်ကြပြီး တစ်ယောက်...တစ်ယောက် စောင်နေကြသေးတယ်။ ပြီးမှ ပြိုင်တူ မောင်းထွက်သွား...လေရဲ့။

ထိုင်ခုံမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး လေပူကြီးကို လိုက်လို...လှဲလှဲမှုတ်ချလိုက်ပြီးချိန်မှာတော့ ကျွန်တော့်ကိုယ်ကျွန်တော် မြော့ပြော...





...နိုင်တော့တယ်လို့တောင် ထင်မိတယ်။

အဲဒီအချိန်မှာပဲ အနားရောက်လာတဲ့ ဝေဖြိုးနဲ့အောင်ကိုတို့က ကျွန်...တော့်ကိုကြည့်ပြီး အားမနာ လျှာမကျိုး ဝါးလုံးကွဲရယ်ကြပါတော့တယ်။

ကျွန်တော် ဘာမှစကားမပြောနိုင်သေးဘဲ မျက်လုံးကိုမှိတ်ပြီး မှိန်း...နေမိသေးတယ်။

အရယ်ရပ်တော့မှ အောင်ကိုက ...

''ဟောကောင် ... စွံလှချည်လားကွ၊ အပျိုကြီးရယ်၊ ဖက်တီးမရယ်...င် မကဘူး ... အခြောက်တောင် ပါသေးတယ်''

ဝေဖြိုးကလည်း ...

''သူရိန် ... မင်း ဗေဒင်ဟောခန်းသွားတုန်းက ပီယဆေးရခဲ့တာ...လား၊ ဒါမှမဟုတ် ယတြာတွေများ ချေလာခဲ့သလားဟင်''

ကျွန်တော့်ခါးဟာ ဆတ်ခနဲ မတ်သွားရတယ်၊ တကယ်ပဲ ဒီအဲဖြစ်...ပျက်က ဗေဒင်ဟောခန်းနဲ့ ဆိုင်နေပြီလား။

ဒီလောက်ကြီးတော့ ဘယ်လိုမှ မဖြစ်နိုင်လောက်ဘူးလို့ တွေးလိုက်...နည်းနည်းစိတ်အေးသွားရတယ်။

နှစ်ကောင်စလုံးကို ပြန်ကြည့်ပြီး ...

''မဆိုင်ပါဘူးကွာ၊ ဒီကိစ္စတွေက တိုက်ဆိုင်တာပါ''

''ထားပါတော့၊ ခုတော့ ... မင်း တော်တော်မောသွားတယ်...တ်လား''

''အေးကွာ ... မထူးတော့ပါဘူး၊ ဒီနေ့တော့ ဆိုင်ကို နေ့တစ်ဝက်...ရအောင်''

''ဟင် ... ဘာဖြစ်လို့လဲ''

''ဘီယာသွားသောက်မလို့၊ စိတ်ရှုပ် လူပင်ပန်းနေပြီကွ''



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်စလုံး မငြင်းဘဲ ငါးရှူပြုံးလေးတွေကိုယ်စီ ပြုံးသွားကြလေရဲ့။



(၈)

"ဟော့ကောင် သူရိန် ... မင်း ဘာဖြစ်နေတာလဲ၊ ဂနာကို မငြိမ်ဘူး"

လှမ်းပြောတဲ့ ဝေဖြိုးကို ကျွန်တော် မျက်နှာငယ်လေးနဲ့ ကြည့်လိုက်တယ်။

ပြောချင်လည်း ပြောစရာပါ။ အလုပ်ထဲရောက်ကာတည်းက ထိုင်မရ ထမရနဲ့ ဂွတီးဂွကျဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ် သိတယ်။

အကြောင်းက ဘာမှမဟုတ်ဘူး။ ရှင်းရှင်းလေး။ ရင်ဘတ်ထဲမှာ သာနေတဲ့ သော်တာဆိုတဲ့ လမင်းလေးနဲ့ တွေ့ချင်နေတာ။ တွေ့တာမှ မကြာသေးဘူး အဖြစ်သည်းတယ်လို့ မထင်ကြပါနဲ့။ ရင်ဘတ်ကို တံခါးပိတ်ပြီး မြို့နေတဲ့အချစ်စိတ်တွေနဲ့ နေလာခဲ့တဲ့ ကျွန်တော့်အသက်ကိုလည်း သတိရကြပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ဝေဖြိုးစကားအဆုံးမှာ အောင်ကိုက လှမ်းအော်တယ်။

''ဖြစ်မှာပေါ့ ဝေဖြိုးရာ၊ မနေ့က လာသွားတဲ့ သူ့ဖောက်သည် သုံးယောက်ကို မျှော်နေတာဖြစ်မှာပေါ့''

ကျွန်တော် နှင်သွားတယ်။ မင်းကြီးတော်ကြီး မျှော်ရမှာလားလို့လည်း ခပ်တိုးတိုး ကျိန်ဆဲလိုက်မိတယ်။ အဲဒီ လှလှမြင့်ဆိုတဲ့ သက်ကြီးပုအပျိုကြီးနဲ့၊ မီးလေးဆိုတဲ့ ဖက်တီးမကို ဦးနှောက်ထဲမှာတောင် မရှိဘူး။ ဒေစီဆိုတဲ့ အခြောက်မဆိုရင်တော့ ဝေးလာဝေးပဲ။

ခုလည်း မနေသာတော့တဲ့ ကျွန်တော်က ဖြောင်ပဲ ပြောလိုက်တော့တယ်။

''အဲဒါတွေနဲ့ ဘာမှမဆိုင်ဘူးကွ၊ ခု . . . ငါဖြစ်နေတာက သော်တာနဲ့ တွေ့ချင်တာ၊ သော်တာ့ဆီ သွားချင်နေတာကွ''

သိရက်သားနဲ့ 'ဩော် . . . ဒီလိုလား' ဆိုပြီး ဝေဖြိုးက ခနဲ့တဲ့တဲ့ဆိုတယ်။ အောင်ကိုကတော့ နည်းနည်းလေးကိုယ်ချင်းစာလို့လား မသိဘူး တွေ့ချင်ရင်လည်း သွားပေါ့လို့ ပြောလာတယ်။

ဒါနဲ့ပဲ စိတ်ထဲမှာ တစ်ခါတည်း ဆုံးဖြတ်ပြီး ဒီနှစ်ကောင်ထဲက အောင်ကို့,ကို ရွေးလိုက်တယ်။

အောင်ကို့အနား ကပ်သွားလိုက်ပြီး . . .

''အောင်ကို . . . ငါနဲ့ အဖော်လိုက်ခဲ့ပေးစမ်းပါကွာ၊ သော်တာဆီ သွားရမှာ တစ်ယောက်တည်း ကြောင်လို့''

အောင်ကိုက ခပ်တည်တည်ပုံစံနဲ့ . . .

''ဝေဖြိုးကို ခေါ်သွားလေကွာ၊ ငါ ဆိုင်ကြည့်ထားပါ့မယ်''

ဒီကောင် ဈေးကိုင်ပြီဆိုတာ သိပါတယ်။ အဲဒါကြောင့် ခပ်အုပ်အုပ်ပေယသံနဲ့ . . .





''ဟာ . . . ဝေဖြိုးအကြောင်း မင်းသိသားပဲ၊ မင်းပြောသလို နလပိန်းတုံးကောင်ကွ၊ ဘာမှအားကိုးလို့ရမှာမဟုတ်ဘူး။ မင်းကမှ စာရေးဆရာမရဲ့ ခင်ပွန်းလောင်းဆိုတော့ အကြံကောင်းဉာဏ်ကောင်းလေး ထွက်ချင်ထွက်ဦးမှာ''

အမှန်တော့ ဘာမှမဆိုင်ဘူး။ ဒါပေမဲ့ . . . ဒီစကားက အောင်ကို့နားထဲကို ရတနာပီတိဂွမ်းဆီထိသလို ဖြစ်သွားပုံပေါ်တယ်။ ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှန်း မစဥ်းစားမဆင်ခြင်ဘဲ . . .

''အေး . . . မင်းပြောတာလည်း ဟုတ်တာပဲ''

လို့ မရှက်မကြောက် ပြန်ပြောလာတယ်။

တစ်ဆက်တည်း ဝေဖြိုးဘက်လှည့်ပြီး လှမ်းအော်လိုက်ရဲ့။

''ဝေဖြိုး . . . ဟော့ကောင် ဆိုင်မှာ ခဏနေခဲ့ဦး၊ ငါ . . . ဒီကောင့်ကိစ္စ လိုက်လုပ်ပေးလိုက်ဦးမယ်''

ဒင်းက ချက်ချင်း ဆရာကြီးလေသံတောင် ထွက်လာသေးရဲ့။ အင်းလေ . . . ဆရာကြီးဆိုတော့လည်း သေရင် အရှေ့က အရင်သေပေါ့လို့ ကျွန်တော် ရက်ရက်စက်စက် တွေးထားလိုက်တယ်။

ဒဂုံစင်တာရောက်တော့ ကျွန်တော်ကပဲ ဦးဆောင်ပြီး ခေါ်သွားလိုက်ပါတယ်။ သော်တာတို့ဆိုင်ကလေးကိုပေါ့။

ဆိုင်ရှေ့နားရောက်တော့ အောင်ကိုက လေသံတိုးတိုးနဲ့ . . .

''ဟော့ကောင် . . . ဖြစ်ပါ့မလား''

''လာစမ်းပါကွာ . . . ကျွတ်ကျဲမနေနဲ့၊ ကာယကံရှင်က ငါပါကွ''

အောင်ကို စိတ်အေးသွားပုံပေါ်တယ်။ ဆိုင်ထဲကိုလည်း ကျွန်တော်နောက်က ငြိမ်ကုတ်ပြီး လိုက်ဝင်လာတယ်။

အထဲရောက်တော့ သော်တာကို မယှိုးသွင်းသေးတဲ့အလှနဲ့ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါတယ်။ သူကတော့ မြင်ပုံမပေါ်ဘူး။ မုန့်ဗီရိုတစ်ခုရှေ့မှာရပ်ပြီး ဟန်းဆက်ကလေးတွေကို နေရာချနေတယ်။

ဟိုနေ့က အိတ်လိုက်ယူလို့ မှတ်မိနေပုံရတဲ့ တစ်ယောက်က ကျွန်တော်တို့ကို လှမ်းမြင်ပြီး သော်တာကို တိုးတိုးကပ်ပြောတယ်၊ သော်တာက ဆတ်ခနဲလှည့်ကြည့်ပြီး အံ့ဩရိပ်ကလေး မျက်နှာပေါ် ဖြတ်ပြေးသွားရဲ့။

မကျဉ်းမကျယ်ခြေလှမ်းတွေနဲ့ အနားကို လျှောက်လာပြီး ...

"ဘယ်သူများလဲလို့ ... ကိုသူရိန်ပါလား၊ ဘာလဲ ... ဟန်းဆက်လာကြည့်တာလား"

ကျွန်တော်က အောင်ကိုလက်ကို ဆတ်ခနဲ ဆွဲလိုက်ရင်း ...

"အဟဲ ... ကျွန်တော်တော့ မဟုတ်ပါဘူး၊ ဒီကောင်လေး ဟန်းဆက်လဲချင်လို့တဲ့၊ အဲဒါနဲ့ ကျွန်တော်လည်း ငါနဲ့သိတဲ့ဆိုင် ရှိတယ်ဆိုပြီး ခေါ်လာတာ၊ ဟော့ကောင် အောင်ကို မင်းလိုချင်တဲ့ ပုံစံမျိုး ပြောလိုက်လေ"

"ဟော ... ဘာ ... ဘာကိုပြောရမှာလဲ"

"ဟာ ... ဒီကောင် ကြောင်တောင်တောင်နဲ့၊ မင်းပဲ အသစ်ရောက်တဲ့ မော်ဒယ်မြင့်မြင့် ဟန်းဆက်မျိုး လဲချင်တယ်ဆို၊ ဒီမှာ အစုံရှိတယ်၊ ဟုတ်တယ်မလား ... မသော်တာ"

သော်တာလည်း ဈေးသည်ပီပီ အပြုံးလေးနဲ့ ...

"ဆိပ်ရှိတာပေါ့၊ လိုချင်တဲ့အမျိုးအစားနဲ့ပုံစံကိုသာ ပြော"

"အဲ ... အင်း"

မယားတဲ့ခေါင်းကို အောင်ကို တဖျဉ်းဖျဉ်းကုတ်လိုက်ပါတယ်။ ငါ့ဟန်းဆက်ကလည်း အကောင်းကြီး။ လဲမယ်လို့လည်း မပြောမိပါဘူးလို့လည်း စဉ်းစားနေပုံရတယ်။

ပြီး ... ကျွန်တော့်ကို ဆတ်ခနဲကြည့်လိုက်တဲ့အကြည့်ကတော့





'မင်းတော့ သေမယ်' ... ဆိုတဲ့ အကြည့်မျိုးပဲ။

"စဉ်းစားရခက်နေလို့လား ... လာလေ လိုက်ကြည့်မှပေါ့"

သော်တာ့စကားကြောင့် အောင်ကို ဆတ်ခနဲဖြစ်သွားရပြီး ...

"ဪ ... အင်း ... ကြည့်တာပေါ့"

နှစ်ယောက်သား သော်တာ့နောက်က လိုက်သွားရင်း အောင်ကိုက ကျွန်တော့်ကို လက်သီးထောင်ပြတယ်။ ကျွန်တော်က သဘောထားကြီးတဲ့ အပြုံးမျိုးတောင် ပြန်ပြုံးပြလိုက်ရဲ့။

အဲလိုနဲ့ အောင်ကိုတစ်ယောက် မတတ်သာတော့တဲ့အခြေအနေမှာ ဟန်းဆက်ရွေးရပါတော့တယ်။ ရှင်းပြနေတာက သော်တာမဟုတ်ပါဘူး။ ဆိုင်က ဝန်ထမ်းကောင်မလေးတစ်ယောက်ပါ။ သော်တာကတော့ ကိုယ့်ပစ္စည်းနဲ့ကိုယ် လေကုန်မှာစိုးတဲ့ပုံစံနဲ့ ဆိုင်ရှင်ပီပီ ဘေးမှာပဲ အသာရပ်နေတယ်။

အဲဒါကို ကျွန်တော်က အခွင့်ကောင်းယူပြီး ...

"မသော်တာ ... ဟန်းဆက်တွေ ရောင်းကောင်းတယ်မလား။ ငါးသိန်းဖုန်းတွေလည်း ပေါ်လာတော့လေ"

သော်တာက ...

"ဟုတ်တယ်၊ အရင်ထက်စာရင်တော့ အများကြီး သွက်ပါတယ်"

"ဒါဆိုရင်လည်း ကော်ဖီလိုက်တိုက်ပါလားဟင်"

"ရှင်"

ဘာမှတော့ မဆိုင်ပါဘူး။ ကျွန်တော်ကတော့ ဆိုင်အောင် လုပ်ပစ်လိုက်တယ်။ ကြောင်အမ်းနေတဲ့ သူ့ကိုကြည့်ရင်း ...

"ဟုတ်တယ်လေ၊ ကျွန်တော့်သူငယ်ချင်းက တကယ်ဝယ်မှာ။ သေချာတဲ့ ကာစတန်မာကို ကျွန်တော်က ခေါ်လာပေးတာနော်၊ ပွဲခအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီလေးတော့ တိုက်သင့်တာပေါ့''

သူ မျက်စောင်းထိုးပါတယ်။ ကျွန်တော့်မှာ ဒီစကားကို အောင်ကို ကြားအောင်လည်း ပြောထားရသေးရဲ့။

သော်တာကတော့ မျက်ခုံးလေးပင့်ပြီး ...

''အင်းလေ ... ဝယ်ဖြစ်ရင်တော့ တိုက်တာပေါ့''

ချက်ချင်းဆိုသလိုပဲ စပိုက်ဒါမန်းရဲ့အလျင်နှုန်းနဲ့ ကျွန်တော် အောင်ကိုအနား ရောက်သွားတယ်၊ အောင်ကိုကြည့်နေတဲ့ ဟန်းဆက်ကို ဆတ်ခနဲ ဆွဲယူပြီး ...

''ဟော့ကောင် ... ဒါလေးက မဆိုးဘူးနော်''

အောင်ကိုက ကြောင်တောင်တောင်နဲ့ ...

''အေး ... မဆိုးဘူးကွ၊ နောက်ပိုင်း ငါ ဟန်းဆက် လဲဖြစ်ရင်တော့ ဒါမျိုးလေးပဲ''

ကျွန်တော်က ချက်ချင်းပဲ ...

''ဟာ ... နောက်မှလုပ်မနေနဲ့၊ ဒီလိုပစ္စည်းတွေက ခုမြင် ခုပျောက်ကွ၊ ယူလိုက်''

ပြောရင်းနဲ့ ဟန်းဆက်ကို ဝန်ထမ်းကောင်မလေးလက်ထဲရောက်အောင် ပိုင်နိုင်စွာထည့်ပေးလိုက်ပြီး ...

''ကဲ ... ညီမ ဒါပဲယူမယ်၊ ဘောက်ချာဖြတ်ပေး၊ အောင်ကို ... မင်းကောင်တာမှာ ငွေသွားရှင်းလိုက် ... အဟဲ''

ဒီတစ်ခါလည်း အောင်ကိုလေးခမျာ မစွမ်းသာတော့ဘဲ ဝန်ထမ်းကောင်မလေးနောက်ကို အိမ်မွေ့ချခံထားရတဲ့သူလို ငူငူကြီးလိုက်သွားပါတော့တယ်။ ကျွန်တော်က သော်တာကို အဓိပ္ပာယ်ပါပါကြည့်ပြီး မျက်ခုံးပင့်ပြလိုက်တယ်။ သော်တာက ပြုံးစစနဲ့ တစ်ဖက်ကိုလှည့်သွားလေရဲ့။ ဒီလောက်





ဆိုရင် သူ ကျွန်တော့်ကို ကော်ဖီလိုက်တိုက်ဖို့က သေချာနေပါပြီ၊ ကျွန်တော့်ဘက်ကလည်း ကော်ဖီသောက်ရင်း တော်ကီပစ်ဖို့ အဆင်သင့်ပဲပေါ့ဗျာ။

ခုလိုအခြေအနေလေးဖြစ်ဖို့အတွက် ငါးထောင်တန် အသစ်လေးတွေ နှစ်သိန်းကျော်လောက်ကတော့ အောင်ကို့ပိုက်ဆံအိတ်ကို နှုတ်ဆက်သွားပါတယ်။ တစ်ဦးကောင်းစားဖို့အတွက် နောက်တစ်ဦး အနစ်နာခံရတာ ဓမ္မတာပဲမဟုတ်လား။ ယူတတ်ရင် အောင်ကို့အတွက် တရားရလောက်ပါတယ်။

အောင်ကို ငွေရှင်းနေတဲ့အချိန်မှာ သော်တာက ကျွန်တော့်အနားကို ရောက်လာပါတယ်။

''ကိုသူရိန် ... ဟိုတစ်ခါထိုင်တဲ့ ကော်ဖီဆိုင်ကို သွားနှင့်လိုက်နော်၊ ကျွန်မ ခဏနေရင် လိုက်လာခဲ့မယ်''

''ကတိနော်၊ မလာမချင်း စောင့်ရမှာ ... သိလား''

ယောကျ်ားကြီးတန်မဲ့ နွဲ့ပြလိုက်သေးတယ်။ ရုပ်က မကြမ်းတော့လည်း သော်တာ ဗွေမယူလောက်ဘူးထင်ရဲ့။ ဗွေသာ မယူတာ ကျွန်တော့်နှလုံးသားကို သိမ်းကျုံးယူသွားနိုင်မယ့် မျက်စောင်းလှလှလေးတော့ ထိုးပါတယ်။

ကျွန်တော်နဲ့အောင်ကိုလည်း ကော်ဖီဆိုင်ကို ထွက်လာခဲ့လိုက်တယ်။ လမ်းမှာ အောင်ကိုက တဖျစ်တောက်တောက်နဲ့။

''မင်းကွာ ... ကိုယ့်ကိစ္စကိုယ် ရှင်းတာမဟုတ်ဘူး၊ ခုတော့ မဆီမဆိုင် ငါ့မှာ ပိုက်ဆံနှစ်ပုံးကျော်ထွက်သွားပြီကွ''

''မားခုတ်ရာ လက်ဝင်လျှိုမိတယ်လို့ မင်းက ... ဆိုလိုချင်တာလား''

''ဟော့ကောင် ... ဆိုလိုချင်တာ မဟုတ်ဘူး၊ ပဲကြီးလှော်ကြား



www.burmeseclassic.com

www.burmeseclassic.com

ဆားညှပ်တာကွ''

''ထားလိုက်ပါကွာ၊ ကဲ့ရဲ့ ခုနစ်ရက်၊ ချီးမွမ်း ခုနစ်ရက်ပေါ့''

''မထားနိုင်ဘူးကွ၊ ဒီကိစ္စမှာ မင်းက ကလိမ်စေ့ငြမ်းဆင်တာ''

''ဒါကတော့ သူငယ်ချင်းရယ်၊ ကာလံ ဒေသံ အင်္ဂါခန် ဆိုတာလည်း ရှိသေးတာကိုး''

''တော်ကွာ . . . ငါကတော့ ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေဘူးကွ''

''အဲဒီလိုကြီးတော့ မပြောပါနဲ့ကွာ၊ ငါကလည်း ကမ္ဘာမီးလောင်လို့ သားကောင်ချနင်းလိုက်ရတာပါ''

စကားတွေက ဘယ်ရောက်လို့ရောက်ကုန်ပြီလဲတောင် မသိတော့ဘူး။ အောင်ကိုက တော်တော့ကွာဆိုပြီး မျက်ထောင့်နီနီကြီးနဲ့ ကြည့်နေတယ်။

ကျွန်တော်က ရှိရင်းစွဲမျက်နှာကို စမောဆိုဒ်ကလေးလုပ်ပြီး . . .

''ဆိုင်ထဲမှာပြောတော့ ဒီဟန်းဆက်ကို မင်း သဘောကျတယ်ဆိုလို့ပါ''

''သဘောကျတိုင်း ဝယ်ရမှာလားကွ၊ ငါ့လက်ရှိ ဟန်းဆက်က အကောင်းကြီးပဲဟာကို၊ မင်းကောင်မလေးလာရင် မင်းကြောင့် မလိုချင်ဘဲ ဝယ်လိုက်ရတာလို့ကို ပြောပစ်မယ်''

''ဟာ . . . အဲဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ မင်း ခုဝယ်ခဲ့တဲ့ ဟန်းဆက်ရဲ့တန်ဖိုးတစ်ဝက်ကို ငါ ပြန်ပေးပါ့မယ် . . . ဟုတ်ပြီလား''

အကြောက်အကန်ငြင်းရင်း ဒီကောင့်ကို အချိုသပ်လိုက်ရတယ်။ အောင်ကိုက တကယ်လားလို့ မေးတာကို ကျွန်တော် သက်ပြင်းချရင်း ခေါင်းကိုပါ ယဲ့ယဲ့လေး ညိတ်ပြလိုက်တယ်။





ခဏာနေရင်ပဲ သော်တာ ရောက်လာပါတယ်။ တစ်ယောက်တည်း မဟုတ်ဘူး။ အဖော်တစ်ယောက် ပါလာသေးတယ်။

ထိုင်ထိုင်ချင်းပဲ ကျွန်တော်က ကော်ဖီ မှာပေးလိုက်ပြီး . . .

''မသော်တာ . . . ဒါ ကျွန်တော့်သူငယ်ချင်း အောင်ကိုတဲ့၊ အလုပ်လည်း အတူတူလုပ်တာ''

''ဟုတ်လား . . . တွေ့ရတာ ဝမ်းသာပါတယ်၊ သူကတော့ မာလာ၊ ကျွန်မနဲ့အတူ ဒီဆိုင်ကို ဖွင့်ထားတာလေ၊ ဒါနဲ့ ကိုသူရိန်တို့က ဘာအလုပ်လုပ်တာလဲ''

''ရေဆေး ဆီထိုး''

''ရှင်''

အောင်ကို တုံးတိကြီးဖြေလိုက်တာမို့ သော်တာ နားမလည်ဖြစ်သွားပုံပေါ်တယ်။ ကျွန်တော်ကပဲ . . .

''ဪ . . . ရေဆေးဆီထိုးဆိုတာ ကားဆားဗစ်စင်တာလေးတစ်ခု သူငယ်ချင်းတွေ စုပြီး ဖွင့်ထားတာပါ၊ နောက်တစ်ယောက်ပါသေးတယ်၊ ဝေဖြိုးတဲ့''

စကားအဆုံးမှာ သော်တာ မျက်မှောင်လေး မသိမသာကြုတ်သွားတယ်။

''ကားဆားဗစ်စင်တာ ဟုတ်လား၊ ဆိုင်နာမည်က . . .''

''ထရယ်ပယ်သရီး (333) ပါ''

''ဪ''

ရေရွတ်ရင်း ဘာကြောင့်လဲမသိဘူး သူ့မျက်နှာလေးက ပြုံးစစနဲ့၊ စကားတွေပြောရင်းနဲ့ အောင်ကိုက ထဖောက်လာတယ်။ သူ ငယ်တုန်းကဖြစ်ဖူးတဲ့ ဝက်ရူးပြန်ရောဂါ ပြန်ထလာတာ မဟုတ်ပါဘူး။ စကား



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ထဖောက်လာတာပါ။

"ဒီဝိုင်းက မသော်တာတို့ ရှင်းမှာဆို"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ မသော်တာတို့ မရှင်းနဲ့ ကျွန်တော်ပဲ ရှင်းလိုက်ပါ့မယ်"

"ဟာ . . . မဟုတ်တာ၊ ကျွန်မ ကိုသူရိန်ကို ပြောပြီးသားပါ"

"ဩော် . . . ကျွန်တော်ကလည်း ဒီနေ့ ဟန်းဆက်တစ်ခုကို တစ်ဝက်ဈေးနဲ့ရလို့ ရှင်းမယ်လို့ ပြောတာပါ"

"ဘယ်လို . . . ဘယ်လို"

ခွေးကောင် အောင်ကိုကတော့ လုပ်ချလိုက်ပြန်ပါပြီ။ ကျွန်တော့်ခုံအောက်ကနေ ခြေထောက်နဲ့ လှမ်းကန်တာကိုတောင် ဂရုမစိုက်ဘဲ ဆက်ပြောနေတယ်။

"ဒီလိုဗျ . . . ခုနက မသော်တာတို့ဆိုင်က ဝယ်လာတဲ့ ဟန်းဆက်လေ၊ အဲဒါ . . . ကျွန်တော် တစ်ဝက်ဈေးနဲ့ ရတာဗျ"

သူတို့နှစ်ယောက်စလုံး နဝေတိမ်တောင်တွေ ဖြစ်သွားကြတယ်။ သော်တာ့ဘေးက မာလာဆိုတဲ့ ကောင်မလေးက . . .

"မဖြစ်နိုင်တာ၊ ကျွန်မတို့ဆိုင်မှာ ဒစ်စကောင့်လည်း မရှိပါဘူး၊ ဟို . . . သူများဆိုင်တွေထက် တစ်ဝက်သက်သာနေလို့လား"

"ဟာ . . . မဟုတ်ဘူး၊ မဟုတ်ဘူး၊ ရှင်းပြမယ်"

တားရင်လည်း မရတော့တာသိလို့ ရှိစေတော့ဆိုပြီး လွှတ်ထားပေးလိုက်တယ်။

ဖားလေး၊ ငါးလေး ပျော်ပါစေပေါ့။

အောင်ကိုက မလိုအပ်ဘဲ ချောင်းကိုဟန့်ရင်း ကျွန်တော့်ကိုလည်း





ကိုယ့်အလှည့်ကျ မန့်စတမ်းပေါ့ဆိုတဲ့ အကြည့်မျိုးနဲ့ တစ်ချက်အရင်ကြည့်ပြီး . . .

"ဒီလိုဗျာ . . . ကျွန်တော်က ဒီဟန်းဆက်ကို သဘောကျပေမယ့် ဝယ်ဖို့ အစီအစဉ်တော့ မရှိသေးဘူး၊ ဒီကောင် သူရိန်က ဒီဆိုင်ကို လာချင်နေလို့ အဖော်လိုက်လာတာပါ၊ ဒီရောက်တော့ ကျွန်တော့်ကို ကျပ်ပြီး ဟန်းဆက်ဝယ်ခိုင်းတယ်၊ ကျွန်တော်က မကျေနပ်ဘူးပြောတော့ ဟန်းဆက်တန်ဖိုးတစ်ဝက်ကို သူပေးမယ်တဲ့၊ မသော်တာ . . . နေ[illegible]က်ကိုလည်း တစ်ဝက်ဈေးနဲ့ရမယ့်ကောင်တွေကို သူခေါ်လာလိမ့်ဦးမယ်ဗျ"

"ဟာ . . . ဟေ့ကောင် ဘာတွေပြောနေတာလဲ"

ရှက်ရှက်နဲ့ ကျွန်တော်ပြောလိုက်တော့ ဒင်းက အမှန်တွေပဲလေလို့တောင် ပြန်ချေပသေးရဲ့။

စကားအသွားအလာကို သဘောပေါက်သွားတဲ့ သော်တာက အရှက်မျက်နှာကို ငုံ့ပြီး သူ့ဆံနွယ်လေးတွေနဲ့ ဖုက်ကွယ်လိုက်တယ်။ သူဘယ်လိုနေနေ တရိုတသေလုပ်တယ်လို့တော့ ကျွန်တော် ထုတ်မပြောချင်တော့ပါဘူး။

"ဒါဆိုလည်း ခေါ်လာခဲ့ပေါ့ရှင်၊ ကျွန်မတို့ဆိုင် ရောင်းအားတက်တာပေါ့"

ဒီစကားဟာ သော်တာ အရှက်မရှိ ပြောလိုက်တာ လုံး၀ (လုံး၀) မဟုတ်ပါဘူး။ သူ့ဘေးက မာလာဆိုတဲ့ 'ဟင်း' နာမည်နဲ့ သူငယ်ချင်းက ဝင်ပြောတာပါ။

ကျွန်တော်က ရှက်ရယ်ရယ်လိုက်ပြီး ချော်လဲရောထိုင် လုပ်လိုက်တယ်။

"ခေါ်လာမှာ . . . ခေါ်လာမှာ၊ ကျွန်တော့်သူငယ်ချင်း လူနေတို့



www.burmeseclassic.com

www.burmeseclassic.com



လင်းညို့သွေးတို့လည်း သူတို့ရဲ့ဟန်းဆက် ခပ်စုတ်စုတ်တွေကို လဲချင်နေတာ ကြာပြီလို့ ပြောတယ်၊ ခေါ်လာခဲ့မယ်လေ''

''ကိုသူရိန်နော် . . . နောက်မနေနဲ့''

ခုမှ ခေါင်းကလေးမော့ပြီး ရှက်ငွေ့ငွေ့မျက်နှာလေးနဲ့ သူ ပြောလိုက်တာပါ။ သူဆိုတာက ကျွန်တော့်ရဲ့ရင်ထဲမှာ လင်းလာမယ့် လမင်းလေးသော်တာပေါ့။ ကျွန်တော်နဲ့သူ မျက်ဝန်းချင်း ဆုံမိသွားတယ်။

အိုး . . . လှလိုက်တာ သော်တာရယ်။ မင်းရင်ထဲမှာ အချစ်ဆိုတဲ့ဘာသာကို ဘယ်ပန်းအကွရာနဲ့ ထုဆစ်ရမှာလဲ၊ ငါ . . . သိချင်လိုက်တာ။

သူ အနေခက်မှာစိုးလို့ ကျွန်တော့်စကား လမ်းကြောင်းပြောင်းဖို့ကြိုးစားလိုက်တယ်။ စားပွဲပေါ်တင်ထားတဲ့ သူ့ဖုန်းကလေးကို ကြည့်ပြီး . . .

''ဩော် . . . မသော်တာက ဟန်းဆက်တောင် ထပ်လဲထားပြီလား။ အင်းပေါ့ဗျာ . . . ဆိုင်ပိုင်ရှင်တွေဆိုတော့လည်း မော်ဒယ်အမြင့်တွေချည်းပဲ ထည်လဲကိုင်နိုင်တာပေါ့''

''ဘယ်ကလာ ကိုသူရိန်ရယ်၊ သူ့အရင် ဟန်းဆက်က ဘာမှမဖြစ်ဘူး၊ အမှတ်တရတစ်ခုရှိတယ်ဆိုပြီး ပြန်သိမ်းထားတာ''

''ဟဲ့ . . . မာလာ ဘာတွေပြောနေတာလဲ''

''ဟင် . . . နင်ပဲ ငါ့ကိုပြောတာလေ''

''ဟာ . . . တော်တော့၊ ငါ သွားပြီ''

အရှက်လှိုင်းတွေနဲ့ သော်တာ ထ,ထွက်သွားပါတော့တယ်။ ဘာမှမသိဘဲ ဝင်ပြောမိတဲ့ မာလာမှာပဲ အူတီးအူကြောင်တွေဖြစ်လို့၊ ဘာဖြစ်သွားလဲမသိဘူးဆိုပြီး သူလည်း ထထွက်သွားပါတယ်။

တကယ်တော့ ဘာမှမဖြစ်ပါဘူး။ လူးလူးဆတ်ဆတ် သူ အရှက်သည်းသွားတာပါ။ ကျွန်တော် နိုက်နိုက်တုန်အောင် ပျော်ရွှင်သွားရတာပါ။





ကျွန်တော့်အပေါ်မှာ ရှိနေတဲ့ ခံစားချက် မမျှော်လင့်ဘဲ မြင်လိုက်ရပြီ ကျွန်တော့်ရင်ထဲမှာ ကြယ်တာရာတွေ ခြံရံပြီး လမင်းလေးတစ်စင်း ထွန်းလာတော့မယ်လို့ ကျွန်တော် ယုံကြည်နေမိတော့တယ်။

အဲဒီလို အပျော်တွေကိုခြုံပြီး ကျွန်တော်ပြန်လာခဲ့ပါတယ်။ အောင် ကိုလည်း ဟန်းဆက်ဖိုးတစ်ဝက် မဟုတ်ဘူး . . . အပြည့်ပြန်ပေးမယ်လို့ ကြီး အာမခံပစ်လိုက်တယ်။ လောလောဆယ်တော့ အကြွေးပေါ့။

ပြန်ရောက်ရောက်ချင်း အင်မတန်မှ နွမ်းဖပ်နေတဲ့ပုံစံနဲ့ ဝေဖြိုးက မေးပါတယ်။

''ဘယ်လိုလဲ . . . အဆင်ပြေခဲ့ကြရဲ့လား''

ကျွန်တော်က လက်ထောင်ပြလိုက်ပြီး . . .

''အတိုင်းထက်အလွန်ပဲ''

''အေး . . . မင်းကသာ အတိုင်းထက်အလွန်လုပ်နေ . . . ငါ ဒီမှာ တွေရောင်ကိုင်းပြီး ပါးစပ်တွေလည်း ပွဲကျတော့မယ်''

''ဟေ . . . ဘာဖြစ်လို့လဲ''

''ဖုန်းတွေလာလို့ ပြန်ဖြေနေရတာလေ''

''ဟာ . . . ဘယ်သူတွေက ဒီလောက်ဆက်နေလို့လဲ''

''ဘယ်သူရှိရမှာလဲ၊ မင်းနဲ့ပတ်သက်နေတဲ့ အပျိုကြီး ဖက်တီးနဲ့ အခြောက်မတို့ပေါ့''

''ဘာ''

''ဟုတ်တယ်၊ မင်းရောက်မှ ဆိုင်ကိုလာမှာတဲ့၊ ငါ သနားလို့ ဟန်းဖုန်းနံပါတ်ကို မပေးလိုက်တာ''

''ကျေး . . . ကျေးဇူးပါပဲ သူငယ်ချင်းရာ''

ခပ်ယဲ့ယဲ့လေးပြောရင်း ခုနကထောင်ထားတဲ့ လက်မဟာ ဝါခနဲ

www.burmeseclassic.com

မတ်တတ်ကနေ လဲသွားရလေရဲ့။ ဒီအတိုင်းဆိုရင်တော့ ကျွန်တော့်နက္ခတ်ဟာ ကြိုးဟ်စီးကြိုးဟ်နင်းတွေနဲ့ မရှင်းမလင်းဖြစ်တော့မယ်နဲ့ တူပါတယ်။

ကျွန်တော် ခပ်တိုးတိုးလေး ဆုတောင်းဖို့ပဲ တတ်နိုင်တော့ပါတယ်။

''အရှင်ဘုရား ... ဒီစုန်းပြူးသုံးယောက်ကို တပည့်တော်ထံသို့ မစေလွှတ်ပါနဲ့ ဘုရား''

အဲဒီလို တကယ်ဆုတောင်းခဲ့ပါတယ်။

အဲဒီလို ...

အဲဒီလိုနဲ့ပဲ ...



(၉)

''ဗုဒ္ဓေါ''

အဲဒီလို ရေရွတ်လိုက်တာဟာ တခြားသူ လုံးဝမဟုတ်ပါဘူး။ သူရိန်ဆိုတဲ့ ကျွန်တော်ကိုယ်တိုင် ကြက်သီးဖြန်းဖြန်းထပြီး အလန့်တကြား ရေရွတ်လိုက်တာပါ။ မလန့်ခံနိုင်ရိုးလား။ ဖုန်းဆက်တိုင်း ကျွန်တော် မရှိပါဘူးလို့ ပြောထားတဲ့ကြားက မီးလေးဆိုတဲ့ ဖက်တီးမ ရောက်ဖြစ်အောင် ရောက်လာတယ်လေ။

ရှောင်ပြေးဖို့ လုပ်လိုက်ပေမယ့် မမီတော့ဘူး။ မီးလေးက လက်ညှိုးလေး တခါခါလုပ်ပြီး မရဘူးလေဆိုတဲ့ပုံစံနဲ့ အိပဲ့အိပဲ့ကြီး လျှောက်လာပါပြီ။ ဘယ်လိုဒီဗွစကျွမျှား ရသွားလဲမသိဘူး။

အနားရောက်တော့ မီးလေးကပဲ မျက်စောင်းကို ခန္ဓာကိုယ်နဲ့ မလိုက်အောင် သေးသေးရွရွလေးထိုးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . . ကိုသူနော် မီးက ထင်သားပဲ၊ ကိုသူ့ဆိုင်မှာ ရှိ
ရှိမယ်လို့၊ ကဲ . . . မီးကို ခုလုပ်ပေးတော့"

"ဗျာ . . . ဘာကိုလဲ"

"အို . . . ကားကိုပေါ့၊ ကိုသူက မီးကို ဘာထပ်လုပ်ချင်လို့လဲ"

မြတ်စွာဘုရား ကယ်ပါလို့ တစ်လောကလုံးကြားအောင် အော်လိုက်ချင်တော့တယ်။ အရေးထဲ ဝေါ်မကြီးက ပလီနေသေးရဲ့။ လုံးဝစိတ်ဆင်းရဲသွားတာကို စာနဲ့တောင် မဖော်ပြတတ်တော့ဘူး။ ဖြစ်နိုင်ရင် ဒင်းကြီးကို အီဂျစ်ပြည်ပို့ပြီး အရှင်လတ်လတ် မမီလုပ်ပစ်လိုက်ချင်တယ်။

ခုတော့ ဒင်းကပဲ ကျွန်တော့်ကို မမီလုပ်ချင်တဲ့ပုံစံနဲ့ . . .

"ဒီနေ့တော့ မီးတစ်ယောက်တည်းနော်၊ ပြိုင်ဘက်လည်း မရှိဘူး မီးကားကို စိတ်တိုင်းကျ လုပ်ပေးရမယ်"

မတတ်သာတဲ့အဆုံး ကျွန်တော်လည်း လေပူကြီးကို သူ့ကိုယ်လုံးလောက်ကြီး သိသိသာသာ မှုတ်ထုတ်ပြလိုက်ရင်း . . .

"ကဲ . . . လုပ်ပေးမယ်၊ ဟိုမှာ ဧည့်သည်တွေ ထိုင်တဲ့နေရာရှိတယ် အဲဒီမှာ သွားထိုင်နေ"

"ဟုတ်"

ဒီလိုဆိုတော့လည်း နားထောင်သားပဲ . . . ဆိုတဲ့ အတွေးက မဆုံးလိုက်ပါဘူး။ ကောင်တာနဲ့ ဆယ်ပေလောက်အကွာမှာရှိတဲ့ ထိုင်ခုံကနေ သူ့ပါးစုံမို့မို့ကြီးပေါ် လက်နှစ်ဖက်ထောက်ရင်း ကျွန်တော့်ကို ရွှန်းရွှန်းလဲ့လဲ့ စိုက်ကြည့်နေတော့တာ။

ကျွန်တော့်ဖာတာကလည်း ဆိုးလွန်းပါတယ်။ ဒီနေ့မှ ဆိုင်ဖွင့်ဖို့ အလှည့်ကျလို့ စောစောရောက်နေတာ။ ဟိုနှစ်ကောင်ကလည်း ခုထိ မလာသေးဘူး။ ဝေါ်မကြီးအတွက်တော့ အကြိုက်ပဲ။ သူ့အကြည့်က ကျွန်





တော်တင်မဟုတ်ဘူး။ ဖျဲ့တွေတောင် ဖြို့ပြီး ဖျားသွားစေနိုင်ပါတယ်။

ဒီနေရာမှာ ကျွန်တော် တောင်တောင်အီအီ စဉ်းစားနေမိတယ်။ မီးလေးရဲ့အကြည့်ကိုလည်း ရှောင်ရင်းပေါ့။ တကယ်တော့ ကျွန်တော်ဟာ မင်းသားတစ်ယောက်လို ချောမောလွန်းတာလည်း မဟုတ်ပါဘူး။ သာမန်ရုပ်ရည်ထက် နည်းနည်းပိုပြေပြစ်ပြီး သပ်သပ်ရပ်ရပ်နေတတ်တာလောက်ပဲ ရှိတာပါ။ ဒါကိုမှ ဒင်းတို့တစ်တွေ ဘာဖြစ်လို့ အမဲဖျက်ချင်နေမှန်း ကျွန်တော် စဉ်းစားလို့ကိုမရဘူး။

အရင်ဘဝက ကုသိုလ်နည်းပြီး အကုသိုလ် များခဲ့လို့လား။ သူများသားပျိုသမီးပျိုတွေကို ဖျက်ဆီးခဲ့လို့လား။ ဒါမှမဟုတ် ဟို . . . ဗေဒင်။

ကျွန်တော့်အတွေးဟာ ခတ်ဆိကနဲ့သွားရတယ်။ မီးလေးရဲ့မျက်နှာကြီးက ကျွန်တော့်ရှေ့ကို ဘွားခနဲရောက်လာလို့ပါ။

ကျွန်တော့်ကို ကြွေသလို တစ်ချက်ကြည့်ပြီး သူ့လက်ကြီးနဲ့ ပိုက်ဆံအိတ်သေးသေးလေးထဲကို နှိုက်တယ်။

ပါးစပ်ကလည်း . . .

"ပြီးပြီလေ ကိုသူရယ် . . . ဘာတွေများ ဒီလောက်စဉ်းစားနေတာလဲ၊ မီးလေးအကြောင်းလား"

ဒင်းက လာလာချည်သေး။ ကြဲကြီးစည်ရာဗျာ . . . ဝေါ့။ အပြင်မှာတော့ စကားလုအောင် ပြောလိုက်တယ်။

"ဒီလိုပါပဲ၊ အလုပ်အကြောင်းပါ"

ကျွန်တော့်စကားက ရေလာမြောင်းပေး မဟုတ်ပေမယ့် ဒင်းက သူ့မြောင်းသူဖောက်ပြီး သူ့ရေကို စီးစေပါတယ်။

"မီးကတော့လေ . . . အချိန်တိုင်း ကိုသူ့အကြောင်းကို စဉ်းစားနေမိတာ၊ ဘာဖြစ်လို့လဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မသိပါဘူး"

ယောင်ပြီး ဖြေမိလိုက်တာ ကျွန်တော့်ရဲ့ မဟာ့မဟာအမှားပဲ။ အဲဒီ စကားကိုထောက်ပြီး ဝေါ်မကြီးက ပိုးစိုးပက်စက် ပြောချလိုက်ပါတယ်။

"မီးကလေ ... အိပ်မက်ထဲက ဆက်သွယ်မှုတွေနဲ့ ကိုသူ့ဆီ ရောက်လာတာ၊ ဘာဖြစ်လို့လဲဆိုတော့ အပြင်က မီးရဲ့ဖူးစာရှင်ဟာ ကိုသူ ဖြစ်နေလို့ပဲ"

"ဗျာ"

ဘလက်ဟိုး (Black Hole) လို့ခေါ်တဲ့ အာကာသတွင်းနက်ကြီး ထဲ ဇောက်ထိုးကျသွားသလို ကျွန်တော် မူးမေ့မတတ် ခံစားလိုက်ရပါတော့ တယ်။



(၁၀)

မီးလေးလို့ခေါ်တဲ့ ဝေါ်မကြီး ပြန်သွားတဲ့အချိန်မှာ ကျွန်တော့်စိတ် တွေ မူမမှန်ချင်တော့ဘူး။ ချွေးသီးချွေးပေါက်တွေကျပြီး နတ်ပူးသလို ကတုန် ကယင် ဖြစ်နေမိတယ်။ ခင်းကတော့ သူ့ဖူးစာရှင်ဟာ ကျွန်တော်ပါလို့ အပိုင်ကြီး ပြောချသွားပြီ။

မဟုတ်ဘူး။ လုံးဝမဟုတ်ဘူးလို့ စိတ်ထဲမှာ အော်နေမိတယ်။ အဲဒီအချိန်မှာ ဝေဖြိုးနဲ့အောင်ကိုတို့ ရောက်လာလို့သာ နေရတာ နည်းနည်း အဆင်ပြေသွားတာ။ ဒါတောင် ရင်ထဲမှာ မွန်းကျပ်နေတုန်းပဲ။

ဒါနဲ့ပဲ သူတို့ကိုပြောပြီး ဆိုင်အပြင်ဘက် လမ်းလျှောက်ထွက်ခဲ့ တယ်။ ဆိုင်ထဲမှာ နေရတာ မွန်းတာရယ်၊ မတော်တဆများ စုန်းပြူးတစ် ယောက်ယောက်များ ထပ်ရောက်လာခဲ့ရင် ရှောင်ပြီးသားဆိုတဲ့ အငွေ့နံ့ပါ။ ဟိုကောင်တွေကိုလည်း သေသေချာချာ မှာခဲ့ရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အပြင်ဘက်ကို လျှောက်လာရင်း လမ်းထိပ်နားက စားသောက်ဆိုင်မှာ ထိုင်ဖို့ အကြံရတယ်။ ဆိုင်ထဲရောက်တော့ စားသောက်စရာတွေနဲ့ အတူ ဘီယာတစ်ပုလင်းပါ မှာလိုက်တယ်။

ဘီယာလေးတစ်ခွက်လောက်ဝင်မှပဲ ဘီယာမှာပါတဲ့ အယ်ကိုဟောလ်ဓာတ်က ခန္ဓာကိုယ်ထဲက သွေးလည်ပတ်မှုကို ညှိပေးလိုက်တာလား မသိပါဘူး။ စိတ်ထဲမှာ ငြိမ်ပြီး နေသာထိုင်သာရှိလာတယ်။

နောက်တစ်ပုလင်းလောက် ဆော်ဦးမှပဲလို့ တွေးနေချိန်မှာပဲ ကျွန်တော့်စားပွဲနောက်ကျောက ဒုန်းဆိုတဲ့အသံနဲ့ လူတစ်ယောက် လဲပြိုကျသလိုမျိုး ကြားလိုက်ရတယ်။

ရုတ်တရက် ကျွန်တော် လှည့်ကြည့်လိုက်တော့ . . .

''မောင်လေး''

''ဟင်''

သွားပြီ . . . လုံးဝသွားပြီ၊ မျက်မှန်ချွတ်ထားလို့ ခုံနဲ့ ဝင်တိုက်မိရာက နေ မှောက်လျက်ကြီး လှမ်းခေါ်နေသူက အပျိုကြီး မလှလှမြင့်။ အရေးထဲ သူက ကယ်ပါ ယူပါဆိုတဲ့ သဏ္ဌာန်နဲ့ လက်ကမ်းနေသေးတယ်။

ကျွန်တော်လည်း မရိုင်းချင်တာနဲ့ သွားထူပေးလိုက်တယ်။ ဒါတောင်၊ ဒင်းက ခြေထောက်နာနေသလိုနဲ့ ကျွန်တော့်ရင်ခွင်ထဲ လဲပြိုဖို့ ကြိုးစားသေးတယ်ခင်ဗျ။ ဒါမျိုးတော့ မရပါဘူး။ ကျွန်တော် ရအောင်ရှောင်နိုင်လိုက်တယ်။

သူ့ဘာသူ မချင့်မရဲနဲ့ ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်တော့မှ ကျွန်တော်လည်း ကိုယ့်နေရာကိုယ် ပြန်သွားလိုက်တယ်။ ဒါပေမဲ့ စိတ်ထဲမှာ ထင်ထားတဲ့အတိုင်းပဲ၊ တကျွတ်ကျွတ်နဲ့ ညည်းရင်း မလှလှမြင့်ဟာ ကျွန်တော့်စားပွဲကို ရောက်ရှိလာပါတော့တယ်။

သူ မပြောခင်မှာပဲ ကျွန်တော်က အရင် 'ဘု' တောလိုက်တယ်။





''ခင်ဗျား . . . ဘယ်လိုဖြစ်နေတာလဲဗျာ၊ ခုံတစ်ခုလုံးကြီးကိုတောင် မမြင်ဘူးလား''

အဲဒီတော့မှ အပျိုကြီးမလှလှမြင့်က သူ့လက်ကိုင်အိတ်ကိုဖွင့်ပြီး ရွှေကိုင်းမျက်မှန်ကလေးကို ထုတ်လိုက်တယ်။ ကျကျနနတပ်ပြီးမှ ကျွန်တော့်ကို ခပ်မှေးမှေးလေးကြည့်ပြီး . . .

''မပြောချင်တော့ပါဘူး မောင်လေးရယ်၊ မောင်လေး ဒီဆိုင်ထဲဝင်သွားတာ တွေ့တာနဲ့ မမ လိုက်လာတာ၊ ဟိုလေ . . . မျက်မှန်နဲ့ဆိုရင် မမရုပ်ကများ လိုအပ်တာထက် ရင့်နေမလားဆိုပြီး ချွတ်ပြီးဝင်လာတာ၊ အဲဒီမှာပဲ ခုလိုတွေ ဖြစ်ကုန်တော့တာပဲ . . . အဟင်း''

ဖြစ်မှဖြစ်ရလေလို့ ကျွန်တော် တွေးမိပါတယ်။ သနားတာတော့ မဟုတ်ပါဘူး။ ရွံပြီး တွေးမိတာပါ။ ဒီအပျိုကြီးကိုလည်း ဘယ်နတ်ဆိုးကများ တန်ခိုးနဲ့ ပို့လိုက်ပြန်သလဲမသိဘူး။ လောလောဆယ်တော့ အပျိုကြီးကို အပြီးကျိုးရမယ့် နည်းလမ်းကိုပဲ ကျွန်တော် စဉ်းစားနေမိတယ်။

အဲဒီအချိန်မှာပဲ မလှလှမြင့်က မနှိုတရိုဟန်နဲ့ . . .

''မောင်လေး . . . မမကို ထူလိုက်တဲ့လက်တွေက အရမ်းသန်မာနေတာပဲနော်၊ အားကိုးချင်စရာကြီး''

မြတ်စွာဘုရား၊ ခက်တော့ ခက်နေပါပြီ၊ ကျွန်တော် ဆွံ့အ,ကြောက်ရွံ့ပြီး ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ်မှာဘဲ . . .

''မောင်လေး''

''ဗျာ''

ထွက်သွားပြန်ပြီ ဒီပါးစပ်။ ယောင်ယောင်ပြီး ထူးမိတဲ့ ကိုယ့်ပါးစပ်ကိုပဲ ပါးပိတ်ရိုက်ချင်တော့တယ်။ အပျိုကြီးကတော့ ချွဲချွဲနွဲ့နွဲ့ အသံလေးကို ပါးစပ်မှာ တပ်ဆင်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တမ်း ပြောရရင် မမမှာ လုပ်ငန်းတွေ အများကြီး ရှိပါတယ်ကွယ်၊ ဒါပေမဲ့ ဦးစီးမယ့် ယောက်ျားသားမရှိတော့ အားငယ်တယ်"

ပြောရင်းနဲ့ မလှလှမြင့်မျက်နှာဟာ ပြုံတော့မယ့် မိုးလို အုံ့မှိုင်းရီမှောင်လာတယ်။ ဝဲတက်လာတဲ့ မျက်ရည်တွေကို မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ သိမ်းစုရင်း . . .

"ခုလောလောဆယ်မှာ မမရဲ့ဘဝလေးဟာ ကျဉ်းထဲကျပ်ထဲရောက်နေတာပါကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ မမက သိုက်ကလာတာတဲ့လေ"

"ဗျာ"

အာမေဋိတ်တောင် ထွက်သွားရတယ်။ လာပြန်ပြီ တစ်မျိုးလို့လည်း စိတ်ထဲမှာ ရေရွတ်ရင်း စိတ်ရှုပ်ရှုပ်နဲ့ ဘီယာခွက်ကို ကောက်အ,မှာပဲ ။

"ဟယ် . . . မမမောင်လေး ဘီယာတွေ. အရက်တွေ မသောက်ရပါဘူး"

ကျွန်တော့်လက်ထဲက ဘီယာခွက်ဟာ ဆင်မကြီး လှမ်းဆွဲလိုက်တဲ့ ကြံချောင်းလို သူ့လက်ထဲ စွေ့ခနဲ ပါသွားရတယ်။ ဘယ်လိုမှ မထင်မှတ်ထားတာမို့ ကျွန်တော့်မှာ ပါးစပ်ဟောင်းလောင်းကလေးကိုဖြစ်လို့။

မလှလှမြင့်ကတော့ ရစ်ဝိုင်းနေတဲ့ မျက်ရည်စတွေနဲ့ပဲ . . .

"နားထောင်ပါဦး မောင်လေးရယ်၊ မမဟာ အရွယ်တင်လွန်းပေမယ့် အသက်ကတော့ လေးဆယ်ပြည့်ဖို့ တစ်လပဲ လိုပါတော့တယ်၊ အဟင့် . . . အဲဒီတစ်လအတွင်းမှာမှ အိမ်ထောင်မပြုရင် သိုက်က ပြန်ခေါ်မှာတဲ့"

ဘုရားရေ . . . အိမ်ထောင်ပြုလို့ သိုက်က ပြန်ခေါ်တာပဲ ကြားဖူးပါတယ်။ သူ့ကျမှ အိမ်ထောင်မပြုလို့ ပြန်ခေါ်မှာတဲ့။ တတ်လည်း တတ်နိုင်တဲ့ အပျိုကြီး။





"အဲဒါလေ . . . မမကို အမြဲ မ,မ,နေတဲ့ ဘိုးတော်အောင်မြင့်က ပြောတယ်၊ မမကို ပြန်မခေါ်နိုင်ပါဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ မမဟာ ဒီတစ်လထဲမှာ ဖူးစာရှင်နဲ့တွေ့ပြီး အိမ်ထောင်ကျကို ကျမှာဆိုပဲ၊ နည်းနည်းတော့ ဖြေသာတာပေါ့ မောင်လေးရယ်၊ မမမှာ စီးပွားဥစ္စာတွေကလည်း များတော့ မတော်တရော်တွေနဲ့ တွေ့မှာစိုးလို့ ဘိုးတော်အောင်မြင့်ကို အကူအညီတောင်းကြည့်တော့ သူက ထပ်မ,ပါတယ်"

အဲဒီနေရာမှာ အပျိုကြီးမလှလှမြင့်က စကားကို ခဏဖြတ်ပြီး ကျွန်တော့်ကို အကဲခတ်လိုက်သေးတယ်။ သူ့အကြည့်ရဲ့အရောင်တွေဟာ ကျွန်တော့်ကို အမှောင်တိုက်ထဲ ဆွဲသွင်းတော့မှာပဲလို့ အတွေးက မဆုံးလိုက်ဘူး။

"မောင်လေး သိလား . . . မမရဲ့ဖူးစာရှင်ဟာ မမထက် ဆယ့်ငါးနှစ်လောက် ငယ်မယ်တဲ့၊ ပြီးတော့ . . . ထိပ်စီးက သောကြာ၊ အဲလေ . . . သောကြာနံနဲ့စတဲ့ နာမည်နဲ့ စနေနံနဲ့ တွဲစပ်ထားတာလို့ ပြောတယ်၊ အဟိ . . . ခု မောင်လေးအသက်နဲ့ . . . နာမည်ကလည်း သူရိန်နေမင်းဆိုတော့လေ"

"ဗျာ . . . ဗျာ . . . အဲလိုဆိုတော့"

ကျွန်တော် အလန့်တကြား မေးတာကိုပဲ သူက မမြင်သလို လက်ကိုင်ပဝါကို လုံးခြေလိုက်, ဆွဲဆန့်လိုက် လုပ်ရင်း . . .

"ရှင်းနေတာပဲ မောင်လေးရယ်၊ မောင်လေးပဲပေါ့၊ မမရဲ့ဘဝကို မောင်လေး လှမ်းဝင်လာခဲ့ပါလားကွယ်"

ရုံ့ပတီသီးသံနဲ့ ပြောရင်း သူ့လက်တစ်ဖက်က ခုံပေါ်တင်ထားတဲ့ ကျွန်တော့်လက်ဆီကို မြွေတစ်ကောင်လို လျှောဝင်လာတယ်။

ကျဉ်းထဲကျပ်ထဲရောက်ရင် စိတ်ရင်းအမှန် ပေါ်လာတယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ချောင်ပိတ်မိနေတဲ့ ကျွန်တော်လည်း သူ့ခြေထောက်အောက်ဘက်ကို လက်ညှိုးထိုးပြီး ...

"ဟာ ... ဟာ ... မြွေ ... မြွေကြီးဗျ"

"အမယ်လေး ... ဟဲ့ ... ကုလားကြီး"

အပျိုကြီးဟာ ကုလားကြီးကို 'တ' ပြီး သူ့အရပ်ပုပုလေးနဲ့ ထခုန်ပါတော့တယ်။ သူ တစ်ယောက်တည်း ဝရုန်းသုန်းကားဖြစ်နေချိန်မှာပဲ မာရသွန်ခြေလှမ်းတွေနဲ့ ကျွန်တော်ဟာ ဆိုင်အပြင်ဘက်ကို ရောက်နေပါပြီ။

လမ်းပေါ်ပြေးရင်းနဲ့ တွေ့တဲ့တက်စီတစ်စီးကိုတားပြီး အိမ်ကိုပဲ မောင်းနိုင်းလိုက်တယ်။

ဘယ်နှယ့်ဗျာ ... နှစ်ဆယ့်လေးနာရီတောင် မပြည့်တဲ့အချိန်ပိုင်းကလေးမှာပဲ သူတို့ရဲ့ဖူးစာရှင်ပါဆိုပြီး ကျွန်တော့်ကို စွပ်စွဲလာသူက နှစ်ယောက်တောင်မှ ...။

မဖြစ်တော့ဘူး။ ဒီအတိုင်း မဖြစ်တော့ဘူးလို့ စိတ်ထဲ တွင်တွင်ပြောနေမိတယ်။

ကားပေါ်မှာ အသာမှိန်းရင် စဉ်းစားမိတယ်။

ကျွန်တော် ဘာဆက်လုပ်ရမလဲ?

စဉ်းစားရင်း ...

အဖြေရှာရင်း ...

မနက်ဖြန် သော်တာ့ဆီ သွားမယ်ဆိုတဲ့ စိတ်ကူးကိုပဲ ကိုယ်ဟာကိုယ် တင်ပြအတည်ပြုလိုက်လေရဲ့။



(၁၁)

နောက်နေ့မနက်မှာတော့ အိပ်ရာက နိုးလို့ ရေမိုးချိုးပြီးတာနဲ့ အောင်ကို့ဆီ ဖုန်းဆက်လိုက်တယ်။ ဒီနေ့က အောင်ကို ဆိုင်ဖွင့်ရမယ့်ရက်လေ။

ဖုန်းဆက်တော့ ဒင်းက ကျွန်တော်ဝယ်ပေးထားတဲ့ ဟန်းဆက်အသစ်ကြီးနဲ့ ဖုန်းကိုင်ပုံရတယ်။ အသံကိုက ဆောင့်ကြွားကြွားနဲ့။

"ပြော သူငယ်ချင်း ... မင်း ဘာလိုလဲ၊ ငါ ဘာအကူအညီပေးရလဲ"

ဆဲလိုက်မယ်လို့ စဉ်းစားပြီးမှ စိတ်ကို လျှော့လိုက်ရင်း ...

"ဒီလိုကွာ ... ဒီနေ့ ငါ ဆိုင်မလာတော့ဘူး။ ဘယ်သူမေးမေး ဒါ မရှိဘူး၊ မသိဘူးဘဲ ပြောလိုက်"

"ဒါဆို ... သော်တာလမင်း ဆက်ရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



ခွေးမသား . . . လျှာက ရှည်ပြန်ပြီ၊ ကျွန်တော်က မြင်ပြင်းကတ်တဲ့လေသံနဲ့ . . .

''ဟေ့ကောင် . . . လျှောက်ပြောမနေနဲ့ ငါ . . . ဒီနေ့ သော်တာ့ဆီကို သွားမှာကွ၊ အဲဒါကြောင့်မို့ မလာတော့ဘူးလို့ ပြောတာ''

''ဩော် ဟုတ်လား . . . မနေ့ကတော့ တော်တော် အီစလံဝေ သွားပုံရတယ်နော်''

''ဘာ . . . မင်းက ဘယ်လိုသိတာလဲ''

အောင်ကိုက တဟဲဟဲရယ်နေသေးတယ်။ ပြီးမှ . . .

''မင်းပုံစံကြည့်ပြီး ခန့်မှန်းလို့ ရပါတယ်ကွာ၊ ခုရော မင်း ဘယ်မှာလဲ''

''အိမ်မှာပေ့ါ၊ နောက်တစ်နာရီလောက်မှထွက်မှာ၊ မင်းရော''

အရေးထဲက လဒက တဟဲဟဲထပ်ရယ်ပြီးမှ . . .

''ငါလား . . . အဟဲ . . . ရုသဲနဲ့ မနက်စာစားနေတာကွ . . . ဟဲဟဲ''

''ဩော် . . . မင်းတို့က မနက်ပိုင်းပါ အတူစားနေပြီပေ့ါ ဟုတ်လား''

''အေးလေကွာ . . . ချစ်သူတွေပဲဟာကို . . . ဟဲဟဲ''

ဘေးက လှမ်းရိုက်လိုက်သံ ကြားလိုက်ရပါတယ်။ ကိုယ့်မှာလည်း ကိုယ့်ပြဿနာနဲ့ကိုယ်မို့ ဒီကောင်တွေ ဘယ်အချိန် ညက်သွားမှန်းတောင် မသိလိုက်ရဘူး။

အောင်ကိုက . . .

''ဟေ့ကောင် . . . ရုသဲနဲ့ ပြောဦးမလား''

ကျွန်တော်လည်း အမြင်ကတ်လာတာနဲ့ . . .

''တော်ပါပြီကွာ . . . မင်းရဲ့တစ်ပတ်နွမ်းကြီးနဲ့တော့ မပြောတော့ပါဘူး''





အနိုင်နဲ့ပိုင်းပြီး ဖုန်းချလိုက်ပါတယ်။ အဲဒီအတွဲကတော့ တက်ညီသက်ညီကို ဆွေ့ဆွေ့ခုန်နေတော့မှာ အမှန်ပဲ။

ဖုန်းချပြီးအလှည့်မှာ မာတာမေမေကို ဘွားခနဲ တွေ့လိုက်ရတယ်၊ သူကလည်း ကျွန်တော့်ကို မေးထားတဲ့ အမေဆိုတော့ အကင်းပါးစွာနဲ့ပဲ . .

''သား ကိုသူ . . . ခုနက သားသွားမယ့် သော်တာဆိုတာ ဘယ်သူလဲ''

ကျွန်တော်လည်း ခေါင်းတဗျင်းဗျင်းကုတ်ရင်း . . .

''ဟိုဟာ . . . မေမေရာ၊ ဘရာစီယာလေ . . . ဘရာစီယာ''

''ဟဲ့ . . . ဘာ ဘရာစီယာတုံး''

ခေါင်းကို လက်နဲ့ကုတ်တာ အားမရလို့ လည်ပင်းတွေရော, ကျောတွေပါ ကုတ်လိုက်ပြီး . . .

''အာ . . . မေမေကလည်း ဟိုတစ်ခါ သားနဲ့ ဝင်တိုက်မိပြီး မျက်မှန်နဲ့ ဘရာစီယာ မှားခဲ့တဲ့ ကောင်မလေးလေ၊ သော်တာဆိုတာ သူ့ကိုပြောတာ''

မေမေ့မျက်လုံးတွေက ရှုရှားစိန်တွေလို လိုတာထက် ပိုတောက်ပသွားတယ်။ ကျွန်တော့်ကိုလည်း မျှော်လင့်တကြီးကြည့်ရင်း . . .

''ဟင် . . . ဒါ . . . ဒါဆို မေမေပြောသလို အဲဒီကောင်မလေးနဲ့ သား ဇာတ်လမ်းတွေ ဖြစ်နေကြပြီပေ့ါ''

ကျွန်တော့်မှာ လေပူကြီးကို မှုတ်ထုတ်လိုက်ရပြန်တယ်။ ပြီးမှ မေမေမေးလာတဲ့ မေးခွန်းတွေကို တန်းစီဖြေပေးလိုက်တယ်။ တခြားတော့ မဟုတ်ပါဘူး။ သော်တာ ဘယ်လောက်လှတယ်ဆိုတာရယ်၊ မျိုးရိုးကောင်းပုံရတယ်ဆိုတာရယ်၊ အလုပ်က ဘာလုပ်တယ်ဆိုတာရယ်နဲ့ ကျွန်တော် ချစ်နေပြီဆိုတဲ့အကြောင်း ပါးပါးလေး ဖြေလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



မေခကာတော့ မျှော်လင့်ချက်ကြီးစွာနဲ့ပဲ သူ့ဟာသူ တစ်ဖက်သတ် ကြံတွက်ပြီး . . .

''ဒါဆိုလည်း ကြိုးစားပါ သားရယ်၊ ဘာတွေညာတွေမှ မလိုအပ်ပါဘူး။ သားကို သူ ချစ်ဖို့ရယ်၊ ပြီးတော့ . . . မျိုးရိုးလေးကောင်းရင် ပြီးတာပဲ''

ဘယ်လိုပြန်ရှင်းပြရမှန်းတောက်မသိတော့တာနဲ့ ဟုတ်ကဲ့လို့ ပြောပြီး ကျွန်တော် ထွက်လာခဲ့တယ်။ မေမေကသာ သူ့သားကို ဖွတ်အထင်ကြီးနေတာ။ ကျွန်တော့်မှာဖြင့် ကိုယ့်အပူနဲ့ကိုယ်။

ဘာပဲဖြစ်ဖြစ် ဒီနေ့အဖို့တော့ သော်တာ့ဆီပဲ သွားမယ်ဆိုတဲ့ ကျွန်တော့်ဆုံးဖြတ်ချက်ဟာ ဘယ်သူ့မှဖျက်လို့မရအောင် ခိုင်ကျည်ပါတယ်။

ကားမောင်းသွားရင်းနဲ့ လမ်းမှာ ဖုန်းဝင်လာသေးတယ်။ ကြည့်လိုက်တော့ နံပါတ်က အစိမ်း။ ဘယ်သူများလဲဆိုပြီး ဖုန်းဖွင့်ကိုင်လိုက်ပါတယ်။ ချက်ချင်းဆိုသလို နားထဲကို ဟိုမကျ ဒီမကျ ငှက်ဆိုးထိုးသံကြီးက ဆောင့်ဝင်လာပါတယ်။

''ဟဲလို သားလား . . . မာမီလေ . . . ဒေစီပါ''

ကျွန်တော်ကလည်း ချက်ချင်းပဲ . . .

''ဘယ်လို . . . ဒေစီ ဟုတ်လား၊ မဝယ်သေးဘူး ခင်ဗျ၊ ဒါပဲနော်''

ပြောပြီးပြီးချင်း ဖုန်းကို ပါဝါပါ ပိတ်ပစ်လိုက်တယ်။ အခြောက်မကတော့ တခွေ့နှစ်ခွေ့လို့ ရေရွတ်ပြီး ခွေ့ခွေ့ခုန်နေမှာ အမှန်ပဲ၊ ကျွန်တော် အားရပါးရ ရယ်မောပစ်လိုက်မိတယ်။

အဲဒီနောက်မှာတော့ ကျွန်တော့်ရဲ့လမင်းလေးသော်တာရှိတဲ့ အ စင်တာကို အနှောင့်အယှက်ကင်းကင်းနဲ့ ရောက်သွားပါတယ်။ ဘယ်လိုပဲထင် ယင် သော်တာကို ဘလိုင်းကြီး ကော်ဖီသောက်ဖို့ဖိတ်ပြီး စကားပြောတော့





ယ်လို့ တွေးထားတယ်။ အဲဒီအတွေးလေးနဲ့ ဆိုင်ထဲကို တန်းတန်းကြီး ဝင်သွားလိုက်ရင်ပဲ . . .

''ဟင်''

အံ့သြလွန်းလို့ ကျွန်တော့်မျက်လုံးအစုံဟာ ပြူးကျယ်သွားရတယ်။ ဆိုင်ထဲမှာ သော်တာနဲ့အတူ ရယ်ရယ်မောမော စကားပြောနေတဲ့သူတစ် ယောက်ကို တွေ့လိုက်ရလို့ပါ။ တခြားသူတော့ မဟုတ်ဘူး။ ကျွန်တော့် ကျောင်းရင်းကြီးရဲ့ ဘာညာစာရေးဆရာမ စုသဲဖြူ ဖြစ်နေလို့ပါ။

ကျွန်တော်က အထဲကို ဝင်သွားရင်း သူတို့အနားကိုရောက်တော့

''စု . . . စုသဲဖြူ . . . နင် . . . နင်က မသော်တာနဲ့ သိနေတာလား''

စုသဲဖြူက ကျွန်တော့်ကို ကြောင်ပဲဆိုတဲ့အကြည့်နဲ့ ပြန်ကြည့် . . .

''သူရိန် . . . နင် ဘာလာကြောင်နေတာလဲ၊ သော်တာနဲ့ငါက သူငယ်ချင်းတွေ . . . ဟ''

''ဟာကွာ''

မချင့်မရဲ ညည်းလိုက်မိတာကိုပဲ စုသဲဖြူက စောင်းငန်းငန်းနဲ့ . .

ဟဲ့ . . . ဘာ . . . ဟာကွာလဲ''

''အဟဲ . . . ဘာမှမဟုတ်ပါဘူး''

စုသဲဖြူက အောင်ကိုတစ်ယောက်ပဲ ရင်ခုန်လောက်မယ့် မလှမပ မျက်စောင်းကို ထိုးတယ်။ သော်တာကို ကြည့်လိုက်တော့လည်း ကြောင် တက်တက်လေး ဖြစ်လို့။

ကျွန်တော်က . . .

''စုသဲဖြူရယ် . . . နင်နဲ့မသော်တာ သူငယ်ချင်းဆိုတာ အစောကြီး ပြောပါလား''



www.burmeseclassic.com

www.burmeseclassic.com



''ဟေ ... အစောကြီးက ပြောရမယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ''

စုသဲဖြူ မေးခွန်းတွေက ကျွန်တော့်ကို ချောင်ပိတ်ရိုက်ရသလိုပါပဲ။ ကျွန်တော်လည်း အိုးတိုးအမ်းတမ်းနဲ့ ...

''ဟို ... အဲ ... အင်း ငါက မသော်တာနဲ့ ခင်ချင်လို့ပါ''

''ဟင် ... ခုရော နင်တို့က မသိဘူးလား''

''အဟိး''

ရှုံးသလို,ပေါ်သလိုနဲ့ ရယ်ပြလိုက်တော့ စုသဲဖြူက မျက်စောင်းထိုးရင်း ပိုကိုပိုတယ်လို့ ရှုပွပွနဲ့ ပြောတယ်။

ကျွန်တော်က ခုမှ သတိရလာလို့ ...

''ဟဲ့ ... စုသဲဖြူ နင် မနက်က အောင်ကိုနဲ့ ရှိနေတာ မဟုတ်လား''

''ဟုတ်တယ်လေ ... နင် ဖုန်းဆက်တုန်းက သူနဲ့ မနက်စာ စားနေတာ''

အဲဒီတော့မှ ကျွန်တော်က သော်တာ့ဘက်လှည့်ပြီး ...

''မသော်တာ ... ဟိုနေ့က ကျွန်တော်နဲ့အတူ ဟန်းဆက်ဝယ်သွားတဲ့ကောင်လေ၊ အောင်ကိုဆိုတာ၊ အဲဒါ ... သူ့'ဘဲ' သိလား''

''ဩော် ... ဟုတ်လား''

မျက်ခုံးလေးပင့်ရင်း သူက ခေါင်းအသာညိတ်ပြတယ်။ စုသဲဖြူကတော့ မဟုတ်ပါဘူး ... ဘာညာနဲ့ ဝင်ရှင်းမနေပါဘူး။ တကတည်း ရှက်ကြောမရှိတဲ့အတိုင်းပဲ။

စကားပြောရင်းနဲ့ ကျွန်တော်လည်း စိတ်ကူးတစ်ခုရလာတယ်။ ဒါနဲ့ပဲ နှစ်ယောက်စလုံးကို ငေးကြည့်ပြီး ...

''စုသဲဖြူ ... ငါတို့ ကော်ဖီဆိုင်သွားရအောင်လေ၊ မသော်တာပါ လိုက်ခဲ့ပေါ့''





''အံမယ် ... သိပ်စေတနာကောင်းနေပါလား၊ သူရိန်ရယ် နင်နဲ့ သော်တာနဲ့လည်း သိနေ ခင်နေကြပြီပဲ၊ မသော်တာတွေ ဘာတွေ လုပ်မနေပါနဲ့၊ ငါတို့လို သော်တာပဲ ခေါ်ပေါ့၊ သော်တာ နင်ကလည်း ဒီကောင်ကို သူရိန်ပဲခေါ်''

''ခေါ်လို့ရလားဟင် မသော်တာ''

''ရပါတယ်''

အပြုံးပါးပါးနဲ့ သူက ပြန်ဖြေတယ်။ နောက်တော့ ကျွန်တော်တို့လည်း ကော်ဖီဆိုင်ရောက်သွားကြတယ်။ သော်တာနဲ့အတူ သူ့သူငယ်ချင်းမလာပါ ပါလာတယ်။

ကော်ဖီဆိုင်ရောက်တော့လည်း ကျွန်တော့်မှာ ကော်ဖီတွေပဲ တကျိုက်ပြီး တစ်ကျိုက်သောက်ရင်း ငိုင်နေရတယ်။ သူတို့စကားဝိုင်းမှာ ဝင်ပါခွင့်မရပါဘူး။ သူတို့ပြောနေတာတွေက ကျွန်တော်နဲ့ မဆိုင်တဲ့ အလှအပပစ္စည်းနဲ့ အဝတ်အစားအကြောင်းပါ။

စုသဲဖြူကတော့ ကျွန်တော့်ကို တစ်ခွန်းတော့ လှမ်းပြောတယ်။

''သူရိန် ... နင် မှတ်မိသေးလား၊ နင်တို့ကို ငါ ဗေဒင်သွားမေးဖို့ လာပြောတုန်းကလေ ကားပေါ်မှာ သူငယ်ချင်းတစ်ယောက် ပါလာတယ်ဆိုတာ''

ကျွန်တော်က ပြန်စဉ်းစားလိုက်ရင်း ...

''အေး ... မှတ်မိတယ်၊ ဘာဖြစ်လို့လဲ''

''ဩော် ... ဘာမှမဖြစ်ပါဘူး၊ အဲဒါ ... သော်တာလို့''

''ဟုတ်လား၊ သော်တာက အဲဒီတုန်းက အောက်တောင် ဆင်းမလာဘူး''

''အာ ... ဘယ်သူတွေမှန်းမှမသိဘဲ၊ ပြီးတော့ ... သူရိန်နဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com

မသိသေးဘူးလေ''

ပြီးတော့ . . . ကျွန်တော်နဲ့ စကားပြတ်သွားကြပြန်တယ်၊ ကျွန်တော် လည်း ဘာလုပ်ရမှန်းမသိတာနဲ့ တို့ုင်းလက်ဘက် ခဏထွက်ခဲ့တယ်၊ ပြန်လာ တော့လည်း သူတို့အချင်းချင်း ဘာတွေပြောနေကြလဲ မသိပါဘူး။ တဝါးဝါး ရယ်နေကြတယ်၊ ဗိုင်းထဲ ကျွန်တော် ဝင်ထိုင်တော့မှ အရယ်ရပ်သွားကြ ရဲ့။

စုသဲဖြူက ကျွန်တော့်ကို အဓိပ္ပာယ်ပါပါနဲ့ကြည့်ပြီး . . .

''သူရိန် . . . ခေါင်းလေး ဘာလေးလျှော်၊ မျက်နှာလေး, ဘာလေး ပေါင်းမတင်ချင်ဘူးလား''

''ဟင် . . . ဘာဖြစ်လို့လဲ၊ နေရင်း ထိုင်ရင်း''

''သြော် . . . မနက်ဖြန် သော်တာတို့က ဆိုင်ပိတ်တယ်လေ၊ အဲ . . . သူတို့သွားနေကျ ဖြူတီဆလွန်းကို သွားမလို့တဲ့၊ နင် သူတို့ကို လိုက်ပို့ရ နဲ့ ခေါင်းလေး,ဘာလေး လျှော်လို့ရတာပေါ့''

''ဟာ . . . လျှော်ချင်တာပေါ့၊ လိုက်ပို့မယ် . . . လိုက်ပို့မယ်''

ကျွန်တော် ဝမ်းသာအားရ ပြောလိုက်တယ်၊ စုသဲဖြူရေ ကျေးဇူး လို့လည်း စိတ်ထဲက ပြောလိုက်သေးရဲ့။ အင်းလေ . . . စာရေးဆရာဆိုတော့ လည်း ဒီလောက် ဇာတ်လမ်းဆင်တတ်တာ မဆန်းပါဘူး။

''ဒါနဲ့ သော်တာ . . . မနက်ဖြန် ဘယ်ကိုလာကြိုရမလဲဟင်''

''ဘယ်သူက ခေါ်မယ်လို့ ပြောလို့လဲ''

''ဟင်''

ကျွန်တော် နင်သွားတာပေါ့။ စုသဲဖြူက ခေါ်သွားလိုက်ပါ သော်တာ ရယ် အစောင့်ရတာပေါ့ဆိုပြီး ရယ်ကျဲကျဲနဲ့ လှမ်းပြောတယ်။

အဲဒီတော့မှ သော်တာက မချိုမချဉ်မျက်နှာလေးနဲ့ . . .





''အင်းလေ . . . အစောင့်သဘောမျိုးဆိုလည်း မဆိုးပါဘူး လိုက် ချင်လိုက်ခဲ့ပေါ့''

စကားအဆုံးမှာ သူတို့သုံးယောက်သား ကျွန်တော့်ကို ကြည့်ပြီး ရယ်ကြပြန်တယ်။ အဲဒီတော့မှ ကျွန်တော့်ကို သူတို့ စ,နေမှန်း ရိပ်မိလိုက် တယ်။

အရယ်ရပ်တော့မှ စုသဲဖြူက . . .

''ဟဲ့ . . . သူရိန် နင်ပြန်တော့လေ၊ ငါတို့ ဒီမှာ မိန်းကလေး အချင်းချင်း ပြောစရာရှိသေးတယ်''

''ဟောဗျာ''

စုသဲဖြူကတော့ လုပ်ချလိုက်ပြန်ပြီ။ ကျွန်တော့်ကို ဘလိုင်းကြီး နှင်ထုတ်နေတယ်။ ခုနက တင်လိုက်တဲ့ ကျေးဇူးတောင် ပြန်ယူချင်စိတ် ပေါက်သွားရတယ်။

သော်တာ့အနားမှာ နေချင်သေးပေမယ့် စောဒကမတက်တော့ပါ ဘူး။ ဆန္ဒကို သိက္ခာနဲ့ ထိန်းလိုက်တယ်၊ အိမ်လိပ်စာမေးတော့ သော်တာက လိပ်စာတစ်ခုကို ရွတ်ပြတယ်။

ကျွန်တော် ပြန်လာတဲ့အထိ သူတို့ စကားကောင်းပြီး ကျန်ရစ်ခဲ့ ကြတယ်။ မိန်းကလေးအချင်းချင်း ပြောတယ်ဆိုတာ ဘယ်လိုစကားလည်း မသိဘူးနော်။

သူတို့တွေ ဘာတွေပဲပြောပြော ကျွန်တော်ကတော့ မနက်ဖြန် သော်တာနဲ့အတူ အပြင်သွားရမယ်ဆိုတဲ့အတွေးလေးနဲ့ပဲ . . .

သိပ်ချစ်တာပဲ . . . ချွေးမလေးရေ . . . ။



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

မနေ့က သော်တာပြောခဲ့တဲ့ လိပ်စာအတိုင်း ကျွန်တော် ရောက် သွားပါတယ်။ ခြံရှေ့ရောက်ရင်ပဲ ခြံဝင်းထဲကအိမ်ကို မော့ကြည့်မိတယ်။ သော်တာ့ပုံစံကြည့်တာနဲ့ ချမ်းသာလိမ့်မယ်ဆိုတာ ထင်ထားလို့ သိပ်မအံ့ဩ တော့ပါဘူး။

ခြံရှေ့က လူခေါ်ဘဲ(လ်)တီးလိုက်တော့ လူတစ်ယောက်က တံခါး အသာဟရင်း ...

"ဘာကိစ္စလဲခင်ဗျ"

"ဒီ ... အိမ်က သော်တာနဲ့ တွေ့ချင်လို့ပါ။ သူရိန်လို့ ပြောလိုက်"

"ဘာမှပြောမနေနဲ့တော့"

"ဟင်"

အသံကြောင့် ရှေ့ကလူကို ကျော်ကြည့်လိုက်တော့ ပြုံးစစလေးနဲ့





ရပ်နေတဲ့ သော်တာကို တွေ့လိုက်ရတယ်။ နားရက်မှာ အပြင်သွားမလို့ကြောင့် လားမသိဘူး။ ခါတိုင်းဝတ်တဲ့ ပုံစံနဲ့မတူတဲ့ ဝတ်စုံလေးကို ဝတ်ထားပါတယ်။ မနက်ဦးမှာ စိုလက်လှပနေတဲ့ နှင်းပန်းကလေးလိုပါပဲ။ ထားပါတော့။ သော် တာ ဘာပဲဝတ်ဝတ် မြင်သူငေးသွားမယ်ဆိုတာ ကြားတယ်ထင်မှာစိုးလို့ ထုတ်ပြောမနေတော့ပါဘူး။

ခဏနေရင်ပဲ သော်တာဟာ ကျွန်တော့်ကားလေးထဲကို ရောက် ရှိနေပါပြီ။ ကားမောင်းနေရင်းနဲ့ ဘေးချင်းကပ်ထိုင်နေတဲ့သူ့ဆီက ကိုယ် သင်းနံ့လေးကြောင့် ကျွန်တော့်မှာ ရင်ဖိုရပြန်တယ်။

ရင်ခုန်သံ တဒိုင်းဒိုင်းနဲ့ပဲ ကျွန်တော်က ...

"သော်တာက အရမ်းလှတာပဲ ... သိလား"

သူ့မျက်နှာပေါ်မှာ ရှက်တာတွေ, ကလက်တာတွေ ဘာတစ်ခုမှ ဖြစ်မသွားပါဘူး။ ထင်လို့ပါလို့ပဲ ခပ်တိုးတိုးပြန်ပြောတယ်။

ကျွန်တော်လည်း အကွက်ဝင်လာတာနဲ့ ...

"မဟုတ်ပါဘူး ... တကယ်ပြောတာပါ သော်တာရဲ့ လှပဲ ... ကြည့်တတ်ရင် မြင်ပါတယ်၊ ချစ်တတ်ရင်လည်း ယဉ်ပါတယ်"

"ဟုတ်မှာပေါ့"

မချိုမချဉ်ပုံစံလေးနဲ့တောင် ပြန်ပြောနေသေးတယ်။ ကျွန်တော့်မှာ ဘယ်လိုဆက်ပွားရမှန်းတောင် မသိတော့ဘူး။ ဒီအသက်အရွယ်အထိ အတွေ့ အကြုံမရှိခဲ့တာလည်း ပါမှာပေါ့။

ကားမောင်းနေရင်း သူ့ဘက်ကို အကဲခတ်လိုက်တော့ ကျွန်တော် မျက်မှောင်ကြုတ်မိသွားတယ်။ သူ့မျက်နှာကြည့်ရတာ နှစ်ယောက်တည်း ရှိနေလို့ ကျွန်တော့်လို ရင်ဖိုနေရမယ့်အစား ရယ်ချင်စိတ် ဖြစ်နေသလိုပဲ၊ မျက်နှာလေးကို ပြုံးစစလုပ်လို့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က . . .

''သော်တာ . . . ဘာတွေစဉ်းစားပြီး သဘောကျနေတာလဲ''

''ဘာရယ်မဟုတ်ပါဘူး၊ ဪ . . . ရှေ့လမ်းကိုကွေ့လိုက် မာလာတို့အိမ်ကိုရောက်ပြီ''

မာလာကိုဝင်ခေါ်ပြီး ကျွန်တော်တို့သုံးယောက်သား ထွက်လာခဲ့ကြတယ်။

ဒီအချိန်လောက်ဆိုရင်တော့ ကျွန်တော့်ကို ဟိုနှစ်ကောင် ဒေါသူပုန်ထနေလောက်ပြီ။ ဖုန်းဆက်ပြီး မပြောထားတဲ့အပြင် ကျွန်တော်က ဖုန်းပါပိတ်ထားလို့ပါ။

လမ်းမှာ မာလာက . . .

''ကိုသူရိန်က ကျွန်မတို့ကို လိုက်ပို့တယ်ဆိုတော့ အလုပ်ရော အားရဲ့လားဟင်''

''ကျွန်တော်လား အားပါတယ်၊ အဟဲ . . . သော်တာနဲ့ ပတ်သက်လာရင် အမြဲအားတယ်ဗျ''

ပြောင်ပဲ ပြောလိုက်တယ်။ နောက်ခန်းမှာထိုင်နေတဲ့ မာလာနဲ့ သော်တာ့ဆီက ရယ်သံပါးပါး ကြားလိုက်ရသေးရဲ့။

ခဏနေတော့ သူတို့ညွှန်တဲ့ လိပ်စာအတိုင်း ဖြူတီဆလွန်းတစ်ခုကို ရောက်သွားပါတယ်။

အထဲဝင်တော့ မာလာက . . .

''ကိုသူရိန် . . . လာလေ၊ ခေါင်းလျှော်မယ်ဆို''

''အင်း . . . အင်း''

အထဲအထိ ကျွန်တော် လိုက်ဝင်သွားလိုက်တယ်။ ဒီဖြူတီဆလွန်းက အမျိုးသားရော, အမျိုးသမီးပါ ဝန်ဆောင်မှုပေးပုံရတယ်။ အထဲမှာ





ယောကျ်ားတွေရော မိန်းမတွေပါ ရှိနေကြရဲ့။

သော်တာနဲ့မာလာတို့က ဆံပင်ညှပ်မယ်၊ ဘာလုပ်မယ်, ညာလုပ်မယ် ပြောနေချိန်မှာပဲ ကျွန်တော့်လက်ကို စေးထန်းထန်းလက်ကြီးတစ်ခုက ဆုပ်ကိုင်လာပြီး . . .

''မိပြီ . . . မပြေးနဲ့''

''ဟင်''

လှည့်ကြည့်လိုက်တော့ ကိုယ့်ကိုယ်ကိုယ် သေချင်စိတ်ပါ ပေါက်သွားရတယ်။ ကျွန်တော့်ကို လက်လာဆွဲတာ တခြားသူမဟုတ်ဘူး၊ ဆိုင်ကိုကားဆားဗစ်စင်လာလုပ်တဲ့ ဒေစီ။ အဟင့် . . . ကျွန်တော် ငိုချင်စိတ်ပေါက်သွားရတယ်။

ဒေစီက လက်ကို မလွှတ်သေးဘဲ မျက်လုံးထောင့်ကပ်ကြည့်ရင်း–

''သား . . . ဘာလာလုပ်တာလဲ''

''ဗျာ . . . ခေါင်းလာလျှော်တာ''

''အို . . . တကယ်၊ ဒါ . . . မာမီ့ဆိုင်လေ၊ တကတည်း ဝမ်းသာလိုက်တာတော်၊ ဖွာဦးမှပဲ၊ အဲလေ . . . ဥစ္စာရင်းမှန်လို့ ပြန်ရတယ်ဆိုတာ ဒါမျိုး ပေါ့''

''ဘာ . . . ဘာတွေပြောနေတာလဲ . . . ဟင်''

ကျွန်တော် ညောင်နာနာလေး ပြန်မေးလိုက်မိတယ်။ အဲဒီအချိန်မှာတော့ ကျွန်တော့်ရဲ့ငရဲခန်းကို မမြင်တဲ့ သော်တာနဲ့မာလာတို့က ဆံပင်ကိုယ်စီအလှပြင်နေကြပါပြီ။

ကျွန်တော် သွေးပျက်နေချိန်မှာပဲ ဒေစီက . . .

''သား . . . လာ လာ မာမီ့အခန်းမှာ စိတ်တိုင်းကျ လျှော်ပေးမယ်ပြီးရင် . . . အံ့ဩစရာတစ်ခုလည်း ပြမယ် . . . သိလား''



www.burmeseclassic.com

www.burmeseclassic.com



ဒေစီ ဆွဲခေါ်ရာကို ကျွန်တော် ဒရွတ်တိုက်မတတ် ပါသွားရတယ်။ အခန်းတစ်ခန်းထဲကို ခေါ်သွားတာပါ။

''ဒါ . . . မာမီ့ရဲ့ပင်တိုင်ဖောက်သည်တွေကို လုပ်ပေးတဲ့အခန်းလေ၊ ကြည့်ပါဦး''

အခန်းထဲကို ဝေ့ကြည့်ရင်း ကျွန်တော့်မှာ ခေါင်းမွေးတင်မကဘူး ရှိသမျှအမွေးတွေပါ ထောင်တက်သွားသလို ခံစားလိုက်ရတယ်။

အခန်းနံရံပတ်ပတ်လည်မှာ ဘယ်အချိန်၊ ဘယ်အနားက ဘယ်လို ရိုက်ထားမှန်းမသိတဲ့ ကျွန်တော့်ဓာတ်ပုံတွေချည်းပဲ။ အဲဒီဓာတ်ပုံတွေကို ဗီနိုင်းထုတ်ပြီး ကပ်ထားတာပါ။ ပြီး . . . ဒေစီက ကျွန်တော့်ကို ကန့်ကလျန့်ပြောသေးတယ်။

''ဘယ်လိုလဲ သား . . . မာမီ့အချစ်ကို သိပြီလား''

ကျွန်တော် ဝိုချင်းချချင်စိတ် ပေါက်လာပါတော့တယ်။

အဲဒီအချိန်မှာပဲ ဒေစီက ကျွန်တော့်ကို ခေါင်းလျှော်တဲ့ခုံမှာ အိပ်ခိုင်းပါတယ်။ ပြီး . . . မပြောမဆိုနဲ့ ခေါင်းစလျှော်ပါတော့တယ်။

ခေါင်းလျှော်နေရင်းနဲ့တောင် . . .

''သား . . . သိလား မာမီလေ သားခေါင်းကို လျှော်ပေးဖို့ အိပ်မက်တောင် မမက်ခဲ့ဖူးဘူး၊ ခုတော့ . . . မာမီရဲ့အိပ်မက်ဟာ တကယ်ဖြစ်လာပြီပဲ၊ မာမီထင်တယ်လေ၊ တစ်ရက်ရက်မှာတော့ သား မာမီ့ဆီကို ရောက်ကိုရောက်လာမှာပါလို့''

ကျွန်တော် မျက်စိကို စုံမှိတ်ထားရင်း ဘာမှပြောမနေတော့ပါဘူး။ ဝဋ်ရှိသမျှတော့ ခံပေါ့ဆိုပြီး တရားနဲ့ပဲ ဖြေနေလိုက်တယ်။ ဒေစီက စကားတွေ တတွတ်တွတ် ပြောရင်း ခေါင်းလျှော်တယ်။ ပြီး . . . ရေဆေးတယ်။ နောက်ထပ် ခေါင်းလျှော်ရည်ထည့်ပြီး လျှော်ပြန်တယ်။





ဘယ်လောက်တောင် ကြာသွားလဲမသိပါဘူး။ ဘာမှမကြားတော့ဘဲ ကျွန်တော် အိပ်ပျော်သွားခဲ့ရတာ အမှန်ပါ။

''သား . . . သား . . . ထတော့လေ၊ ဟောတော် . . . အိပ်ပျော်နေတာပဲ''

''အင်း . . . အင်း''

ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်တော့ ဒေစီ့မျက်နှာကြီးကို အနီးကပ်တွေ့လိုက်ရလို့ . . .

''ဟာ . . . ဘာလုပ်တာလဲ''

ဒေစီက သူ့ခန္ဓာကိုယ်ကို နည်းနည်းရှိလိုက်ပြီး . . .

''မသိဘူးလေ၊ သားများ သွင်းဦးမလားလို့''

''ဗျာ''

''ဩော် . . . သားကလဲ၊ ခေါင်းလည်း လျှော်ပြီးပြီ၊ မျက်နှာလည်း သစ်ပြီးပြီ၊ မျက်နှာကို ရွှေသွင်းဦးမလားလို့ မေးတာ''

အဲဒီတော့မှ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်မိတော့တယ်။ ဒေစီခေါင်းကို ဘယ်နှကြိမ်တောင် လျှော်ထားလည်း မသိဘူး။ ကျွန်တော့်မျက်လုံးတွေကျိန်းစပ်ပြီး ခန္ဓာကိုယ်ထဲမှာပါ အရမ်းချမ်းနေပါပြီ။

လူးလဲထပြီး အခန်းအပြင်ဘက် ထွက်ခဲ့ပါတယ်။ အပြင်ရောက်တော့ သော်တာနဲ့ မာလာတို့ကို မတွေ့ရတော့ပါဘူး။

မေးကြည့်လိုက်တော့ အခြောက်တစ်ယောက်က ဖြေတယ်။

''သူတို့ပြီးတော့ အကြာကြီး ထိုင်စောင့်နေသေးတယ်၊ အရမ်းကြာနေလို့ ပြန်သွားကြတာ၊ ရှင့်ကို ပြန်သွားပြီလို့ ပြောလိုက်တဲ့''

''ဗျာ''

''ဟုတ်တယ်လေ၊ ရှင်ကလည်း ရှင်ပဲ၊ ဒီလောက်ကြာအောင်



www.burmeseclassic.com

www.burmeseclassic.com



အေစီ ဘယ်လောက်များ ဝုန်းလိုက်လဲ မသိဘူး၊ လူ့ကို ပျော့ဖပ်နေတာပဲ”

ဘာမှမြေရှင်းမနေတတော့ဘဲ ကျွန်တော် သုတ်ခြေတင်ခဲ့တော့တယ်။ ကားမောင်းရင်းနဲ့ တစ်ကိုယ်လုံးကိုက်ခဲပြီး တုန်ယင်လာရဲ့။

အိမ်ပြန်ရောက်တော့ မာမီဒေစီရဲ့စေတနာတွေနဲ့ပဲ . . .

ကျွန်တော် ကွန်ပလိ ဖျားပါတော့တယ်။



(၁၃)

တီဗွီမှာ ကြော်ငြာနေတဲ့ ဆေးတွေသောက်ပြီး တစ်ညလုံး လူးလိမ့်ခံခဲ့ရတာတောင် မနက်ကျတော့ အဖျားက မကျသေးဘူး။ ခေါင်းတစ်ခုလုံး ပြုတ်တူနဲ့ ညှပ်ထားသလို တင်းခဲနာကျင်နေတယ်။

အိမ်ရာဘေး စားပွဲက နာရီကြည့်လိုက်တော့ ဆယ့်တစ်နာရီတောင်ရှိပြီ၊ ဒီနေ့က အလုပ်ကို ကျွန်တော် အစောကြီးသွားရမယ့်နေ့။ မနေ့ကလည်း ဖုန်းပိတ်ထားခဲ့တာမို့ ဒီနေ့တော့ အကြောင်းကြားဦးမှပဲဆိုပြီး ဆိုင်ကို ဖုန်းခေါ်လိုက်တယ်။

ဖုန်းလာကိုင်တာက အောင်ကိုပါ။ ဖျားနေတဲ့အကြောင်းနဲ့ အဖြစ်အပျက်တွေကိုပါ ပြောပြလိုက်တော့ အောင်ကိုက တဟားဟားရယ်ပါတော့တယ်။

ပြီး . . . ရယ်သံကြီးနဲ့ပဲ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်မှဖြစ်ရလေ သူရိန်ရာ၊ အေးလေ . . . မင်း နားချင်ရင်လည်း နားပေါ့၊ ငါနဲ့ဝေဖြိုးနဲ့ နိုင်ပါတယ်၊ နေကောင်းမှ လာလေ၊ အဲ . . . ညနေ အလုပ်သိမ်းရင်တော့ ငါတို့ ဝင်လာခဲ့ဦးမယ်"

ဖုန်းချပြီး စိတ်ချလက်ချ အိပ်ပစ်လိုက်ပါတယ်။ ပြန်နိုးလာတော့ နေ့လယ်တစ်နာရီကို ငွေ့ငွေ့လေးစွန်းခါစ။ ခေါင်းကတော့ အတော်လေး ကြည်နေပါပြီ။

မေမေက အခန်းထဲဝင်လာပြီး နေမကောင်းမှန်းသိလို့ ဆန်ပြုတ် သောက်မလားလို့ လာမေးတယ်၊ ဘာမှမစားချင်တာမို့ ကျွန်တော် ခေါင်းပဲ ခါပြလိုက်တယ်။

အဲဒီအချိန်မှာပဲ ဖုန်းမြည်လာလို့ ကိုင်ရပြန်တယ်။ တစ်ဖက်က ဆက်လာသူက ဝေဖြိုး။

"ဟော့ကောင် . . . သက်သာရဲ့လား"

"အေး . . . နည်းနည်းတော့ ကောင်းနေပါပြီ"

"အေး ပြီးရော . . . သိပ်မကြာခင်မှာတော့ ပြန်မဖျားနဲ့နော်"

"ဟာ . . . ဘာဖြစ်လို့ ပြန်ဖျားရမှာလဲ"

"အေးပါကွာ . . . ဟား ဟား"

ဘာမှန်းကိုမသိဘူး။ တဟားဟားရယ်ရင်း ဖုန်းချသွားတယ်။ ဒီကောင် ဘာကိုဆိုလိုတာလဲဆိုတာ သိပ်မကြာခင်မှာပဲ ကျွန်တော် သိလိုက်ရပါတယ်။

အိမ်အပြင်ဘက်ဆီက ကားသံတွေ ကြားလိုက်ရကတည်းကပဲ ကျွန်တော် တစ်မျိုးဖြစ်သွားရတယ်။ ဒါ ကျွန်တော်တို့အိမ်က ကားသံမဟုတ်ဘူး။

ခဏနေရင်ပဲ မေမေဟာ ကျွန်တော့်အခန်းထဲကို အူယားဖားလျားနဲ့





ပြေးဝင်လာရင်း . . .

"သား . . . အပြင်မှာ ဧည့်သည်တွေ ရောက်နေတယ်၊ တစ်ယောက် ကလည်း ငိုလို့"

"ဗျာ . . . ဘယ် . . . ဘယ်သူတွေလဲ"

"မေမေလည်း မသိဘူး၊ သား နေမကောင်းလို့ လာကြည့်တာတဲ့၊ တစ်ယောက်က လှလှမြင့်တဲ့၊ နောက်ကလေးတစ်ယောက်က မီးလေးတဲ့၊ ငိုနေတဲ့တစ်ယောက်ကတော့ သူ့ကိုယ်သူ ဒေစီလို့ ပြောတယ်"

"ဗျာ"

မျက်စိတွေ ပြာဝေပြီး ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားမိတယ်။ ဘယ်ကဘယ်လို အနံ့ခံပြီး လိုက်လာကြပြန်ပြီလဲမသိဘူး။

ကျွန်တော် ချောက်ချားတုန်လှုပ်စွာနဲ့ပဲ . . .

"မေမေ . . . သူတို့သုံးယောက်စလုံးကို ပြောလိုက်ပါ၊ ကျွန်တော် ဆေးသောက်ပြီး အိပ်နေတယ်လို့၊ စောင့်လည်း မနေနဲ့လို့၊ မေမေ ကြည့် ကောင်းအောင်ပြောပြီး ပြန်လွှတ်လိုက်နော်"

"ဟဲ့ . . . သား သူတို့က သတင်းလာမေးတာလေ၊ ကောင်းပါ့ မလား"

"ကောင်းတယ် မေမေ၊ ကောင်းတယ်၊ အဲလိုမှ မလုပ်ရင် သားရေ ဘိမ်နစ်လိမ့်မယ်၊ လုပ်ပါ မေမေရာ၊ သား နောက်တော့ ရှင်းပြပါ့မယ်"

မေမေ သက်ပြင်းချပြီး အခန်းထဲက ပြန်ထွက်သွားတယ်။ ဘယ်လို တွေ ဆက်ဖြစ်လဲတော့မသိဘူး။ ခေါင်းအုံးနဲ့ နားပိတ်ရင်း ကျွန်တော် ပြန် အိပ်ပျော်သွားတယ်။

ပြန်နိုးတော့ တစ်ကိုယ်လုံး ချွေးတွေချည်းပဲ၊ အိပ်မက်ဆိုးတွေ မက်ပြီး ပြန်နိုးလာတာပါ။ ဒီထက်ဆိုးတဲ့ အိပ်မက်မျိုးတော့ ဘဝမှာရှိမယ်


www.burmeseclassic.com

www.burmeseclassic.com

မထင်ဘူး။

ကျွန်တော့်ကို ဘယ်သူရမလဲဆိုပြီး မလှလှမြင့်ရယ်၊ မီးလေးရယ်၊ ဒေစီရယ် ချောတိုင်တက်ပြိုင်ကြတော့ သုံးယောက်စလုံး ပူးတွဲပထမဆုရ လို့တဲ့။ သုံးယောက်သား ကြိုက်တဲ့အပိုင်းယူမယ်ဆိုပြီး ကျွန်တော့်နောက် ပြေးလိုက်ရာကနေ ထွက်ပြေးရင်း ကျွန်တော် လန့်နိုးလာရတာပါ။

ခဏနေရင်ပဲ မေမေက ဆန်ပြုတ်ပန်းကန်လေးနဲ့ အခန်းထဲဝင် လာပါတယ်။ ကျွန်တော် အိပ်မပျော်နေတုန်း ဖြစ်ခဲ့တာတွေကိုလည်း ပြန်ပြော ပြတယ်။

ကျွန်တော် ဖျားနေတာသိလို့ အဲဒီသုံးယောက်စလုံး ဆိုင်ကလိုင်စာ ယူပြီး အိမ်ကို လိုက်လာကြတာတဲ့။ အိမ်ရောက်တော့ ဒေစီက သူ့ကြောင့် ကျွန်တော် ဖျားရတာဆိုပြီး ငို။ ဟိုနှစ်ယောက်ကလည်း ဒေစီ့ကို ရန်တွေ့။ သုံးယောက်သား အိမ်မှာ ဝုန်းဒိုင်းကျဲသွားတာလို့ ပြောတယ်။ ဘာပဲဖြစ်ဖြစ် မေမေကတော့ ကျေနပ်တယ်ဆိုပဲ၊ သူ့သားကို သည်းသည်းလှုပ် ဂရုစိုက်တဲ့ လူတွေ ရှိနေလို့တဲ့၊ ပြီးတော့ ... ဟိုသုံးယောက် ကျွန်တော့်အတွက် ယူလာ တဲ့ စားသောက်စရာတွေကလည်း နည်းမှမနည်းဘဲကိုး။

မေမေ့စကားအဆုံးမှာတော့ ကျွန်တော့်တစ်ကိုယ်လုံး ပြန်နုံးချွေ သွားပါတော့တယ်။

ဒါပေမဲ့ ... ညဘက် ကျွန်တော့်ဖုန်းလေး မြည်လာချိန်မှာတော့ ...



(၁၄)

"သူ့ရိန် ဖျားနေတယ်ဆို ... သက်သာလားဟင်"

"အင်း ... သော်တာနဲ့ ဖုန်းပြောနေတဲ့အချိန်မှာတော့ သက်သာ ပါတယ်၊ ဘာမှမဖြစ်သလိုပဲ"

"ဟင် ... သူ့ရိန့်ဖျားတာကလည်း တစ်မျိုးကြီးပါလား"

"ဟုတ်တယ် ... သော်တာရဲ့၊ ခု ... သော်တာ ဖုန်းပြန်ချသွား ကြည့်ပါလား။ ကျွန်တော့် ပြန်ဖျားတော့မှာ"

ခပ်ညှင်းညှင်းရယ်သံလေး အရင်ထွက်လာတယ်။ ပြီးမှ ...

"ကြော် ... ရှင် နေကောင်းအောင် ကျွန်မကပဲ တစ်ညလုံး ဖုန်း ဆိုင်ပြောပေးနေရမှာ ကျနေတာပဲ"

"ဟုတ်တယ်လေ၊ သော်တာက ကျွန်တော့်ဆန္ဒကို သိနေတာပဲ၊ စကားတွေ အများကြီး ပြောမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သွားပါ"

အိပ်ရာထဲ လှဲနေလို့ ကျွန်တော် ဘယ်မှသွားလို့မရပါဘူး။ သွားလို့ရရင်တောင် သူ့ဆီကိုပဲ သွားချင်တာ။ ဒါနဲ့ပဲ . . .

"သြော် . . . သော်တာ ဖုန်းပြောနေတာ အနားမှာ ဘယ်သူရှိလဲဟင်"

"ဘယ်သူမှမရှိဘူး၊ ဖေဖေနဲ့ မေမေက ညစာစားပွဲတစ်ခု သွားနေကြတယ်၊ ကျွန်မတစ်ယောက်တည်းပဲ"

"ဒါဆို . . . ကျွန်တော် လာခဲ့မယ်လေ"

"အောင်မာ . . . သေလိုက်ပါလား"

"မလုပ်ပါနဲ့ သော်တာရယ် . . . ခုတောင် အဖျားက ကျသေးတာမဟုတ်ဘူး၊ ခုနက သော်တာ့အနားမှာ ဘယ်သူရှိလဲလို့မေးတာ အကြောင်းရှိလို့"

"လုပ်လာပြန်ပြီ၊ ဘာအကြောင်းလဲ"

ကလေးအရွယ်တုန်းက တစ်ယောက်နဲ့တစ်ယောက် နောက်သလို အကြောင်းက တင်ပါးမှာလေလို့ ကျွန်တော် မပြောလိုက်ပါဘူး။

"ဒီလို သော်တာရယ် . . . သော်တာ တစ်ယောက်တည်းဆိုတော့ ရည်းစားစကားပြောရင် ကောင်းမလားလို့"

"အောင်မာ . . . လာလာချည်သေး"

သူ့အသံလေးဟာ စိတ်ဆိုးနေတာမဟုတ်ဘူးလို့ ကျွန်တော် ယုံပစ်လိုက်တယ်။ အစချီပြီးမှတော့ ဆက်တွန်းရတော့တာပေါ့။

"ဟုတ်တယ် သော်တာ၊ ကြီးကျယ်တယ်လို့ မထင်ပါနဲ့၊ ကျွန်တော့်မှာလေ ဖူးစာရေးနဲ့ ပတ်သက်လို့ အန္တရာယ်တွေ ဝိုင်းနေလို့ပါ၊ အဲဒါကြောင့် ကျွန်တော် သော်တာ့ကို ချစ်တယ်၊ ကျွန်တော့်ကိုရော ဘယ်လိုသဘောထား





လဲဟင်"

သူ့ဘက်က တော်တော်ကြာအောင် အသံတိတ်နေပါသေးတယ်။ ဖုန်းချသွားတာတော့ မဟုတ်ဘူး၊ သူ့အသက်ရှူသံပါးပါးလေးကို ကျွန်တော် ကြားနေရတယ်။

"သော်တာ . . . ကျွန်တော်ပြောတာ ကြားရဲ့လားဟင်"

"အင်း"

"ဒါဆို . . . သော်တာ့သဘောကကော"

"ကျွန်မ . . . ကျွန်မ စဉ်းစားဦးမယ်လေ"

"သော်တာရယ် . . . ဒီခေတ်က အဲလိုစဉ်းစားရတဲ့ခေတ်မှ မဟုတ်တာ၊ မတော် ဒီရောဂါနဲ့ ကျွန်တော် သေသွားရင်"

"အို . . . မဦးမချွတ်"

ဒါမျိုးကျတော့လည်း သူက ကျွန်တော့်အတွက် စိုးရိမ်သွားပြန်တယ်။ အဲဒါနဲ့ ကျွန်တော်လည်း ညှာညှာတာတာစဉ်းစားလိုက်ပြီး –

"ဒါဆိုလည်း ကျွန်တော့်ကို အဖြေပေးတော့ဗျာ"

"အာ . . . လုပ်ပြန်ပြီ ဖွတ်ပဲ"

"မရဘူးဗျာ၊ ဖွတ်ပဲ . . . ဖွတ်ပဲ"

ကျွန်တော် ထပ်ပြီး ဂျီတိုက်လိုက်ပါတယ်။ အဲဒီတော့မှ သူက လေးလေးနက်နက်လေသံကလေးနဲ့ . . .

"သူရိန် . . . သေချာနားထောင်နော်၊ သန်ဘက်ခါကျရင် ဆိုင်ကိုလာခဲ့၊ တစ်ခုခုပြောမယ်"

"ဟား . . . ပျော်လိုက်တာဗျာ"

"ဟင် . . . ခုပြောတာက အဖြေပေးတာမှ မဟုတ်ဘဲ"

"မသိဘူးဗျာ၊ ပျော်တယ်"



www.burmeseclassic.com

www.burmeseclassic.com

သူ့ရယ်သံချိုချိုလေးက ကျွန်တော့်နားစည်ကို ထိခတ်လာပါတယ်။ ခပ်လွင်လွင်လေး ရယ်ပြီးမှ ...

"ဒါပဲနော် သူရိန် ... ဂွတ်နိုက်"

"ဂွတ်လပ်(ဗ်) သော်တာ"

'ဟွန်း' ... ဆိုတဲ့ အသံလေးနဲ့ သူ ဖုန်းချသွားပါတယ်။ ကျွန်တော် ဖုန်းကလေးကိုင်ပြီး အိပ်ရာထဲမှာ ငြိမ်နေမိသေးတယ်။ ပီတိတွေနဲ့ပေါ့။

ခဏနေမှ ခုတင်ပေါ်က အသာထပြီး ပြတင်းပေါက်ကို ဖွင့်လိုက်တယ်။ အပြင်ဘက်မှာတော့ ညဟာ သူ့ရဲ့နယ်ပယ်ကို ချဲ့ထွင်နေပါပြီ။ ကျွန်တော် ကောင်းကင်လွင်ပြင်ကို ငေးကြည့်နေမိသေးရဲ့။

ကြယ်စုအချို့နဲ့ ကောင်းကင်မှာ လ,မရှိပေမယ့်လည်း ကျွန်တော့် ရင်ထဲမှာတော့ လ,တစ်စင်းဟာ လင်းနေခဲ့ပါပြီ။



(၁၅)

"မင်းဟာတွေက ဘာတွေလဲ သူရိန်၊ ငါ ... တော်တော် မျက်စိ ပေါးမွေးရူးလာပြီနော်"

ဒီစကားဟာ ဖေဖေ့ပါးစပ်က ထွက်လာတာပါ။ ပြောရင်လည်း ခံရမှာပဲ။ မနက်မနက်ဆိုရင် ခြံဝမှာ ပန်းစည်းက သုံးစည်း။ ဘယ်သူရှိရမှာလဲ၊ ဟိုသုံးယောက်ပေါ့။ နေမကောင်းတဲ့ ကျွန်တော့်အတွက်ဆိုပြီး ရည်စူးပြီး ပို့ထားတာ။

ပြီးတော့ ... သူတို့သုံးယောက်အပြိုင်ပို့နေကြတဲ့ မုန့်ပုံးတွေကလည်း မနည်းတော့ဘူး။

လိုတာထက် ပိုလာတော့လည်း ဖေဖေ မျက်စိနောက်ပြီပေါ့။ ကာယကံရှင် ကျွန်တော်ဆိုရင် သေချင်စော်ကို နံနေတော့တာပါ။

ဒီကိစ္စဟာ ဒီအတိုင်း မဖြစ်တော့ဘူးဆိုတာ ကျွန်တော် သိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ဗေဒင်ဆရာမ ပြောခဲ့တာကိုလည်း တစ်စတစ်စ ယုံလာပါတယ်။ ဟားတိုက်မှာစိုးလို့ ဟိုကောင်နှစ်ကောင်ကိုတော့ မပြောပြဖြစ်ဘူး။ စုသဲဖြူဆီကိုပဲ ဖုန်းလှမ်းဆက်လိုက်တယ်။

ဖြစ်ခဲ့သမျှကို ပြည့်ပြည့်စုံစုံ ပြောပြလိုက်ပြီးမှ . . .

"အဲဒါပဲ စုသဲဖြူ . . . ငါ တော်တော် စိတ်ညစ်နေပြီဟာ၊ ခု . . . အဲဒီသုံးယောက်ဟာ ငါ ဗေဒင်ဆရာမအိမ်က ယူလာတဲ့ပစ္စည်းတွေနဲ့ ဆိုင်နေတာလား"

တခစ်ခစ်ရယ်နေပြီးမှ စုသဲဖြူက . . .

"နင့်ကို ငါပြောတုန်းကတော့ အဲဒီဒုက္ခမျိုးဆိုရင် လာစမ်းပါစေဆို၊ ခု . . . နင်ယုံပြီလား"

"ဒါ . . . ဒါဆို . . . ငါ ယူလာတာ သူတို့ပစ္စည်းတွေမို့ ငါ့ကို သူတို့က ကြိုက်နေကြတာပေါ့ . . . ဟုတ်လား"

"အေး . . . ငါတော့ အဲဒီလိုပဲ ထင်တယ်"

ကျွန်တော် တွေဝေသွားရင်း . . .

"ဒါ . . . ဒါဆိုရင် ငါ ဘယ်လိုလုပ်ရမှာလဲ၊ ဟင်း . . . အကြံလေးဘာလေး ပေးပါဦးဟာ"

"အဲဒါတော့ ငါလည်း မပြောတတ်ဘူး သူရိန်ရာ"

"ဟာ"

"အဲ . . . တစ်ခုတော့ ရှိတယ်၊ ဗေဒင်ဆရာဆီ ငါ ဖုန်းဆက်မေးပေးမယ်၊ ခဏစောင့် . . . ပြီးရင် ငါ ပြန်ဆက်လိုက်မယ်"

"အေးပါဟာ . . . ကူညီပါဦး"

ရင်ထဲက အလုံးဟာ တစ်ဝက်လောက်တော့ ကျသွားတာ အမှန်ပဲ။ လုံးဝ စိတ်အေးသွားတာမျိုးတော့ မဟုတ်ဘူး။ ဘာတွေဖြစ်လာမလဲဆိုတဲ့





ကိုယ့်ကံကြမ္မာကိုပဲ ကြောက်နေမိတယ်။

သိပ်မကြာပါဘူး . . . ဖုန်းမြည်လာတယ်။ ကောက်ကိုင်လိုက်တော့ . . .

"အေး . . . သူရိန် ငါမေးပြီးပြီ"

"ဘာ . . . ဘာတဲ့လဲ"

"သူပြောတာကတော့ ဂရိဗေဒင်ရဲ့အယူအဆ အစီအရင်ကြောင့် သူတို့က မင်းကို ကြိုက်နေတာတဲ့၊ နင့်ဆီမှာရှိတဲ့ ပစ္စည်းတွေသာ သူတို့ပစ္စည်း ဟုတ်ရိုးမှန်ရင် သူတို့ကို ပြန်ပေးလိုက်တဲ့"

"အဲဒါဆိုရင်"

"နင့်အပေါ်ရှိနေတဲ့ သူတို့ချစ်စိတ်တွေ လုံးဝပျောက်ကွယ်သွားပြီး မုန်းသွားလိမ့်မယ်တဲ့"

"ဟေ"

ကျွန်တော် ပျော်ရွှင်လွန်းလို့ အခန်းထဲမှာ လှည့်ပတ်က,နေမိတော့တယ်။ အဲဒီပစ္စည်းတွေကြောင့် ကျွန်တော့်ရဲ့ဖူးစာဟာ ကျွမ်းထိုးမှောက်ခုံတွေ ဖြစ်လာလိမ့်မယ်လို့ အဲဒီတုန်းက မတွေးမိခဲ့တာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# အဲဒီလို . . . နဲ့

## (၁၆)

သော်တာ့ဆီက အဖြေရမယ့်နေ့မှာပဲ သူတို့သုံးယောက်စလုံးကို ဆိုင်တစ်ဆိုင်တည်းမှာ ကျွန်တော် ချိန်းလိုက်ပါတယ်။

သူတို့ဆိုတာက ပရိသတ်ကြီးသိတဲ့အတိုင်း မလှလှမြင့်၊ မီးလေးနဲ့ ဒေစီတို့ကိုပေါ့။

ချိန်းတာကတော့ တစ်ယောက်ချင်းစီ ချိန်းလိုက်တာပါ။ သူတို့ အချင်းချင်း တစ်ဆိုင်တည်းမှာ ဆုံမယ်လို့တောင် ထင်ထားကြမှာ မဟုတ်ဘူး။ ကျွန်တော့်ဘက်က ချိန်းတယ်ဆိုလို့ သူတို့အတွေးနဲ့သူတို့ ပျော်နေလောက်တယ်။

ကျွန်တော်ကတော့ ဘာမှမတွေးတော့ဘူး။ ကျွန်တော့်ရဲ့ဆိုးရွားလှတဲ့ အိပ်မက်ကို အဆုံးသတ်ချင်နေပြီ။ ဒီနေ့ဟာ နောက်ဆုံးနေ့ပဲလို့ မြတ်ထဲမှာ ကြုံးဝါးရင်း ထွက်လာခဲ့တယ်။

ခုနစ်စဉ်ကြယ်တာရာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲရောက်လို့ ဝေ့ကြည့်လိုက်တော့ ထင်တဲ့အတိုင်းပဲ။ တစ်ယောက်ကိုတစ်ဝိုင်းစီမှာထိုင်ပြီး သူတို့သုံးယောက် အချင်းချင်း စောင်နေကြလေရဲ့။

ကျွန်တော့်ကို မြင်မြင်ချင်း သုံးယောက်စလုံး ဝုန်းခနဲ မတ်တတ်ထရပ်လိုက်ကြတယ်။ ဆိုင်ထဲက တခြားလူတွေကတောင် ဘာလဲဟဆိုပြီး စပ်စုနေကြလေရဲ့။

ကျွန်တော်လည်း မျက်နှာထူအမ်းအမ်းနဲ့ စားပွဲလွတ်တစ်ခုမှာ ဝင်ထိုင်လိုက်ပြီး သုံးယောက်စလုံးကို လက်ရပ်လှမ်းခေါ်လိုက်တယ်။

ချက်ချင်းဆိုသလို မီတာတစ်ရာပြေးတဲ့ ခြေလှမ်းတွေနဲ့ သုံးယောက်သား ကျွန်တော့်ဆီ အပြေးအလွှားပဲ။ မျက်လုံးတက်နှင်းမိမှာတောင် စိုးရိမ်ရတယ်။

"မောင်လေး ... မမရဲ့သိုက်ကြိုးကို ဖြတ်ပေးမလို့ ချိန်းလိုက်တာ မလားဟင်"

သိုက်ကြိုးတင် မဟုတ်ဘူး။ စိတ်ထဲမှာ အဲဒီအပျိုကြီးရဲ့လျှာကိုပါ ဖြတ်ချင်တာ။ အပျိုကြီးစကားဆုံးမှာပဲ ...

"အို ... မဖြစ်နိုင်ပါဘူး၊ မီး အိပ်မက်ထဲကအတိုင်း သူ ချိန်းလိုက်တာ မဟုတ်လား"

"ဟဲ့ ... နင်တို့ ဘာတွေပြောနေကြတာလဲ၊ သားက မာမီ့သားလေ၊ ဥစ္စာမှန်လို့ ပြန်ရ ... ပြန် ... ရ"

"တော်ကြပါတော့"

ကျွန်တော် အော်လိုက်တော့မှပဲ သုံးယောက်စလုံး ဖက်ပသွားကြတယ်။ အားလုံးကို ဝေ့ကြည့်ရင်း ...

"ဒီမှာ ... ကျွန်တော် ခင်ဗျားတို့ကို တစ်ခုမေးမယ်၊ ခင်ဗျားတို့





သန်လျင်ဘက်မှာရှိတဲ့ ဖူးစာကွန်ရက်ဆိုတဲ့ ဗေဒင်ဟောခန်းကို သွားဖူးကြလား"

"သွားဖူးတယ်"

အသံက ပြိုင်တူထွက်လာပါတယ်။ ကျွန်တော် လိုက်ခနဲ ဝမ်းသာသွားမိတယ်။

တစ်ဆက်တည်းပဲ ဘောင်းဘီအိတ်ထဲက ပစ္စည်းတွေကို ထုတ်ပြီး စားပွဲပေါ် တန်းစီချလိုက်တယ်။

ဂစ်တာပုံ ကီးချိန်းလေး၊ သစ်သားမီးခြစ်ကလေး၊ စက္ကူငှက်ရုပ် အပြာရောင်ကလေးနဲ့ ဖန်စီလက်သည်းညှပ်ကလေးတွေကိုပေါ့။

သုံးယောက်စလုံး ပစ္စည်းလေးတွေကို ကြောင်ကြည့်နေကြသေးတယ်။

ပထမဆုံး လက်လှမ်းလိုက်သူက မီးလေး။ ဂစ်တာပုံကီးချိန်းကလေးကို ဆွဲယူလိုက်ပြီး ...

"ဒါ ... ဒါ ... မီးဟာလေးပဲ၊ ဖူးစာရှင်အတွက် ထားခဲ့ဆိုလို့ ထားခဲ့တာ"

"မမလည်း အဲဒီအတိုင်းပဲ၊ ဒီသစ်သားမီးခြစ်ကလေးက မမဟာပါ၊ ဖူးစာရှင်ကို မျှော်နေရတဲ့ အပူတွေကို စွန့်ပစ်ချင်လို့လေ"

"မာမီ ... ခင်ဗျားကရော"

ကျွန်တော့်စကားအဆုံးမှာ ဒေစီက ဖန်စီလက်သည်းညှပ်ကလေးဆီ လက်လှမ်းလိုက်ပါတယ်။

အိုကေ ... ပြီးပြီ။

စားပွဲပေါ်မှာ တစ်ခုတည်းကျန်နေတဲ့ အပြာရောင်စက္ကူငှက်ရုပ်ကလေးကို ကောက်ယူရင်း ကျွန်တော် ထရပ်လိုက်တယ်။

www.burmeseclassic.com



သုံးယောက်စလုံးကိုလည်း ကြည့်ပြီး . . .

"ဖူးစာဆိုတာ လုပ်ယူလို့မရဘူးဆိုတာ မကြာခင် ခင်ဗျားတို့သဘောပေါက်သွားကြမှာပါ"

ပြောပြီး ကျွန်တော် ချာခနဲ လှည့်ထွက်လာခဲ့တယ်။ ကျွန်တော့်ခြေလှမ်းတွေဟာ ပေါ့ပါးလို့ သွက်လက်လို့ပေါ့။

ဪ . . . ဒါတင်မဟုတ်သေးဘူး။ ချစ်သူဆီက အဖြေအတွက်လည်း အချိုမြိန်ဆုံး ရင်ခုန်မှုတွေနဲ့လေ။



(၁၇)

ဆိုင်ထဲရောက်လို့ တွေ့တွေ့ချင်းပဲ သော်တာက ဆီးပြောလာတယ်။

"သူရိန်နဲ့ ကျွန်မ အေးအေးဆေးဆေး စကားပြောချင်တယ်၊ တစ်နေရာကို သွားရအောင်"

ကျွန်တော် အတိုင်းမသိ ပျော်ရွှင်သွားမိတယ်၊ အေးအေးဆေးဆေး စကားပြောလို့ရမယ့်နေရာကိုလည်း တစ်ဆက်တည်း စဉ်းစားလိုက်တယ်။

"သော်တာ . . . ဟိုလေ ကန်ပေါင်သွားမလား၊ အဲဒီမှာဆိုရင်"

"သွားလေ . . . သူရိန့်သဘောပဲ"

လမ်းတစ်လျှောက် ကားပေါ်မှာလည်း သော်တာဟာ ငြိမ်ငြိမ်ကလေး လိုက်ပါလာတယ်။ တည်ငြိမ်နေတဲ့ သူ့မျက်နှာလေးပေါ်မှာလည်း သနက်မှုတွေက တလက်လက်ဖြာလို့။

ကန်ပေါင်ရောက်တော့ ဘယ်ဆိုင်မှ မထိုင်ဘဲ ကန်စပ်ဆီသို့ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သား ထွက်လာခဲ့ကြတယ်။

ညနေဟာ စောင်းလုပြီဖြစ်ပေမယ့် အလင်းငွေ့ငွေ့နဲ့ တောက်ပနေပါသေးတယ်။ ကျနေရဲ့နေရောင်ခြည်က သော်တာ့ဆံနွယ်စတွေကို ရိုက်ထိုးနေတာ ကြည့်လို့ အရမ်းကောင်းတာပဲ။ ကျွန်တော် သူ့ကို ငေးကြည့်မိတယ်။ စင်ကြယ်လှပတဲ့ သူ့မျက်နှာလေးဟာ အင်းယားရေပြင်လိုပဲ ငြိမ်သက်နေပါတယ်။

သုတ်ခနဲ တိုက်ခတ်လာတဲ့ လေပြည်ကြောင့် အင်းယားရေပြင်ဟာ ဖွဖွလေး လှုပ်ခတ်လှိုင်းထသွားတယ်။ အဲဒီအတိုင်းပဲ ငြိမ်ဆိတ်နေတဲ့ သော်တာ့နှုတ်ခမ်းလေးဟာလည်း လှုပ်ရှားလာတယ်။

"သူရိန် ... ရှင် ကျွန်မကို ချစ်တယ်ဆိုတာ ဘယ်လောက်အထိ ရည်ရွယ်ပြီးတော့ ချစ်တာလဲ၊ ဒီစကားကိုမေးရတာ အကြောင်းရှိလို့ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့အရွယ်ဟာ စိတ်ကစားသင့်တဲ့အရွယ် မဟုတ်လို့ပဲ"

စကားအဆုံးမှာ လေပြည်နဲ့အတူ လွင့်ဝဲလက်ဖြာနေတဲ့ သော်တာ့ဆံနွယ်တွေဆီက အကြည့်ကိုလွှဲရင်း ...

"ကျွန်တော့်ဘဝမှာ ချစ်သူဆိုတာ တစ်ခါမှမထားခဲ့ဖူးပါဘူး သော်တာ၊ ဒါပေမဲ့ ... ကျွန်တော် သော်တာနဲ့ စတွေ့တွေ့ချင်း အချစ်ဆိုတာကို သိလိုက်ရတယ်၊ အဲဒီမှာပဲ ... ကျွန်တော့်အတွက် ဖူးစာဆိုတာ ရှိသေးတာပဲလို့ တစ်ခါတည်း ယုံလိုက်တာ၊ ကျွန်တော် သော်တာ့ကို ချစ်တယ်၊ ပြီးတော့ ... လက်ထပ်ချင်တယ်"

"အို"

သူ ခေါင်းကလေး ငုံ့ကိုင်သွားတယ်။ သိပ်မကြာဘူး။ ချစ်ရည်ရွှန်းလဲ့နေတဲ့ မျက်လုံးကလေးတွေနဲ့ ကျွန်တော့်ဘက် လှည့်လာပြီး ...





"သူရိန်ကို ကျွန်မ ယုံပါတယ်၊ ပြီးတော့ ... ပြီးတော့"

"ပြီးတော့ ... ဘာဖြစ်လဲဟင်၊ သော်တာ ပြောလေ"

ကျွန်တော် အငမ်းမရ မေးလိုက်မိတယ်။ သူ့မျက်နှာပေါ်မှာ ရှက်နိုင်လှိုင်းတွေ ဖြတ်သန်းနေရင်းကြားကပဲ ...

"သူရိန်ကိုလည်း ကျွန်မ ... ကျွန်မ ... ချစ်တယ်"

"ဟာ"

အင်းယားရေပြင်ထဲမှာ လှိုင်းတွေ တစ်ခဲနက် ထ,သွားသလိုမျိုး ကျွန်တော့်ရင်ထဲမှာလည်း ...

ပရိသတ်ကြီးရေ ... စဉ်းစားသာကြည့်ပေတော့ ...။



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

အပျော်စက်လက်နဲ့ နေ့ရက်တွေကို သော်တာနဲ့အတူ ဖြတ်ကူးရ ကျွန်တော့်အတွက် ခမ်းနားလွန်းတဲ့ ရာသီတစ်ခုပါ။ အဲဒီရာသီကို ကျွန်တော် ရိုးမြေကျ သယ်ယူသွားချင်ပါတယ်။

သော်တာ့ကို အကြိုအပို့လုပ်ပြီး စကားပြောရတဲ့အချိန်လေး ဟာလည်း ကျွန်တော့်ရဲ့ လောကနိဗ္ဗာန်ပါပဲ။

ဒီကြားထဲ တစ်ရက်မှာ ကျွန်တော်တို့ဆိုင်ကို မလှလှမြင့် ရော လာပါသေးတယ်။ ကျွန်တော်တောင် အံ့သြသွားမိသေးရဲ့။ ဒီအပျိုကြ ဘာလာလုပ်ပြန်ပြီလဲပေ့ါ။

ဒါပေမဲ့ ကျွန်တော်ထင်ထားသလို မဟုတ်ပါဘူး။ မျက်နှာထ တည်တည်နဲ့ ကျွန်တော့်ဆီ လျှောက်လာပြီး ဖိတ်စာတစ်စောင်ထုတ်ပေ လာတယ်။





''ရော့ သူရိန် . . . မမ လက်ထပ်တော့မလို့ ဖိတ်စာလာပေးတာ လာဖြစ်အောင် လာနော်''

ပြောပြီး ချာခနဲ လှည့်ထွက်သွားလေရဲ့။ ကျွန်တော် ကြောင်အမ်း နေပြီးမှ ဖိတ်စာကို ဖွင့်ဖတ်ကြည့်တယ်။ တစ်လအတွင်း သိုက်က ပြန်ခေါ် မယ့် အပျိုကြီးကို အပြီးကျို . . . အဲလေ သိုက်ကြိုးဖြတ်ပေးလိုက်တဲ့ ကံ ကောင်းသူ မောင်ရှင်ဟာ ဘယ်သူလဲပေ့ါ။

စောမင်းဝေ . . . တဲ့။ ကျွန်တော့်မှာ မဆီမဆိုင် အဲဒီလူကို သနားမိ နေသေးတယ်။ အင်း . . . ဒီအရွယ်မှ ကံပေါ်တော့ ဒင်းလည်း လူပျိုကြီးဖြစ် မှာပဲလို့ ထပ်တွေးမိတယ်။

နောက်တစ်ခါ စာတစ်စောင်ပို့လိုက်သူက မီးလေး။ သူရေးထား တာကလည်း ရှင်းပါတယ်။ သူ့လို အရမ်းဝတဲ့သူကိုမှ ချစ်လို့လို့ ဆိုလာတဲ့ စ်တာသမားလေး သန့်ဇင်အောင်နဲ့ လက်ထပ်ပြီး ဒလကို အပြီးအပိုင် ွက်သွားပါပြီတဲ့လေ။ ဟင်း . . . သူတို့သွားတာကလည်း နိုင်ငံရပ်ခြားကို သည်း မဟုတ်ဘူး။

ဒေစီကလည်း ဖုန်းဆက်ပါတယ်။ သူ့ရဲ့မြို့တီဆလွန်း မိန်းကလေး သီးသန့်လုပ်လိုက်ပြီတဲ့။ ဘဝမှာ ယောကျာ်းဆိုရင် ဘယ်ယောကျာ်းမှ မမြင် ချင်တော့ဘူးဆိုပြီး အကြောင်းကြားတာပါ။ သူ့ကိုယ်သူရော မှန်ထဲမှာ မကြည့် တော့ဘူးလားလို့ ကျွန်တော် ရယ်ချင်ပက်ကျိနဲ့ တွေးမိပါတယ်။

ခုချိန်မှာ အဲဒီအကြောင်းတွေကို ခပ်ပါးပါး ပြောပြတော့ သော်တာ ာ ရယ်ပါတယ်။

''ကို့က တော်တော်စွံတာပဲနော်''

''ဘယ်ကလာ သော်တာရယ်၊ အဲဒီတုန်းကများ စိတ်ညစ်လိုက် ာများ မပြောပါနဲ့တော့''



www.burmeseclassic.com

www.burmeseclassic.com



"ကို့က ချောတာကိုးလို့ ... မဟုတ်ဘူးလား"

"အဲဒါက သော်တာ မြင်တတ်ဖို့ တစ်ခုတည်းပါ၊ ဒါနဲ့ ကိုယ်တို့ လက်ထပ်ရအောင်လေ သော်တာ"

သော်တာက ချစ်စဖွယ် ခေါင်းကလေးညိတ်ရင်း ...

"အင်း ... အဲဒါကိုပဲ ပြောမလို့ သော်တာ ဖေဖေ့ကို ပြောထား တယ် သိလား"

"ဘာပြောလဲဟင်၊ ယောက္ခမကြီးက"

သူက မျက်စောင်းလှမ်းထိုးရင်း ...

"ကိုနော် ... အကောင်းပြောနေတာကို၊ ဖေဖေက ဆန်းအေး အဲ ... သန်ဘက်ခါညနေကျရင် အိမ်ကိုလာခဲ့ပေါ့၊ ကိုနဲ့ စကားပြောကြည့် ချင်တယ်လို့ ပြောတယ်"

ကျွန်တော်က ကျောချမ်းသလို အမူအရာလုပ်ပြရင်း ...

"အဟီး ... ခုလိုတွေ့ရမယ်ဆိုတော့လည်း တစ်မျိုးကြီးပဲ"

"အံမယ် ... ကိုက တပြုံးကြီးပါလား၊ ကဲပါ ... လာမယ် မဟုတ် လား"

"လာမှာပေါ့ သော်တာရဲ့၊ ဒါ ... ကိုယ့်အတွက် အရေးကြီးတဲ့ ကိစ္စပဲဥစ္စာ"

"ကဲ ... ဒါဆိုလည်း ပြန်ရအောင်၊ ဆိုင်မှာ မာလာတစ်ယောက် တည်း ကျန်ခဲ့တာ၊ ဝန်ထမ်းတွေကို သိပ်ကြည့်နိုင်မှာ မဟုတ်ဘူး"

"အင်း ... သွားတာပေါ့"

ကျွန်တော်တို့ ထိုင်နေကြတာက ကျွန်တော်နဲ့ သော်တာ ဒုတိယ အကြိမ် ပြန်ဆုံဖူးတဲ့ ဒဂုံစင်တာထဲက ကော်ဖီဆိုင်ထဲမှာပါ။ ကျွန်တော်လည်း ဟိုကောင်တွေကိုထားပြီး အားနာနာနဲ့ ထွက်လာခဲ့ရသလို သော်တာကလည်း





သူ့သူငယ်ချင်းကို အားနာနေတာနဲ့တူရဲ့။

အဲဒါနဲ့ သော်တာကို ဆိုင်ထဲအထိ လိုက်ပို့လိုက်တယ်။ မာလာက တောင် အေးအေးဆေးဆေးထိုင်ပါ ... ရပါတယ်လို့ အပြုံးပါးပါးလေးနဲ့ စသလို ပြောသေးရဲ့။ ကျွန်တော်လည်း သော်တာ့အနားက မပြန်ချင်သေးတာ နဲ့ ကောင်တာနောက်က သော်တာထိုင်တဲ့ခုံမှာ ထိုင်နေလိုက်တယ်။

ထိုင်ခုံမှာ ခြေကလိန်ကွတ်ထိုင်ရင်း ခြေထောက်လှုပ်တတ်တဲ့ ကျွန် တော့်ဝသီအတိုင်း ခြေထောက်လှုပ်လိုက်ချိန်မှာပဲ ...

'ဒုတ်'

'ဘုတ်'

တစ်ခုခု ကျွန်တော့်ခြေထောက်နဲ့ တိုက်မိပြီး ပြုတ်ကျသွားတာပါ။ ဘာများလဲလို့ ကြည့်လိုက်ချိန်မှာပဲ ကျွန်တော့်မျက်လုံးတွေ ပြူးကျယ်သွား ရတယ်။

"ဟင် ... ဒါ ... ဒါက"

အလန့်တကြားရေရွတ်ရင်း ပြုတ်ကျသွားတဲ့ ပလတ်စတစ်အကြည် ဘူးကို ကောက်ကြည့်နေမိတယ်။ ဘူးထဲမှာ အပြာရောင်စက္ကူနဲ့ ချိုးခေါက် ထားတဲ့ ငှက်ရုပ်ကလေးတွေ အများကြီးပဲ။

ဘုရား ဘုရား ... မဟုတ်ပါစေနဲ့။

ချွေးစေးတွေပြန်ရင်း ကျွန်တော် ဆုတောင်းနေမိတယ်။

အဲဒီအချိန်မှာပဲ ...

"ကို ... ဘာဖြစ်နေတာလဲ၊ ဘာတွေကြည့်ပြီး အံ့သြနေတာလဲ လို့"

ကျွန်တော်က ချွေးတွေ သပ်ချရင်း အသံအထစ်အထစ်နဲ့ ...

"ဒီ ... ဒီစက္ကူ ... စက္ကူငှက်တွေက ..."



www.burmeseclassic.com

www.burmeseclassic.com



သော်တာက ဟက်ခနဲ ရယ်လိုက်တယ်။ ပြီးမှ . . .

"ဘာများလဲလို့ ကိုရယ်၊ အဲဒါ . . . သော်တာ ခေါက်ထားတာလေ"

"ကိုသူရိန်ကလည်း ကိုယ့်ကောင်မလေးရဲ့အကျင့်ကိုတောင် မသိဘူးလား၊ သော်တာက ပျင်းရင် အဲဒီစက္ကူငှက်ကလေးတွေကိုပဲ ချိုးနေတာ"

"ဗျာ"

ကျွန်တော့်ခေါင်းတွေ ထူပူသွားရတယ်။ တုန်တုန်လှုပ်လှုပ်နဲ့ပဲ သိချင်လွန်းတဲ့မေးခွန်းကို ထပ်မေးလိုက်မိတယ်။

"ဒါ . . . ဒါနဲ့ . . . သော် . . . သော်တာတို့လေ . . . စုသဲဖြူပြောတဲ့ သန်လျင်က ဗေဒင်ဟောခန်းကို သွားဖူးလားဟင်"

သော်တာက တစ်ချက်စဉ်းစားလိုက်ရင်း . . .

"အင်း . . . သွားဖူးပါတယ်၊ ပထမတစ်ခေါက်ကတော့ ကြာပြီ တစ်လကျော်လောက်တောင် ရှိမလားပဲ"

အဲဒီအချိန်မှာ မာလာက ဝင်ပြီး . . .

"ဟုတ်တယ်လေ၊ အဲဒီတုန်းက နင်တောင် အပြင်ပြေ ချိုးလာတဲ့ စက္ကူငှက်ကလေးကို ထားခဲ့သေးတာ"

"ထားလိုက်ပါဟာ . . . စုသဲဖြူ လမ်းညွှန်လို့သာသွားတာ၊ စိတ်က သိပ်ယုံတယ်လို့ မဟုတ်ပါဘူး၊ အဲဒါကြောင့် ဟိုတစ်ရက်က ထပ်သွားတော့ ဘာမှထပ်မထားခဲ့တာပေါ့၊ ဒီတစ်ခေါက်လည်း နင်သွားချင်လွန်းလို့သာ လိုက်ခဲ့တာ"

"နင်ကလည်းဟာ ဘာမှမဟုတ်ရင်တောင် အပျင်းပြေပေါ့"

သူတို့စကားသံတွေဟာ ကျွန်တော့်နားထဲ မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေတယ်။ ရင်ထဲကိုလည်း ဆုံးရှုံးမှုတွေ ကြေကြေကွဲကွဲ ပိကျလာသလိုပဲ။ ကိစ္စတစ်ခုဟာ ဒီလောက်အထိ ဆက်နွှယ်ပတ်သက်မှုတွေ





ရှိနိုင်တယ်တဲ့လား။

စက္ကူငှက်ထည့်ထားတဲ့ ဘူးကလေး လှမ်းပေးရင်း . . .

"ကိုယ် . . . သွားတော့မယ် သော်တာ"

ရုတ်တရက် ပြောလိုက်လို့ အံ့ဩသလို ဖြစ်သွားပြီးမှ ခေါင်းအသာ ညိတ်ပြတယ်။ သွားတော့မယ်ဆိုတဲ့ ကျွန်တော့်စကားဟာ ကိုယ့်ကိုယ်ကိုယ် သော်တာ့ဆီက အဝေးကြီးကို ထွက်သွားရသလိုပါပဲ။

ကျွန်တော် ချာခနဲ လှည့်ထွက်ခဲ့ရင်း လေးကန်တဲ့ ခြေလှမ်းတွေနဲ့ လျှောက်နေမိတယ်။ ကျွန်တော့်မျက်ဝန်းထဲက ဝဲတက်လာတဲ့ မျက်ရည်တွေကိုတော့ ကျွန်တော် မထိန်းသိမ်းနိုင်တော့ပါဘူး။

ဒီလိုပါပဲ ကောင်မလေးရေ<br>
ကံဆိုတာ အလုပ်ဆိုရင်<br>
ကံကြမ္မာဆိုတာကလည်း<br>
မင်းတို့ ငါတို့တွေ ဖန်တီးခဲ့ကြတာမျိုးလား . . .<br>
ခုတော့လည်း ရှိုးရှိုးလေး ဝေးကြရုံပေါ့နော် . . .။



www.burmeseclassic.com

www.burmeseclassic.com

ဒါကို 'ကြိုး' လို့ သိလိုက်ရချိန်မှာ
ကိုယ့်ကိုယ်ကိုယ် ရစ်ပတ်ခဲ့ပြီပဲ
ကိုယ်စိုက်ပျိုးလို့
ကိုယ်မရိတ်သိမ်းနိုင်တဲ့အိပ်မက်
ဒီလိုနဲ့ပဲ ...
တစ်ခေါက်တလေမှာ ဝေးနေရတော့မယ်။
ဒီအရပ်တော့ ဒီအရပ်ပေါ့
ဒီတောက်လမ်းမသိမ်းခင်မှာပဲ
မိုးက ခေါင်လာတယ်။
ဖြစ်နိုင်ရင်ပေါ့လေ ...
အရင်လို အပြုံးတွေနဲ့
လာရာလမ်းကို ပြန်လျှောက်ပြီး
မင်းအတွက် ပန်းတွေ ကောက်ပေးချင်သေးတယ် ...။ ။



(၁၉)

"မင်းကလည်းကွာ ... အဲဒီလောက်ကြီးတော့ ဖြစ်မနေပါနဲ့ ဥပါဒ် ဒါန်ကြောင့် ဥပါဒ်ဖြစ်နေဦးမယ်၊ ခု ... မင်းကို သူက ချစ်တယ်၊ မင်းက သူ့ကိုချစ်တယ်၊ အဆင်ပြေနေတာပဲဥစ္စာ"

ရီဝေနေတဲ့ကြားက နာနာကျင်ကျင်နဲ့ ခေါင်းခါလိုက်မိတယ်။ ပြီး ... ရှေ့က အောင်ကိုနဲ့ဝေဖြိုးကို ကြည့်လိုက်ရင်း ...

"ငါ ... ရင်နာတာ အဲဒါကိုကွ၊ ငါက သူ့ကိုချစ်တယ်ဆိုတာ တကယ်ချစ်တာ၊ သူ့ဘက်က ချစ်တယ်ဆိုတာက ဟိုသုံးယောက်လိုပဲ သူ့ စက္ကူငှက်ကို ငါ ယူလာခဲ့မိလို့လေ၊ ငါ ... မင်းတို့ကို ဘာမှမကျန်အောင် ရှင်းပြပြီးပြီပဲကွာ"

"အေးကွာ ... ဒီခေတ်ကြီးထဲမှာ ဒီကိစ္စကို ဘယ်လိုပြောရမှန်း တောင် မသိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက သူငယ်ချင်းအရင်းကြီးမို့သာ လက်ခံရတာ၊ တခြားသူပြောရင်တော့ ယုံမိမှာမဟုတ်တာ အမှန်ပဲ"

ဒီစကားတွေဟာ ကျွန်တော့်ရင်ကို ပေါ့ပါးစေမယ့် စကားတွေမဟုတ်မှန်း သိပါတယ်။ ဒါပေမဲ့ . . . ကျွန်တော့် ကံကြမ္မာကိုတောင် ကျွန်တော့်မှာ ပြင်ဆင်ခွင့်မရှိတဲ့ဘဝ။ လှမ်းကြည့်လိုက်ရင် ကျွန်တော့်ရှေ့မှာ အမှောင်တိုက်ကြီးပဲ မြင်နေရတယ်။

ကျွန်တော် ဒီလိုခံစားနေရတာကို သော်တာ မသိနိုင်လောက်ဘူးဆိုတာ သိပါတယ်။ သိရင်ရော ဘာပြောဦးမလဲ။ ကျွန်တော် မတွေးရဲဘူး။

ဒါပေမဲ့ တစ်ခုခုကို ဆုံးဖြတ်ရွေးချယ်ရတော့မယ်ဆိုတာကိုလည်း ကျွန်တော် နားလည်နေတယ်။

"ဒါနဲ့ သူရိန် . . . မနက်ဖြန် သော်တာက မင်းကို သူ့အဖေနဲ့ တွေ့ပေးမယ်ဆိုတဲ့ကိစ္စကိုရော ဘယ်လိုလုပ်မှာလဲ"

လှုပ်ခတ်သွားတဲ့စိတ်နဲ့အတူ ကျွန်တော် ကိုယ့်နှုတ်ခမ်းကိုယ် ပြန်ကိုက်လိုက်မိတယ်။ ဘဝကို စူးစူးရှရှ နာကြည်းရင်းပဲ စကားတစ်ခွန်းကို ဆို့နင့်စွာ ပြောလိုက်ပါတော့တယ်။

"ငါ . . . မနက်ဖြန် သွားဖြစ်အောင် သွားမှာပါ"

"ဟေ"

"သူရိန် . . . မင်း"

သူတို့နှစ်ယောက် အံ့သြနေချိန်မှာပဲ ကိုယ့်ဘဝကိုယ် ဟားတိုက်ဖို့ ကျွန်တော် ရယ်မောလိုက်လေရဲ့။



(၂၈)

ဒီတစ်ခါ သော်တာတို့အိမ်ရှေ့ရောက်တာဟာ ဒုတိယအကြိမ်၊ ဒါမှမဟုတ် နောက်ဆုံးအကြိမ်ဆိုရင် ပိုမှန်လိမ့်မယ် ထင်တယ်။

ခြံရှေ့က လူခေါ်ဘဲ(လ်) ကို မတီးသေးဘဲ ကျွန်တော် ရပ်နေမိသေးရဲ့။ အမှန်တော့ ဒီခရီးအတွက် ကျွန်တော် အသေအချာပြင်ဆင်ထားပြီးသားပါ။ ဟိုးအရင် သော်တာတို့အိမ်သွားမယ်ဆိုတုန်းက စဉ်းစားထားတဲ့ ပုဆိုးနဲ့ တိုက်ပုံကို ပြောတာမဟုတ်ပါဘူး။ ကျွန်တော် မပြောမဖြစ်ပြောရတော့မယ့် စကားလုံးတွေကိုပါ။

နာကျင်တဲ့စိတ်တွေနဲ့ အသက်ကို ဝဝရှူရင်း ခြံတံခါးရှေ့က ဘဲ(လ်)ကို နှိပ်လိုက်တယ်။ အရင်တစ်ခေါက်ကလိုပဲ လူတစ်ယောက်က တံခါးလာဖွင့်ပေးပါတယ်။ ကျွန်တော်က . . .

"ဒီအိမ်က သော်တာတို့မိသားစုနဲ့ ချိန်းထားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ကိုသူရိန်ဆိုတာမလား၊ လာပါခင်ဗျ၊ အထဲမှာ စောင့်နေကြပါတယ်"

အဲဒီလူနောက်ကပဲ ကျွန်တော် လိုက်သွားလိုက်တယ်။ အိမ်ရှေ့နား ရောက်တော့ သော်တာက လှစ်ခနဲထွက်လာပြီး . . .

"လာ . . . ကို၊ ကို့ကို သော်တာ ထွက်စောင့်နေတာ"

အဲဒီစကားလေးနဲ့တင် ကျွန်တော့်မှာ ရင်နင့်ရပြန်တယ်။ မကြာခင် ဝေးရတော့မယ်ဆိုတဲ့အသိနဲ့ မျက်ရည်ဝဲမတတ်ပဲ။ ဘာမှမဖြစ်သလို ဟန်ဆောင်ပြီး သော်တာကို တစ်ချက်ပြုံးပြရင်း ဧည့်ခန်းထဲ ဝင်ခဲ့လိုက်တယ်။ ပျော်ရွှင်နေတဲ့စိတ်တွေနဲ့ ကျွန်တော့်အပြုံးကိုတော့ သော်တာ ခွဲခြားတတ်မှာ မဟုတ်ဘူးဆိုတာ သိရဲ့။

ဒါပေမဲ့ . . .။ ဒါပေမဲ့ . . . နောက်ဆုံးအခြေအနေတစ်ခုကို ရင်ဆိုင်နေရတဲ့ ကျွန်တော့်အဖို့ ဘာမှမတတ်နိုင်တော့ဘူး။ ရင်ကွဲရုံပါပဲ။ ဒီထက် ဝေးဖို့ဆိုတာ ထပ်မဝေးတော့ပါဘူး သော်တာ။

သော်တာက ကျွန်တော့်ကို ခဏလေးလို့ တိုးတိုးပြောပြီး အခန်းထဲ ဝင်သွားတယ်။ သိပ်မကြာပါဘူး။ အပေါ်ထပ်လှေကားကနေ လူကြီးတစ်ယောက် ဆင်းလာပါတယ်။ ဖေဖေတို့အရွယ်လောက်ပဲရှိလို့ ဒါ သော်တာ့ အဖေဆိုတာ ခန့်မှန်းလို့ရတယ်။

အဲဒီလူကြီးက ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး အဟမ်းလို့ အရင်ချောင်းဟန့်တယ်။ ပြီး . . . ဆက်တီပေါ်မှာ ဟန်ပါပါဝင်ထိုင်ရင်း . . .

"အင်း . . . မောင်သူရိန်ကို အန်ကယ် အထူးမိတ်ဆက်စရာတော့ မလိုတော့ပါဘူး၊ သမီးပြောပြထားလို့ အန်ကယ် တော်တော်များများ သိထားပြီးပါပြီ၊ သမီးနဲ့မောင်ရင် . . . မောင်ရင် မေတ္တာမျှနေကြတယ်ဆိုတာရယ်၊ ပြီးတော့ . . . မောင်ရင့် အသိုင်းအဝိုင်းကိုလည်း အန်ကယ် သိထားသင့်





သလောက် စုံစမ်းပြီးပါပြီ၊ အဲ . . . တစ်ခုပြောချင်တာကတော့"

"ခဏ . . . ခဏလေးပါ အန်ကယ်၊ ကျွန်တော် တစ်ခုလောက် ပြောပါရစေ"

ကျွန်တော် စကားဖြတ်ပြောလိုက်တော့ အန်ကယ်ကြီး အိုးတိုးအမ်းတမ်း ဖြစ်သွားတယ်။ သက်ပြင်းကို ခပ်သွက်သွက်ချလိုက်ပြီး . . .

"အေး . . . ပြောကွာ"

ကျွန်တော်လည်း ပင့်သက်ကို ဘယ်နှစ်ခါမှန်းမသိ ထပ်ရှိုက်မိတော့တယ်။ အန်ကယ်ကြီးကိုလည်း ခပ်မှေးမှေးလေးကြည့်ရင်း . . .

"ဒီလိုပါ အန်ကယ် . . . အန်ကယ့်သမီးကို ကျွန်တော် မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်ပါတယ်"

"ဒါဆို . . . ပြီးပြီပေါ့ကွ"

"မပြီးသေးပါဘူး အန်ကယ်၊ ဒါပေမဲ့ဆိုတာ ရှိပါသေးတယ်"

"ဟေ . . . ဘာ . . . ဒါပေမဲ့လဲကွ"

ကျွန်တော်က အံကြိတ်လိုက်ရင်း . . .

"အဲဒီ ဒါပေမဲ့ကတော့ . . . အန်ကယ့်သမီးက ကျွန်တော့်ကို ချစ်တာ တကယ်အချစ်စစ်နဲ့ မဟုတ်ပါဘူး၊ အဲဒီအတွက်ကြောင့် အန်ကယ့်သမီးကို ကျွန်တော် လက်မထပ်နိုင်ပါဘူးလို့ အားနာနာနဲ့ ပြောပါရစေ"

"ဘာကွ"

အန်ကယ်ကြီး အော်ပြီး ဝုန်းခနဲ ထရပ်လိုက်သံနဲ့အတူ . . .

"ကို"

အလန့်တကြား ရေရွတ်လိုက်သံနဲ့အတူ အခန်းထဲက ထွက်လာတဲ့ သော်တာ့လက်ထဲက အအေးဖန်ခွက်ဟာလည်း . . .



www.burmeseclassic.com

www.burmeseclassic.com

# "ခွမ်း"

(၂၀–ဘ)

ဘာတွေ ဘယ်လိုဖြစ်ကုန်မှန်းတောင် ကျွန်တော် မသိတော့ပါဘူး။ သေချာတာတစ်ခုကတော့ အန်ကယ်ကြီး ကျွန်တော့်ကို ပြေးထိုးလိုက်တာပဲ။ မျက်စိထဲမှာ ကြယ်တွေလတွေမြင်ပြီး ဝုန်းခနဲ ပစ်လဲသွားတယ်။

အားယူပြန်ထပြီး နှုတ်ခမ်းထောင့်က သွေးတွေကို သုတ်လိုက်ရင်း

"ကျွန်တော့်ကို အထင်မလွဲပါနဲ့ အန်ကယ်၊ ဒီကိစ္စက ရှင်းပြဖို့ ခက် . . . ခက်"

အဲဒီအချိန်မှာပဲ သော်တာဟာ ကျွန်တော့်ရှေ့ရောက်လာပြီး မီးဝင်းဝင်းတောက်တဲ့ မျက်ဝန်းအစုံနဲ့ . . .

"သူရိန် . . . ရှင် . . . ရှင် . . . ကျွန်မအိမ်အထိလာပြီး ဘာလို့ လုပ်လိုက်တာလဲ၊ ရှင် . . . စော်ကားလှချည်လား"

ကျွန်တော် စိတ်ကိုလျှော့ပြီး လက်ကာပြလိုက်တယ်။

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ခဏလေး သော်တာ၊ ပြီးရင် ပြောချင်တာပြောပါ၊ ဘာဖြစ်လို့လဲဆိုတော့ မကြာခင်မှာပဲ သော်တာ ကိုယ့်ကို မုန်းသွားတော့မှာမို့လို့ပါ၊ တစ်ခုတော့ ပြောခဲ့ပါရစေ ... ကိုယ် သော်တာ့ကို ပထမဦးဆုံးအချစ်နဲ့ အသည်းနင့်အောင် ချစ်ခဲ့ပါတယ်၊ အဲဒီစကားကိုတော့ သော်တာ တစ်ခါတလေ အမှတ်ရပေးပါ"

စကားဆုံးတာနဲ့ ကျွန်တော့်ဘောင်းဘီအိတ်ထဲက အပြာရောင်စက္ကူ ငှက်ရုပ်ကလေးကို ထုတ်ပြီး ကမ်းပေးလိုက်ပါတယ်။

နားမလည်တဲ့ပုံစံနဲ့ သော်တာ ကြောင်အမ်းပြီး ကြည့်နေသေးတယ်။

ကျွန်တော်က ...

"ယူလိုက်ပါ သော်တာ၊ ဒီငှက်ရုပ်ကလေးဟာ သန့်လျှင်မှာရှိတဲ့ ဗေဒင်ဟောခန်းက ယူလာခဲ့တာပါ၊ သော်တာ ပထမတစ်ခေါက်ရောက်တုန်းက ထားခဲ့တဲ့ ပစ္စည်းလေးဖြစ်မှာပါ၊ တစ်ချိန်မှာ ကိုယ့်ကို မုန်းသွားမှာကို စိုးရိမ်လို့ ခုကတည်းကပဲ သော်တာ့လက်ထဲကို ပြန်ပေးခဲ့ပါတယ်၊ နောင်တစ်ချိန်မှာ မုန်းမယ့်အတူတူ ခု ... မုန်းလိုက်တာကပဲ ကိုယ့်အတွက် ဒဏ်ရာတွေကို မြန်မြန်ကုစားလို့ရမှာပါ၊ ကဲ ... ကိုယ်သွားတော့မယ်"

ကျွန်တော် ချာခနဲ လှည့်ထွက်ခဲ့ပါတယ်။ သော်တာ့မျက်ဝန်းထဲမှာ ဘာတွေရှိကျန်နေသေးလဲဆိုတာ မစူးစမ်းချင်တော့ဘူး။ ကျွန်တော့်မျက်ဝန်းထဲက မျက်ရည်တွေဟာတော့ ပါးပြင်ပေါ်ကို လိမ့်စီးလို့။

သေချာပါတယ်။

ကျွန်တော် အသည်းကွဲပြီဆိုတာကိုလေ။



(၂၁)

"ဘာတွေ ဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့ ... ဒီတစ်ခါတော့ သူ ချိန်းတဲ့ နေရာကို မင်း သွားသင့်တယ် သူရိန်"

ဝေဖြိုးစကားအဆုံးမှာ သက်ပြင်းကို ခပ်လေးလေးချရင်း လက်ထဲက စာရွက်ကလေးကို ပြန်ဖတ်ကြည့်မိတယ်။

သူရိန်နေမင်း

ရှင်နဲ့ကျွန်မ ခဏလေးပဲဖြစ်ဖြစ် တွေ့ချင်တယ်။ ကိစ္စကတော့ ရှင့်ကို မပေးလိုက်ရတဲ့အဖြေတစ်ခုပေးချင်လို့ပါပဲ။ အဲဒီအဖြေကို ရှင် ကျေကျေနပ်နပ်လက်ခံနိုင်တယ်ဆိုရင် ဒီနေ့ညနေ လေးနာရီတိတိ အင်းယားကန်ပေါင်ကို လာခဲ့ပါ။

သော်တာမင်း



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ သူရိန် ... မင်းသွားမှာလား"

အောင်ကို့အမေးအဆုံးမှာတော့ ကျွန်တော် ခပ်ယဲ့ယဲ့ပြုံးမိတယ်။

"ဒီစာဟာ ဘာသဘောလဲဆိုတာ မင်းတို့လည်း သိမှာပါ၊ သော်တာ ငါ့မျက်နှာကိုကြည့်ပြီး မုန်းတယ်လို့ ပြည့်ပြည့်ဝဝ ပြောချင်လို့ ဖြစ်မှာပေါ့"

"ဒါဆို မင်း မသွားတော့ဘူးပေါ့ ... ဟုတ်လား"

ကျွန်တော် နာနာကျင်ကျင်ပဲ ထပ်ရယ်လိုက်မိတယ်။

"သွားမှာပေါ့ကွာ၊ ဘယ်လိုပဲဖြစ်ဖြစ် အနည်းဆုံး သူ့မျက်နှာလေးကို ခဏလေးမြင်လိုက်ခွင့်ရတယ်ဆိုတဲ့ စိတ်ကလေးနဲ့ ငါ သွားမှာပါ"

ဝေဖြိုးက ကျွန်တော့်ပခုံးကို ခပ်ဖွဖွညှစ်ရင်း ...

"ကံကောင်းပါစေ သူငယ်ချင်းရာ"

ကျွန်တော်က မဲ့ပြုံးပြုံးရင်း ပခုံးကို တွန့်လိုက်ပြီး ...

"နေပါစေကွာ၊ ဘာတွေပဲဖြစ်လာလာ ငါကျေနပ်ပါတယ်၊ ကိုယ်ချစ်တဲ့ သူတစ်ယောက်ကို ချစ်ခဲ့ဖူးတာနဲ့တင် အတော်ပြည့်စုံနေပါပြီ၊ ဖူးစာဆိုတာ လုပ်ယူလို့မရတာကိုလည်း ငါ တကယ်နားလည်သွားပါပြီ"

"သူငယ်ချင်းရာ"

ဝေဖြိုးရဲ့ မချင့်မရဲ ညည်းသံအဆုံးမှာ ကျွန်တော် ကောင်းကင်ကိုပဲ မော့ကြည့်လိုက်မိတယ်။ သင်းကွဲနေတဲ့ တိမ်ဖြူတိမ်ပြာတွေကြား အဖော်မဲ့ ငှက်ကလေးတစ်ကောင် ပျံသန်းသွားတာကို မြင်လိုက်ရရဲ့။



(၂၂)

ညနေခင်းဟာ အလင်းဖန့်ဖန့်နဲ့ ဝင်းသန့်နေပါတယ်။ ဟိုး ... အဝေး မိုးကုပ်စက်ဝိုင်းအစွန်းမှာလည်း ဆည်းဆာတိမ်တွေက တစ်နေ့တာကို နှုတ်ဆက်ဖို့ ရောင်ခြည်တွေကို ပြန့်ဖြာကျပြလို့။

အဲဒီလိုညနေ ပြေပြေလေးရဲ့တစ်ထောင့်တစ်နေရာမှာပဲ ကျွန်တော်နဲ့ သော်တာတို့ ဆုံဖြစ်ကြတယ်။ ကန်ရေပြင်ဆီကို နှစ်ယောက်သား မျက်နှာမူရင်း အချိန်အတော်ကြာတဲ့အထိ စကားမပြောဖြစ်ကြသေးဘူး။

ဒီကန်ပေါင်ထက်မှာပဲ သော်တာ ကျွန်တော့်ကို ချစ်တယ်လို့ အဖြေပေးခဲ့တာပါ။

ဒါပေမဲ့ ... ခုတော့ ... ခုတော့လေ။

သိုးမည်းတစ်ကောင်လို ကျွန်တော် သော်တာ့ကို မကြည့်ရဲဘူး။ ခေါင်းငုံ့နေရင်းက စကားစလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"သော်တာ . . . သော်တာ ကိုယ့်ကို ပြောစရာရှိတယ်ဆို"

ကျွန်တော့်အသံဟာ သိပ်မကျယ်ပေမယ့် သူ ကြားလောက်ပါတယ်။ ပင့်သက်ရှိုက်သံနဲ့အတူ . . .

"ဟုတ်တယ် သူရိန် . . . ရှင့်ကို ပြောစရာရှိသလို ပေးစရာလည်း ရှိတယ်၊ ကျွန်မကို ကြည့်ပါဦး"

မနည်းအားယူပြီး သော်တာနဲ့ မျက်လုံးချင်း ဆုံလိုက်တယ်။ ဘာ အရိုးအငွေ့မှမရှိတဲ့ သူ့မျက်ဝန်းတွေဟာ အေးအေးစက်စက်နဲ့။ ကျွန်တော် နားမလည်နိုင်ပေမယ့် သွေးတော့ ပျက်စေတယ်။

သော်တာက ကျွန်တော့်အနားကို တိုးလာရင်း . . .

"ရှင့်ကို လောလောဆယ် ပြောချင်တာကတော့ . . ."

သူ့ရဲ့လက်တစ်ဖက် မြောက်တက်သွားပြီး စက္ကန့်ပိုင်းအတွင်းမှာပဲ ကျွန်တော့်ပါးတစ်ဖက်ဟာ ထူပူသွားရတယ်။

လုပ်ပါသော်တာ . . . ငါ ကျေနပ်ပါတယ်။ အဲဒီအတွက် ငါ လာခဲ့တာပါ။

မျက်စိကို စုံမှိတ်ထားရင်း စိတ်ထဲမှာ ရေရွတ်နေမိတယ်။

အဲဒီအချိန်မှာပဲ . . .

"သူရိန် . . . ရော့၊ ဒါဟာ ကျွန်မ သန်လျင်က ဗေဒင်ဟောခန်းကို နောက်တစ်ခေါက် ထပ်ရောက်တုန်းက ယူလာခဲ့တဲ့ဟာ၊ အဲဒါ . . . ရှင့်ပစ္စည်းလို့ ထင်တာပဲ"

လက်ထဲကို ထိုးထည့်ပေးပြီး သူ ထွက်သွားပါတယ်။ ကျွန်တော် မျက်လုံးကိုဖွင့်ပြီး လက်ထဲကိုကြည့်လိုက်တော့ . . .

"ဟာ"

အံ့ဩမှုတွေဟာ ဆွတ်ဆွတ်ဖြူသွားရတယ်။ ကျွန်တော် သန်လျင်





ဗေဒင်ဟောခန်းမှာထားခဲ့တဲ့ ဖန်စီရာဘာလက်ပတ်ကွင်းလေး။

ဒါ . . . ဒါဆို . . .။

အတွေးတွေဝေပြီး အဲဒီနေရာမှာပဲ ကျွန်တော် ရပ်နေမိတယ်။ အဲဒီအချိန်မှာပဲ အောင်ကို အနားကိုရောက်လာပြီး . . .

"သူရိန် . . . မင်းယူလာတဲ့ ငှက်ရုပ်ကလေးဟာလည်း သူ့ဆီ ပြန်ရောက်သွားပြီ၊ သူယူလာခဲ့တဲ့ မင်းရဲ့လက်ပတ်ကလေးဟာလည်း မင်းဆီ ပြန်ရောက်နေပြီ၊ အဲဒီတော့ မင်းတို့နှစ်ယောက်ကြားက ချစ်စိတ်ဆိုတာ ဘာကယ်ပဲ ပျောက်ဆုံးသွားပြီလား"

"ဟာ"

စဉ်းစားရင်း ကျွန်တော် အလန့်တကြား ရေရွတ်လိုက်မိတယ်။ ကျွန်တော်ဟာ သော်တာထားခဲ့တဲ့ စက္ကူငှက်ရုပ်ကလေးကို ယူလာမိခဲ့တယ်ဆိုရင် . . . သော်တာကလည်း ကျွန်တော်ထားခဲ့တဲ့ ဖန်စီလက်ပတ်ကလေးကို ယူလာခဲ့တယ်ဆိုရင် . . .

နောက်ဆုံး . . .

ပိုင်ရှင်ကိုယ်စီလက်ထဲကို ကိုယ့်ပစ္စည်း ကိုယ်ပြန်ရောက်ပြီး အချစ်စိတ်က မပျက်ပျယ်ဘူးဆိုရင် . . .

"အို"

ဖူးစာဆိုတာ . . . ဘာလဲလို့ ကျွန်တော် သိလိုက်ရပါပြီ။ အဲဒါကိုတော့ ချစ်စိတ်လို့ပဲ ကျွန်တော် ဖြူဖြူလေး သတ်မှတ်ချင်ပါတယ်။

ခုလည်း ကျွန်တော့်ခြေလှမ်းတွေက . . .



www.burmeseclassic.com

www.burmeseclassic.com

နိဂုံး



"နေပါဦး သော်တာရယ် ... ပြောစရာလေး ရှိလို့ပါ"

အပြေးတစ်ပိုင်းနဲ့ အနားရောက်ရောက်ချင်းပဲ သူက မျက်နှာသုန်သုန်မှုန်မှုန်နဲ့ လှည့်လာပြီး ...

"ဘာဖြစ်နေတာလဲ၊ ဘာမှပြောစရာ မရှိတော့ဘူး၊ အကုန်ပြောပြီးသွားပြီ"

"တစ်ခုကျန်သေးတယ်လေ သော်တာရဲ့"

"ဘာလဲ"

"သော်တာ ... ခု ... ကိုယ့်ပါးကိုလည်း ရိုက်သွားတယ်၊ အဲဒါပြတ်သားတဲ့ အဖြေမဟုတ်ဘူးနော်၊ ခု ... ပါးစပ်က အဖြေတစ်ခုခုတော့ပြောခဲ့"

ပြောရင်း ကျွန်တော်က သူ့လက်ကလေးကို ဖမ်းကိုင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက မသိမသာရှုန်းရင်း ...

"လွှတ်ကွာ ... ခုမှ အတင့်ရဲမနေနဲ့၊ အိမ်မှာတုန်းကတော့ သတ္တိမရှိဘဲနဲ့"

"ဟာကွာ ... ဒါကတော့ သော်တာ တစ်ချိန်ကျရင် အရမ်းမုန်းသွားမှာကို စိုးတာကိုး"

"ကဲ ... အခုတော့ ဘာဖြစ်လဲ"

"ဘယ်လိုမှ မေ့လို့မရပါဘူး သော်တာရယ်၊ ဒီတစ်ခါ ဗေဒင်တမှားပြီထင်ပါတယ်"

"ဘာကြောင့်မှားလဲ သိလား"

"ဟင် ... သိဘူးလေ၊ ဘာဖြစ်လို့တုန်း"

"ဟိုမှာကြည့်လိုက်"

မချိုမချဉ် မျက်နှာပေးလေးနဲ့ သော်တာ ညွှန်ပြတဲ့နေရာကို ကြည့်လိုက်တော့ အားပါးပါး ... အောင်ကို၊ ဝေဖြိုးတို့နဲ့အတူ စုသဲဖြူကိုပါ တွေ့လိုက်ရတယ်။

ကျွန်တော်တို့ဆီလာနေတဲ့ သူတို့ကို နားမလည်နိုင်ဘဲ ...

"သော်တာ ... ဘယ်လိုတွေဖြစ်တာလဲဟင်"

သော်တာ ပခုံးလေးတွန့်ပြီး ...

"သော်တာလည်း အစအဆုံးတော့ မသိဘူး၊ ဇာတ်ညွှန်းအတိုင်း ရောက်တဲ့နေရာက ဝင်က,ရတာ၊ အဲ ... အဓိက ဆရာမကြီးကတော့"

သော်တာ အကြည့်အတိုင်း လိုက်ကြည့်လိုက်ချိန်မှာတော့ စပ်ဖြီးဖြီးလုပ်နေတဲ့ စုသဲဖြူရဲ့မျက်နှာကြီးကိုပဲ မြင်လိုက်ရပါတော့တယ်။



## နိဂုံးနောက်ဆက်တွဲ (က)

"ငါ ဘာမှနားမလည်တော့ဘူး စုသဲဖြူ၊ ဘာတွေဘယ်လို ဖြစ်ကုန်တာလဲ"

စကားအဆုံးမှာ စုသဲဖြူတင် မဟုတ်ဘူး၊ အောင်ကိုနဲ့ ဝေဖြိုးတို့ပါ တခွီးခွီး ရယ်ကြတယ်။

ပြီးမှ စုသဲဖြူက ...

"ငါ ... ရုပ်ရှင်ရိုက်ဖို့ ဇာတ်လမ်းတစ်ပုဒ်ရေးနေတယ်ဟာ၊ ဖူးစာနဲ့ ပတ်သက်တဲ့အကြောင်းပေါ့ဟာ၊ အဲဒီမှာ ငါလည်း စဉ်းစားမိတာနဲ့ နင့်ကို အဓိကနေရာက သရုပ်ဆောင်နိုင်းလိုက်တာ"

"ဟင် ... ဒါဆို သန့်လျှင်က ဗေဒင်ဟောခန်းဆိုတာက ..."

"ဟုတ်တယ်၊ အဲဒီတုန်းက ငါ့ဇာတ်လမ်းကို ဒါရိုက်တာကိုအောင်ဇေ ရိုက်ဖို့အတွက် ရှုတင်ပြင်ဆင်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . အတုကြီးပေါ့"

"အေး"

ကျွန်တော် ဘာဆက်ပြောရမှန်းတောင် မသိတော့ဘူး။ ခေါင်းထဲမှာ အတွေးတွေ ရှုပ်ယှက်ခတ်သွားရင်း . . .

"ဟိုလေ . . . မလှလှမြင့်တို့၊ မီးလေးတို့၊ ဒေစီတို့ကရော"

စုသဲဖြူက ဟီးခနဲ ရယ်ပါတယ်။ ပြီး . . .

"သူတို့တွေက . . . ငါ ဒါရိုက်တာလုပ်မယ့် ရုပ်ရှင်ကားသစ်မှာ သရုပ်ဆောင်ဖို့ရွေးထားတဲ့ သရုပ်ဆောင်သစ်တွေလေ၊ သူတို့ ဘယ်လောက်ပီပြင်လည်း စမ်းကြည့်လိုက်တာ"

"ဟာကွာ"

ဒီဟာမ လုပ်လိုက်တာက ကျွန်တော်ခံစားရတာနဲ့တောင် မတန်ဘူး။ စိတ်ရှုပ်ထွေးစွာနဲ့ပဲ ထပ်မေးမိတယ်။

"ဒါနဲ့ . . . ရောမခေတ်က ဗေဒင်ဆိုတာက"

"အဲဒါကတော့ တကယ်ရှိခဲ့တာပါ၊ အဲဒါကို အခြေခံပြီး ငါ ဇာတ်ညွှန်းရေးလိုက်တာ"

"စုသဲဖြူရာ . . . နင် ဇာတ်လမ်းရေးတာက အကြောင်းမဟုတ်ဘူး၊ ငါ့မှာတော့ တိုင်တော်တော်ပတ်သွားတာ"

"အောင်မာ . . . နင် တိုင်ပတ်တာက နည်းနည်းပါ၊ ငါ့မှာတော့ ကားတွေငှားရ၊ ပြီးတော့ ဟိုသုံးယောက်အတွက်လည်း ပိုက်ဆံတွေ ကုန်လိုက်တာ မပြောပါနဲ့တော့၊ နင် . . . ခု ပြန်ပေး"

"ဘာလို့ပေးရမှာလဲ"

"မပေးရင် နေလေ၊ ဟိုမှာ သူတို့လာပြီ"

ကျွန်တော် လှမ်းကြည့်လိုက်ရင်ပဲ ဆံပင်တွေ ထောင်တက်ပြီး





မြီးညှောင့်ရိုးပါ တွန့်တက်သွားရတယ်။

ကျွန်တော်တို့ဆီ ပြေးလာနေတာက တခြားသူတွေတော့ မဟုတ်ဘူး။ မလှလှမြင့်၊ မီးလေးနဲ့ ဒေစီ။

ခံထားရတဲ့ စိတ်နဲ့ ကျွန်တော် ဟန်မဆောင်နိုင်တော့ဘူး။ ဘေးမှာရှိတဲ့ သော်တာ့လက်ကို ဆွဲပြီး . . .

"လာ သော်တာ . . . ကိုယ်တို့ ပြေးစို့"



www.burmeseclassic.com

www.burmeseclassic.com

## နို့ဂုံးနောက်ဆက်တွဲ (၈)

"သော်တာရယ် . . . ဒီကိစ္စတွေကို သိရဲ့သားနဲ့ ကိုယ့်ကို ဘာဖြစ်လို့ မပြောခဲ့တာလဲ"

"အာ . . . သော်တာလည်း အစတုန်းက မသိခဲ့ပါဘူး၊ ကိုရယ်, စုသဲဖြူရယ် ဆုံတော့မှ သိရတာ"

"ဒါဆို . . . စက္ကူငှက်ရုပ်တွေကရော"

"အဲဒါလည်း စုသဲဖြူ လာပေးထားတာပဲလေ၊ တကယ်လို့ ကို, မေးလာရင် နှင် ဒီလိုတွေပြောလို့ဆိုပြီး သော်တာကိုရော, မာလာကိုပါ သင်ပေးသွားတာ"

"ဟာကွာ"

တော်တော်ဆိုးတဲ့ စုသဲဖြူပဲ၊ ဒီစာရေးဆရာမကိုတော့ တော်တော်ကြောက်လာပါပြီ။





အရေးကြီးတာတစ်ခုကိုတော့ ကျွန်တော် မေးရသေးတယ်။

"ဒါနဲ့ . . . သော်တာနဲ့ကိုယ် စဆုံခဲ့တာ ဘယ်သူ့ပယောဂမှ မပါဘူး ပဲထားလိုက်၊ နောက်ပိုင်း သော်တာ ကိုယ့်ကို ချစ်ခဲ့တာက . . ."

သူက ရှက်စနိုးနဲ့ ပြုံးပါတယ်။

"အဲဒါကလေ . . . နောက်ပိုင်းမှာ သိခဲ့ရပေမယ့် ကို . . . ဟိုသုံးယောက်နဲ့ပတ်သက်ပြီး စိတ်ရှုပ်နေတာကြည့်ပြီး သနားလို့"

"ဒါပဲလား"

"အာ . . . ပြီးတော့ ချစ်လို့ပေါ့"

"ဟား ဟား . . . ဖူးစာဆိုတာ ဒါပဲထင်တယ်နော်"

လွတ်လပ်ပေါ့ပါးစွာနဲ့ ကျွန်တော် ရယ်လိုက်တော့ သူက နှာခေါင်းကလေး ရှုံ့ပါတယ်။

"ဟွန်း . . . ခုမှ ရယ်နိုင်တယ်မဟုတ်လား၊ ပြီးရင်တော့ ဖေဖေ့ကို တောင်းပန်ဖို့ ပြင်ထားတော့၊ သူ့သမီးကို မယူနိုင်ဘူးဆိုလို့ စိတ်ဆိုးနေတာနော်"

"ဟောဗျာ"



www.burmeseclassic.com

www.burmeseclassic.com

## နိဝုံးနောက်ဆက်တွဲ (၈)

**မောင်သူရိန်နေမင်း**

**နှင့်**

**မသော်တာလမင်း**

**တို့၏ မင်္ဂလာညည်ခံပွဲ**

သိပ်မကြာခင်မှာပဲ ပရိသတ်ကြီး မျှော်လင့်ထားတဲ့အတိုင်း ကျွန်တော်တို့ မင်္ဂလာဆောင်ကြပါတယ်။ နေနဲ့လ ခွဲအားချင်းပြိုင်ကြတာပေါ့ဗျာ။

ဪ . . . ပြောရဦးမယ်။ ဟိုကြောက်စရာကောင်းတဲ့ စာရေးဆရာမကလည်း ကျွန်တော်တို့ မင်္ဂလာဆောင်တဲ့နေ့မှာပဲ စာအုပ်တစ်အုပ် ဖြန့်တယ်ခင်ဗျ။

စာအုပ်နာမည်က သိတဲ့အတိုင်းပဲ။

ဖူးစာကွန်ရက် . . . တဲ့။

လေးစားစွာ

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်
မွန်းလွဲ ၁၂ နာရီ ၃၀ မိနစ်

/

## ထွက်ပြီးလုံးချင်းဝတ္ထုများ


၁။ ချစ်သူရေးတဲ့ ရည်းစားစာ (ဗွီဒီယို)

၂။ ချစ်သူဝှက်တဲ့ ခေတ်သစ်ဒေင်

၃။ ချစ်သူပြောတဲ့ ရည်းစားစကား (ဗွီဒီယို)

၄။ အပျိုစင် (ဗွီဒီယို)

၅။ ချစ်လို့ (ဗွီဒီယို)

၆။ အိပ်မက်အက်ဆေး

၇။ ဟန်းနီးမွန်း (ဗွီဒီယို)

၈။ ရုပ်ဆန်းဒေး (ဗွီဒီယို)


**ယ ခု လ**


၉။ ဖူးစာကွန်ရက်


www.burmeseclassic.com